www.burmeseclassic.com

ပီမိုးနင်း

# မိန်းမစိတ်ကျမ်း

BURMESE CLASSIC .com

စိန်ကဲရွှေကဲ
ဤနှစ်ကဲထက်
မိန်းမကဲခတ်
လွန်ခဲကတတ်၏



ကျော်အေးစာပေ

(ဆဋ္ဌမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်နှင့် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ချက်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပီမိုးနင်း

# မိန်းမစိတ်ကျမ်း

စိန်ကဲ ရွှေကဲ ကျွန်စ်ကဲထက်၊
မိန်းမကဲခတ် လွန်ခဲကတ်၏။

ပြည်လုံးကျွတ်ဖြန့်ချိရေး
ဒေါ်အေးတင် နှင့် သားများ
စကြာအေးစာပေ
၂၁၊ ၃၈ လမ်း၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် (၆၅/၉၇) (၁)
အဖုံးခွင့်ပြုချက်အမှတ် (၆၆/၉၇) (၂)
အကြိမ် – ဒုတိယအကြိမ်
၁၉၉၇–ခုနှစ်၊ မတ်လ
အုပ်ရေ – ၁၀၀၀

ထုတ်ဝေသူ.....ဦးကျော်ညွန့် (မြ–၀၂၅၅၁)
ပီ–မိုးနှင်းသားများစာပေ
မကျိုးကုန်း၊ ကန္တာလမ်း၊ သုံးဆယ်မြို့။

ပုံနှိပ်သူ...... ဒေါ်နွဲ့နွဲ့ရီ(၀၂၉၃၄)
မွင်ဦးပုံနှိပ်တိုက်၊
အမှတ်–၆၅၊ ၁၃–လမ်း၊
လမ်းမတော်၊ ရန်ကုန်မြို့။

မျက်နှာဖုံး... ဒေါ်နွဲ့နွဲ့ရီ (၀၂၉၃၄)
မွင်ဦးပုံနှိပ်တိုက်၊
အမှတ်–၆၅၊ ၁၃–လမ်း၊
လမ်းမတော်၊ ရန်ကုန်မြို့။

# သတိပေးကြေငြာချက်

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော စုံထောက်မဂ္ဂဇင်း ပိုင်ရှင်ဦးဆန်နီ၊ စကြာအေး စာပေမှ ဦးကံအေး၊ ပီမိုးနှင်း သားများ စာပေ၊ ဦးကျော်ညွန့်၊ ဆရာကြီးပီမိုးနှင်း ရေးသား ပြုစုခဲ့သော (မိန်းမ, စိတ်ကျမ်း) (ကာမ သိဒ္ဓိ) စာအုပ် အမျိုးမျိုးနှင့် ဗဟုသုတပညာပေး ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ဂဏန်းဗေဒင်၊ ဘာသာရေး၊ စုံထောက်ဝတ္ထု၊ သူ့ရဲကောင်း စွန့်စားခန်းစာအုပ်များနှင့် စာတိုပေစအမျိုးမျိုးတို့ကို ပြုစု ရေးသားခဲ့ပါသည်။ ၎င်းစာအုပ်များကို ဦးဆန်နီတင်ဝင်း ပုံနှိပ်တိုက်မှ ရိုက်နှိပ်ခဲ့ပြီး ဒေါ်အေးတင် နှင့်သားများ စကြာအေးစာပေမှ ဖြန့်ချိလျက်ရှိပါသည်။ တစ်ဦးတစ် ယောက်က ဆင်တူရိုးမှားပုံတူကူးယူခြင်း၊ ရိုက်နှိပ်ခြင်း၊ ဖြန့်ဝေခြင်းတွေ့ရှိပါကလက်ရှိတရား ဥပဒေအရ တရား စွဲဆိုသွားမည်ဖြစ်ကြောင်း ကြေငြာအပ်ပါသည်။

သို့မဟုတ် ပုံတူကူး၍ပုံနှိပ်ခြင်းတွေ့ရှိပါက တရားစွဲဆို နိုင်သည်အထိ လျှို့ဝှက်သတင်းပေးပို့ပါက ထိုက်ထိုက် တန်တန် ဆုချီးမြှင့်ပါမည်။

ဦးမင်းဆွေ (အိအေအာရ်အယ်လ်)
ဗဟိုတရားရုံးရှေ့နေ
မှတ်ပုံတင်(၁၇၇၀)
အခန်း ၁၃ (၃၄)ပန်းဆိုးတန်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ပြည်လုံးကျွတ်ဖြန့်ချိရေး
ဒေါ်အေးတင် နှင့် သားများ
စကြာအေးစာပေ
၂၂၄၊ ၃၈ လမ်း၊ ရန်ကုန်မြို့

ဆရာကြီးပီမိုးနင်း ရေးသားပြုစုခဲ့သော
(ပညာပေးကျမ်းစာအုပ်များ)

| | |
|---|---|
| လူဖို့လမ်းညွှန် | သားဂုဏ်ရည် |
| ဒဖို့လမ်းညွှန် | သမီးဂုဏ်ရည် |
| အချစ်လမ်းညွှန် | ဇွဲတရား |
| အချစ်သုတ္တရ | လောက်လမ်းညွှန် |
| အချစ်ဖြတ်လမ်း | လူမှုရေးရာ |
| ချစ်မှုရေးရာ | တရင်းမငိုက် လေထိုးလိုက် |
| လူဖြစ်နည်းတက်လမ်း | မိန်းမစိတ်ကျမ်း |
| အာဂလူ | ကာမသိဒ္ဓိကျမ်း |
| တကယ်လူချွန် | ကိုယ်သူ့ကိုယ်ချွန် |
| လူပေါ်ကလူ | မေသူကျော့သွား သိသူဖော်စား |
| စိတ်ထန်နိုးကျမ်း | ဟင်ကျပန်ကျ |
| ဘဝတိုက်ပွဲ | ကမ္ဘာအလင်းနှင့် လောကမျက်မှန် |
| နီတိကြီးပွားရေးလမ်းညွှန် | သုခချမ်းသာစိတ်ပညာ |
| စကားပြောဟောနည်း | ကမ္ဘာ့သယစိတ်ပညာ |
| ထိုးတက်အောင်မြင်ကြီးပွားလိုလျှင် | အောင်စိတ် |
| ကြီးပွားအောင်မြင်ခြင်း | ထူးချွန်ရေး |

BURMESE CLASSIC .com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ယောက်ျားနှင့်ခြားနားပုံ | ၇ |
| ၂။ | ကာမစိတ် | ၁၃ |
| ၃။ | ရှုံးခြင်း | ၁၉ |
| ၄။ | နက်နဲသောစိတ် | ၂၂ |
| ၅။ | မိန်းမက စ,သလား | ၂၅ |
| ၆။ | အရွယ်မရောက်သူကလေးများ | ၂၈ |
| ၇။ | မိန်းမကြီးများ | ၃၀ |
| ၈။ | လင်ရှိမယား | ၃၃ |
| ၉။ | မျက်နှာစိမ်းနှင့် လူမျိုးကွဲ | ၄၀ |
| ၁၀။ | မိန်းမအချင်းချင်း | ၄၃ |
| ၁၁။ | အချစ်ဖွဲ့ | ၄၅ |
| ၁၂။ | အချစ်၏အား | ၄၆ |
| ၁၃။ | ရှုတ်ချခြင်း | ၄၇ |
| ၁၄။ | ဒိန်းဒလိန်းနတ် | ၅၀ |
| ၁၅။ | အဘယ်ပုံတိုက်မည်နည်း | ၅၂ |
| ၁၆။ | သူ့မယားကို အောင်သွယ်ခိုင်းခြင်း | ၅၃ |
| ၁၇။ | အသိခေါက်ခေါက် အဝင်နက် | ၅၆ |


www.burmeseclassic.com

www.burmeseclassic.com

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | တွေ့မရှောင် အချောင်စိတ် | ၅၉ |
| ၁၉။ | အရှက်အကြောက် | ။ |
| ၂၀။ | အသိဉာဏ်ပညာ | ၆၀ |
| ၂၁။ | စိတ်ကိုချုပ်တည်းခြင်းနှင့် ကိုယ်ကျင့်တရား | ၆၁ |
| ၂၂။ | ယောကျ်ားနှင့်မိန်းမ | ၆၅ |
| ၂၃။ | လင်နှင့်မယား | ၆၇ |
| ၂၄။ | မိန်းမ၌ရှိသော ယောကျ်ားစိတ် | ၆၈ |
| ၂၅။ | သစ္စာဖောက်ခြင်း | ၇၂ |
| ၂၆။ | **အပျော်စိတ်** | ၇၅ |
| ၂၇။ | **လက်ဝတ်လက်စား** | ၇၈ |
| ၂၈။ | **မိန်းမနှင့်မုသား** | ၈၃ |
| ၂၉။ | **ခွဲအောင်ပေါင်းနည်း** | ၈၈ |
| ၃၀။ | **အဘာယ်ပုံမျိုးရမည်နည်း** | ၉၁ |
| ၃၁။ | အနေအထား | ၉၃ |
| ၃၂။ | မြန်လွန်းသူများ | ၉၈ |
| ၃၃။ | ဆန္ဒမီး | ၁၀၀ |
| ၃၄။ | မချမ်းသာသောစိတ် | ၁၀၃ |
| ၃၅။ | ဘာဖြစ်တာလဲ | ၁၁၀ |
| ၃၆။ | ငြီးငွေ့ခြင်း | ၁၁၄ |
| ၃၇။ | နတ်မကြိုက် | ၁၁၉ |



## ယောကျ်ားနှင့် ခြားနားပုံ

BURMESE CLASSIC .com

မိန်းမစိတ်သည် လွန်စွာ အသိခက်၏။ မိန်းမအကြောင်းကို သိသည်ဟု ပြောသူတို့သည် သိစရာ အပုံပေါင်း ရာထောင်ပုံမှ တစ်ပုံမျှ သိသည်ကို အသိအမှတ်တင်၍ နေကြသူများ ဖြစ်ကြ၏။

ကျွန်ုပ်တို့ကိုယ်တိုင် လူ့ကျမ်းကို ရေးရာ၌လည်း မိမိကိုယ်ကို မိန်းမစိတ်အကြောင်းဆိုင်ရာ အသိ၌ ပါမောက္ခတစ်ဆူ ဖြစ်သည်ဟူသော စွဲမှတ်ခြင်း မရှိ၊ မိမိ သိသလောက်မျှသာ ရေးသားဖော်ပြခြင်း ဖြစ်၏။

မိန်းမစိတ်အကြောင်းကို သိဖို့ရန် လူ၏ စိတ်အကြောင်းဆိုင်ရာ ဆိုင်ကိုလိုဂျီ စိတ်ပညာကို တတ်သိ နားလည်ဖို့ လိုပေသည်။ အကြောင်းမူကား မိန်းမလည်း လူပင်ဖြစ်ရာ မိန်းမစိတ်သည် လူ့စိတ်ပင် ဖြစ်၏။

"ယောကျ်ားစိတ်နှင့် မိန်းမစိတ်တို့မှာ ဇာတိအားဖြင့် ခြားနားခြင်း မရှိ၊ အတိမ်အနက်၊ အပေါ့အလေး၊ အသေးအကြီး စသည့် အပေါ်ယံမျှဖြစ်သော စိတ်၏ အခြေအနေ၌သာ မတူ ကွဲပြား ခြားနားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမမှာ ယောကျ်ားကဲ့သို့ မာနရှိ၏။ သို့သော်လည်း စိတ်နုခြင်းကြောင့် ယောကျ်ားထက် မာန ပို၍ကြီးတတ်ခြင်းသာ ခြားနားလေသည်။ တစ်နည်းအားဖြင့် ဆိုရန်ကား မိန်းမစိတ်၊ ယောကျ်ားစိတ် ခြားနားခြင်းသည် သဘာဝနှင့်မဆိုင်၊ ပမာဏနှင့်သာ ဆိုင်သည်ဟု ဆိုအပ်ပေသည်။

ကျွန်ုပ်တို့ မြန်မာလူမျိုးတို့သည် မိန်းမကို အယုတ်မျိုးဟု ပုံသေစွဲမှတ်၍ ထားကြ၏။

သို့စွဲမှတ်၍ ထားခြင်းမှာ အခြားကြောင့် မဟုတ်။ မိန်းမများကို နိုင်လိုမင်းထက် ပြုလိုသောစိတ်ကြောင့် ဖြစ်၏။

ထိုအယူသည် ကုလားလူမျိုးထံမှ ရရှိသော အယူဖြစ်ရာ ယောကျ်ားများက ထင်သလို လွတ်လပ်စွာနေကြလျက် မိန်းမများအား အိမ်တွင်းပုန်းပြု၍ အကျဉ်းထောင်၌ ထားသလို ထားကြခြင်း၊ 'ယောကျ်ားကောင်း မောင်းမတစ်ထောင်' ဟူသော စကားအတိုင်း မိန်းမများကို ယောကျ်ားများယူခြင်း၊ မုဆိုးမများ နောက်ယောကျ်ား ယူလျှင် မိန်းမယုတ်ဟု စွဲဆိုခြင်း၊ မိန်းမမှာ အပြစ်တစ်ခုရှိလျှင် အလွန်ကြီးလေးသောဒဏ်ကို ခံကြရခြင်း၊ မိန်းမများမှာ ကြီးလေးသောဒဏ်ကို ကျရောက်စေသော ကျူးလွန် မှားယွင်းခြင်းမျိုးကို ယောကျ်ားများမှာ အပြစ်ဒဏ် ကင်းမဲ့စွာ ပြုကျင့်ကြခြင်းများကို ထောက်ခြင်းအားဖြင့် မိန်းမများအပေါ်၌ အနိုင်ကျင့်လိုသော စိတ်၊ ယောကျ်ားများ ကာမအရာ၌ ထင်သလို လိုက်စားလိုသော စိတ် အရင်းခံကြသဖြင့် မိန်းမကို ရှုတ်ချနှိမ်နင်းလိုသော အစဉ်အလာ ဖြစ်ပေါ်လာကြောင်း သိနိုင်လေသည်။

လင်သေလျှင် မယားလိုက်သေရသော အိန္ဒိယ ထုံးစံသည်လည်း "ငါသေသွားရင် ငါ့မယား အချော အလှကလေးကို



ကာလသား လူပျိုတစ်ယောက်ဆက်ခံယူပြီး အပျော်ကြီး ပျော်နေရချည့်ရဲ့၊ ငါက အဘိုးအို၊ ဟိုဟာကလေးတွေက သန်သန်မာမာ နုနုပျိုပျို၊ ငါသေလို့ ငါ့မိန်းမ သူတို့လို ဟာကလေးတွေနှင့် မကြာမီ ထွေးလုံးရစ်ပတ် ကွေးကုန်းညှစ်ညှပ်ကာ ပေါင်းသင်း ရချေက ငါ့ကို မေ့မှာပါတကား" စသည့် မခံချင်သောစိတ်မျိုး အရင်းခံရှိခဲ့ဟန် တူလေသည်။

သို့ဖြစ်လေရာ ယောကျ်ားများ တစ်ကိုယ်ကောင်းစိတ်နှင့် ထင်သလို အုပ်စိုး ဥပဒေ စည်းကမ်းအမျိုးမျိုးတို့နှင့် ချုပ်ချယ်လိုကြခြင်းကြောင့် အားငယ်နုနယ်သော မိန်းမများကို အယုတ်မျိုးဟု ဆိုကြလေသည်။

အဘယ့်ကြောင့်မူကား ဥပဒေစည်းကမ်းထားခြင်းသည် အပြစ်ရှိမှ ဖြစ်နိုင်လေရာ ယောကျ်ားများ စိတ်ကြိုက် ဥပဒေစည်းကမ်းများကို မိန်းမများအပေါ်၌ ထားလိုသောကြောင့် မိန်းမများအပေါ်၌ အပြစ်ရှာကာ အယုတ်မျိုးဟု စွပ်စွဲကြခြင်း ဖြစ်လေသည်။

'မိန်းမဖျက် ပြည်ပျက်' ဟူသော စကားရှိ၏။ ယောကျ်ားတွေ ဖျက်သောကြောင့် ပျက်သော တိုင်းပြည်ပေါင်းသည်ကား အဘယ်မျှလောက် များခဲ့သည်ကို လူမျိုးဟူသမျှ ရာဇဝင်များကို ဖတ်ခြင်းဖြင့် သိနိုင်လေသည်။

ထိုကဲ့သို့ အစဉ်အဆက်မိန်းမများကို အယုတ်မျိုးဟု စွဲမှတ်ယုံကြည်ပြုမူခဲ့ကြခြင်းကြောင့် မိန်းမများမှာလည်း ယောကျ်ား၏ အစွဲနှင့်ညီညွတ်အောင် ကျင့်ကြံလေရာ အဟုတ်တကယ် အယုတ်မျိုးကဲ့သို့ ဖြစ်၍ လာရလေသည်။

မိန်းမများ၏ စိတ်၌လည်း သင်းတို့က ငါတို့ကို အယုတ်မျိုးဟု ပြောကြ၏။ ငါ ဤစကားကိုပြောလျှင် ဝန်လေးမည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ပြုလျှင် အရေးမကြီး၊ မိန်းမမို့ ဤသို့ပြုတာပဲဟူသော အစွဲသည် မသိမသာ စွဲ၍နေ၏။

ထိုအစွဲသည် မိန်းမများကို တဖြည်းဖြည်းတိုး၍ မရင့်စေဘဲ တဖြည်းဖြည်း နုသည်ထက်နုအောင် အားပေးသော အစွဲဖြစ်၏။

ထို့ပြင် မိန်းမများမှာ အနုမျိုးဖြစ်သောကြောင့် အိမ်အပြင် (ဝါ) မှအပြင်သို့ထွက်ကာ ပရိယေသန ဝမ်းစာအတွက် ရှာကြံလုပ်ကိုင်ခွင့် မရကြပေ။ သို့မရခြင်းဖြင့် အတွေ့အကြုံနည်းပါးကြ၍ အတွေ့အကြုံနည်းပါးပါက အပြင်အလုပ်ကို လုပ်ရသည့်အတွက် အတွေ့အကြုံများသော ယောကျ်ားများလောက် အသိ အလိမ္မာကြီးမားနိုင်မည် မဟုတ်ပေ။

သို့အတွက် ယောကျ်ားများက ဥပဒေစည်းကမ်းများကို လုပ်ကြ၏။ ထိုအခါ ယောကျ်ားများသည် ခွန်အားဗလအားဖြင့် မိန်းမများကို လွှမ်းမိုးနိုင်သူများလည်း ဖြစ်သဖြင့် မိမိတို့စိတ်ကြိုက် ဥပဒေများကို လုပ်ခဲ့ကြလေသည်။

စည်းကမ်းဥပဒေများရှိက စည်းကမ်းဥပဒေကို ကျူးလွန်သူများ ပေါ်ပေါက်ကြ၏။ ထိုကဲ့သို့ ကျူးလွန် ပေါ်ပေါက်ကြသော အခါ ကျူးလွန်သော မိန်းမများကို ဆိုးယုတ်ခြင်း၏ နမူနာ စံတင်ကာ မိန်းမဟူသမျှအပေါ်၌ အပြစ်ကို ဖို့ကြလေသည်။

ထို့နောက် အရှေ့တိုင်းသားတို့ ထုံးစံအတိုင်း အစဉ်အလာ မှန်က အကောင်းချည်းမှတ်ယူကာ သင့် မသင့်၊ တော် မတော်၊ လျော် မလျော်၊ မှန် မမှန်၊ ဟုတ် မဟုတ်၊ မစဉ်းမစား၊ ရှေးလူကြီးများရေးခဲ့သော ကျမ်းစကားများကို မမှားနိုင်သော ပရမတ္တသဘောတရားကဲ့သို့ လိုက်နာကာ တစ်ဆင့်မှတစ်ဆင့် ရှေးကမှတွေကိုသာ အမှားခတ်၍ ရေးသားခဲ့ကြရုံမက "ခွေးထီးလောက်မှမမြတ်" ဟူသော စကားကဲ့သို့ပင် ရောက်ခဲ့လေသည်။



မန်လည်ဆရာတော်၏ မဃဒေဝပျို့၌လည်း မိန်းမ မကောင်းကြောင်းကို အများကြီးရေး၏။ မိန်းမ မကောင်းကြောင်းတို အများကြီးရေးလျှင် မိန်းမအကြောင်း နားလည်လှပြီဟု မှတ်ထင်တတ်ကြလေသည်။

မကောင်းဟူသမျှကို စုပုံ၍ ရေးခြင်းသည် ဝါးလုံးရှည်နှင့်ရမ်းခြင်းမျိုးဖြစ်ရာ အသိနှင့်ရေးခြင်းမျိုး မဟုတ်။ ရှေးစာတွေကို ခံယူကာ အရမ်းမဲ့တင်လှုတ်ခြင်းသာ ဖြစ်လေသည်။

ယခုခေတ်ကာလစံနစ်အတိုင်း မိန်းမများ၏အဆင့်အတန်းကို တစ်စတစ်စ ပြန်၍မြင့်ကြချေက နှစ်ပေါင်းထောင်သောင်းမကသော အခါမှစ၍ အနိမ့်ခံခဲ့ရသောမိန်းမတို့မှာ နှစ်ပေါင်းထောင်သောင်းမက ဆက်လက် သက်ဆင်းကျရောက်ခဲ့သည့် အခြေအနေမှ နှစ်ပေါင်း ကိုးဆယ်တစ်ရာအတွင်းမှာ ပြန်၍ မြင့်တက်ကြဖို့ ရှိ၏။

'ပျက်လျှင်အစဉ် ပြင်လျှင် ခဏ' ဟူသော စကားအရ နှစ်ပေါင်း ထောင်သောင်းမက အဖျက်ခံခဲ့ရသောကြောင့် ပျက်၍နေသော မိန်းမများမှာ ခဏပင် ပြန်၍ကောင်းအောင် မပြုပြင်နိုင်၏။ နှစ်ပေါင်းထောင်သောင်းမက မြေအောက်၌ ကျောက်ကြမ်းသားကျောက်ရိုင်းသားတို့နှင့် လွှမ်းအုပ်ခြင်း ခံ၍နေရသော မိန်ကျောက်ပတ္တမြားသည် ခဏမျှ သွေးသဖြင့် အရောင်တောက်၍ လာနိုင်၏။ မိန်းမသည် အဖိုးမဖြတ်နိုင်သော ကျောက်မျက်ရတနာ ဖြစ်၏။ ယောကျ်ားများက နှစ်ပေါင်း ထောင်သောင်းမက မိန်းမကို ယုတ်နိမ့်အောင် လုပ်ခဲ့ကြသည့်အတွက် မသိမလိမ္မာခြင်း စိတ်သဘောနုခြင်း အကာ အမှေးတွေအောက်၌ အလင်းရောင် ပျောက်၍နေ၏။ ယခု တိုးတက်သောခေတ်၌ ကျောက်နံ့ပေါ်၌

www.burmeseclassic.com

www.burmeseclassic.com



တင်၍သွေးလျှင် အဘယ်အတွက် ကျက်သရေ အရောင်အဝါ မထွက်ဘဲ နေနိုင်ပါမည်နည်း။

သို့ဖြစ်လေရာ မိန်းမစိတ်အကြောင်းနှင့်ပတ်သက်၍တစ်ထစ်ချ ပုံသေမှတ်ဖို့ရန် တစ်စုံတရာမျှ မရှိ။ မိန်းမစိတ်ကား အဘယ်လိုဟု ပုံသေရေးချေက တိုးတက်သောခေတ်၏ သက်တမ်းအားလျော်စွာ ပြောင်းလဲကြမည် ဖြစ်သော မိန်းမများလည်း ပေါ်ပေါက်၍ လာမည်ကား မုချဖြစ်၏။ ရှေးပညာရှိတို့၏ စကားများ မှားခဲ့သည့် နည်းမျိုးအတိုင်း ကျွန်ုပ်တို့၏ စကားများသည်လည်း နောင် နှစ်ပေါင်း အစိတ်၊ သုံးဆယ်ကြာသောအခါ အမှားတွေဖြစ်၍ နေဖို့သာ ရှိလေသည်။

သို့ဖြစ်လေရာ မိန်းမစိတ် အဘယ်ပုံရှိသည်ဟု တစ်မျိုး တစ်မည် ပုံပြသဖို့ မရှိ။ 'ကိုယ်နှင့်နှိုင်း မရိုင်း' ဟူသော စကား အရ မိန်းမစိတ်သည်လည်း ယောကျ်ားစိတ်နှင့် မခြားနား။ အထက်ဖော်ပြခဲ့သည့်အရ သဘာဝတူ ပမာဏနည်းပုံကိုသာ ဆင်ခြင်ပါ။ အကြင် မိန်းမတစ်ယောက်၏စိတ်ကို စုံစမ်းလိုက ပညာတတ်သော မိန်းမလား၊ မတတ်သော မိန်းမလား၊ အားလျှင် စာဖတ်သော မိန်းမလား၊ သန်းတုတ်ကာ အတင်းပြောတတ်သော မိန်းမလား၊ သီလ သီတင်း ဥပုသ်နှင့်နေသော မိန်းမလား၊ အေစီအချောင် ရာဂမီးလောင်နေသော မိန်းမလား၊ အပျိုကညာ လား၊ တစ်ခုလပ် မုဆိုးမလား၊ လင်ရှိမယား လားဟူသော အကြောင်းများကို ပေါင်းရုံး ဆင်ခြင်အပ်ကြလေသည်။

အခန်း ၂

## ကာမစိတ်

သတင်းစာများ၌ မုဒိမ်းမှု၊ အတင်းအဓမ္မ တောထဲကြံစည်မှု၊ အိမ်ရာကို တိတ်တဆိတ်ဝင်ကာ အတင်း ကြမ်းမှုတွေ မကြာမကြာ ကြားရလေသည်။

ဥရောပတိုင်းများ၌ လင်မယားကွာမှု၊ သစ္စာဖောက်မှုများ၊ မိန်းမကို ယောကျ်ားများက အတင်းအဓမ္မ ကြံစည်သော အမှုမျိုးများကို များစွာမကြားရချေ။ အဘယ်အတွက်ကြောင့်နည်း။

မြန်မာလူမျိုးများသည် မိန်းမအကြောင်းနှင့် ပတ်သက်၍ ရေးသားသော စာများကို ယုံကြည်ကြလျက် မိန်းမဆိုသည်မှာ ကာအေရာ၌ အဘယ်အခါမျှ အလိုမပြည့်၊ အမြဲတောင့်တလျက် သာ နေကြသည်။ ဆိတ်ကွယ်ရာ၌ ယောကျ်ား သွေးဆောင်လျှင် ဝါမြဲဖြစ်သည်။ အရှက်အကြောက်ကြီးသည့်အတွက် မပါလျှင် လည်း ယောကျ်ားက အတင့်ရဲ၍ အမိအရ ကြံချေက ထမြောက် သောအခါ၌ သဘောကျကာ အချစ်ဝင်ပြီး နှစ်ချင်သလို နှစ်ခွင့် ပေးကြသည်ဟူသော အယူလွဲမှားသော အစွဲကြောင့် ပစ်စွေ၌ ရမ်းကြရာ နောက် မှန်းခြေ မကိုက်သဖြင့် မကြာမကြာ ဥသြ လက်သို့ ရောက်ကြရလေသည်။

www.burmeseclassic.com



မြန်မာလူမျိုးတို့၏ စိတ်၌ မိန်းမများသည် ကာမဂုဏ်အရာ၌ ယောကျ်ားများထက် များစွာ ပိုမို လွန်ကဲသည်။ အများအားဖြင့် ကျေနပ်သည်ဟူ၍ မရှိ။ အမြဲလိုပင် တောင့်တ၍ နေကြသည်ဟု အယူရှိ၏။

မန်လည်ဆရာတော်၏ မဃဒေဝပျို့၌လည်း မိန်းမများသည် ကာမဂုဏ်ကိစ္စ၌ အဘယ်မျှ အာသာမပြေကြောင်း အတော်ပင် ကြမ်းတမ်းစွာရေး၍ ထား၏။ မန်လည်ဆရာတော် ရေးသော ကြောင့်သာ ကြမ်းသည်ဟု ကဲ့ရဲ့ခြင်း မပြုဘဲ နေကြသလား မသိရပေ။

ထိုစာမှာ ကြမ်းလည်းကြမ်း၏။ ရမ်းလည်းရမ်း၏။ မှန်လည်း မမှန်။ မိန်းမများကိုသာ နိမ့်သော အခြေအနေသို့ရောက်အောင် ရေးသော စာဖြစ်သည်။

အကြောင်းမူကား မိန်းမများသည် ယုတ်သည်ဟူသောစကား မှာ မိန်းမမို့ယုတ်သည် အပြစ်ဆိုစရာမရှိ။ မိန်းမဆိုတာ ဒီလိုပဲ ဟူသော စကားမျိုးဖြစ်ရာ အယုတ်တန်း၌ ကျေနပ်၍ နေအောင်၊ တိုး၍ ကောင်းအောင်၊ မြတ်အောင်၊ မကြိုးစားချင်အောင် လုပ် သော မှားယွင်းသော စကားဖြစ်လေသည်။

မိန်းမသည် ကာမဂုဏ် စိတ်အရာ၌ ယောကျ်ားများနှင့် မတူပေ။ ယောကျ်ားမှာ အခါမရွေး ဤအလုပ်ကို အသစ်မြင်တိုင်း လိုလား၏။

မိန်းမများမှာလည်း ထိုစိတ်သည် အမြဲရှိသည်ကား မှန်၏။ သို့သော်လည်း အမြဲအားဖြင့် ယောကျ်ားများလို မာန်ပိ၍ နေသည်မဟုတ်။ တက်လျှင် တစ်ကြိမ်၊ နှစ်ကြိမ်သာ ထိထိ ရောက်ရောက် စိတ်ပေါ်ပေါက်ကြလေသည်။



ထိုအခါ၌ မိမိကိုယ်ကို အခါတိုင်းထက်ပို၍ ဂရုစိုက်တက် ကြ၏။ ဆင်ယင်တတ်၏။

အကယ်၍ လင်ရှိမိန်းမများဖြစ်ချေက အိပ်ရာ၌ ၎င်းတို့ကပင် စတင်တတ်လေသည်။

ထိုအခါမျိုး၌ လိမ္မာသော ယောကျ်ားသည် အလိုကို အစွမ်း ကုန်ဖြည့်ရာ၏။ ထိုအခါမျိုးမှာ နှစ်ရက်၊ သုံးရက် ကြာတတ်၏။ ထိုကဲ့သို့ အခါမျိုး၌ အလိုမပြည့်ဝ။ မိမိတို့ မလိုလားသောအခါ၌ သာ ပေါင်းသင်းခြင်း ခံကြရသဖြင့် စိတ်လက်မကျေမချမ်း ဖြစ်၍နေသော မိန်းမတွေ အသချေနှင့် အနန္တ ရှိကြ၏။ အကြောင်း မူကား ယောကျ်ားများသည် ဤအရာ၌ မိမိတို့၏ အလိုကိုသာ သိကြ၍ မိန်းမ၏ အလိုကိုကား အမှတ်မဲ့နေတတ်ကြလေသည်။

"နေ့လေး၊ ညဥ့်ခြောက် ပုန်းတွတ်ပြီးတစ်" ဟူသော စကား သည် ထိုအခါမျိုးနှင့် များစွာ သင့်လျော်၏။ သို့တည်းမဟုတ် ယောကျ်ားသည် စိတ်ဖြင့်လည်းကောင်း၊ ခေါ်ဖြင့်လည်းကောင်း၊ ထိုမှတို ကြာနိုင်သမျှ ကြာအောင် ကြိုးစားနိုင်လေ နှစ်ဦးနှစ်ဝ အကျိုးရှိလေလေ ဖြစ်၏။

နေ့အခါကို နှုတ်မကြိုက်၊ လာဘ်တိတ်သည်ဟု ပြောကြ၏။ ဤအရာ၌ အဘယ်အခါမှ ရွေးချယ်၍ နေဖို့မလို။ ကျန်းမာ လတ်ဆတ် စိတ်လက်ကြည်လင် ပေါ့ပါး အားခွန်ပြည့်ဝသည့် အခါမှန်က အဘယ်အခါမဆို ကောင်း၏။

အိပ်မှုန်စုံမွှား စိတ်မပါ့တပါ သွားလာရင်း ငိုက်ပြီး မူးရှုလျှင် ဖြစ်သည့် အခါမျိုးသည်လည်းကောင်း၊ နေ့ထိုင်မကောင်းသည့် အခါ ဝမ်းဗိုက်၌ အစာတွေပြည့်ကျပ်၍နေသည့် အခါမျိုးသည် သော်လျှင် အကျိုးယုတ်စေတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့သောမိန်းမများမှာ ယောက်ျားရပြီး ယောက်ျား၏ အလိုကိုသာ ကောင်းမှန်း ဆိုးမှန်းမသိဘဲ လိုက်ကြရသဖြင့် သားသမီးပင်ရစေကာမူ အကောင်းကို မသိ၊ ယောက်ျားယူခြင်းသည် ကလေးမွေးဖို့သက်သက်ဖြစ်လေသည်ဟူ၍ပင် မှတ်ထင်ကြလေသည်။

အကြောင်းမူကား အခါမဟုတ်သည့်အခါ ယောက်ျားဖြစ်သူက တစ်ကိုယ်ကောင်းပြုပြီး မိန်းမမှာ လိုလားသည့်အခါ၌ကား ဆောင်ရွက်၍ မပေးချေ။

အချို့သောမိန်းမများမှာ အတွင်းအင်္ဂါအစိတ်အပိုင်းတစ်ခုခုက ချွတ်ယွင်းသောကြောင့် ပေါင်းသင်းရာ၌ အကောင်းအဆိုးကို မသိကြချေ။

အချို့မှာအရှက်အကြောက်ကြီးလွန်းသည့်အတွက် ယောက်ျားရပြီးသည့်အခါ၌ပင် ယောက်ျား၏ သွေးဆောင်ရာသို့ မပါဘဲ လပေါင်းများစွာ ခုခံငြင်းဆန်၍ နေတတ်ကြလေသည်။

၎င်းပြင် မိန်းမများသည် ဤအရာ၌ လူကိုလည်း ရွေးချယ်တတ်၏။ အချို့သောယောက်ျားအပေါ်၌ ဤစိတ်မျိုးကို မထား။ ထား၍လည်း မရ။ သို့ဖြစ်သောကြောင့် လူကြီးမိဘ ပေးစားသော ယောက်ျားနှင့် အတူမနေနိုင်။ နေလိုသောစိတ် မရှိသဖြင့် ဖြစ်လိုရာဖြစ် ဟူသော စိတ်နှင့် ပြေးတတ်ကြလေသည်။

ဤကဲ့သို့ လူကြီးများပေးစားသော ယောက်ျားကို မပေါင်းနိုင်ခြင်းမှာ လင်ယောက်ျား အရုပ်ဆိုးသောကြောင့်လည်း မဟုတ်။ ဆိုးသွမ်းခြင်းကြောင့်လည်း မဟုတ်။ မြန်မာ့အယူအရ ရေစက်မဆုံသောကြောင့်ဟု ဆိုလေမလား မသိရချေ။ အချို့ယောက်ျားမှာ ယျောမောသားနားပါလျက် ၎င်းယောက်ျားအပေါ်၌ စိတ်ကို မထားနိုင်။ သို့ဖြစ်သောကြောင့် ဘယ်သူ့ကိုဖြင့် ‘စာမလိပ်မှူး’ဟု ပြောကြသည်မှာ အခါအားလျော်စွာ အမှန်ဖြစ်လေသည်။



အချို့သော မိန်းမများသည် နေ့အချိန်မှာသာ ဤစိတ်ပေါ်၍ ညဉ့်ဘက်၌ ထိုစိတ်ပျောက်ကွယ်၍ နေတတ်ကြလေသည်။

၎င်းပြင် ပေါင်းသင်းရာတွင်လည်း မသိသူများက မိန်းမ၏ အင်္ဂါစိုစွတ်သည်ကို ဓမ္မတာကိစ္စ ပြီးသည်ဟုပင် မှတ်ထင်ကြ၏။

ဤကဲ့သို့ စွတ်စိုခြင်းသည် ကိစ္စပြီးသဖြင့် မြစ်ငယ်ငါးရာ၏ ရေအဟုန်သည် သမုဒ္ဒရာကိုဆင်းသလို အကြောပေါင်းတစ်ထောင်၏ ဝေလှုံပေါက်ကွဲ ကာမစိတ် စိုရွှဲခြင်းမဟုတ်။ မွန်မြတ်သန့်ရှင်း၍ မင်္ဂလာရှိသော ဤဝေယျာဝစ္စ အလုပ်ကြမ်းတမ်းနာကျင် ပူလောင်မွန်းပဲ့ခြင်း မဖြစ်စေရအောင် ဓမ္မတာသဘောတရားအတိုင်း ဖြစ်ပေါ်သည့် ဆီကြည်မျှ ဖြစ်လေသည်။ ဤကား မီးရထားပစ်(စ်)တန်အား တစ်ခု၌ ဆီထိုးသော နည်းမျိုးပေတည်း။

မယားကျေနပ်အောင် ဆောင်ရွက်ရသော မွန်မြတ်သည့် ဝေယျာဝစ္စအလုပ်၌ ယောက်ျားသည် တစ်ကိုယ်ကောင်းစိတ်ကို မထားအပ်ပေ။ အတော် အပင်ပန်းခံရလေသည်။

တစ်ကိုယ်ကောင်း မိမိကိစ္စပြီးလျှင် ပြီးသည်ဟု မှတ်ထင်ကာ ကိစ္စကို မြန်စွာပြီးအောင် လုပ်သည့်အခါ မိန်းမမှာ မပြီးဘဲ နေတတ်လေသည်။

မြန်မာလူမျိုး မိန်းမများသည် ဤကိစ္စ၌ ကိုယ်တိုင် လှုံ့ဆော်ကိုများစွာမစိုက်။ လှုံ့လစိုက်လျှင် ယောက်ျားဖြစ်သူ၏ စိတ်၌ အထင်လွဲခြင်းဖြစ်မှာကို စိုးသည့်အတွက် ငြိမ်သက်စွာနေ၏။

ယောက်ျားမှာ မိမိသဘောရှိ စိတ်အကြိုက်ကို ရောက်အောင် အနည်းနည်း ကိုယ်ကျိုးကို ဆောင်သဖြင့် အပြီး မြန်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမျှမက ထိုကိစ္စကို မြန်သည့်ထက်မြန်အောင် ကြံဆောင်ကာ မိမိအထက်က မြင်ဖူး၊ တွေ့ဖူး၊ ကြုံဖူး၊ မကြုံဖူးသော အာရုံတို့ကို ထင်မြင်သဖြင့် မြန်ချင်တိုင်း မြန်ကြလေသည်။

မိန်းမကား ထိုကဲ့သို့ ကံကို ဆောင်သူများမဟုတ်။ ငြိမ်သက်စွာ ခံယူသူများဖြစ်ရာ ယောကျ်ားလုပ်ရှားသည့် အချက်တိုင်း ၎င်း၏ မနောမှာ မခွေ့၊ သဘောနှင့်မတွေ့သော အချက်တွေသာများပြီး တီးကွက် ဟာသောကြောင့် တစ်ကြောင်း၊ ၎င်းတို့ ဓမ္မတာအားဖြင့် ဤအရာ၌ ယောကျ်ားထက် မမြန်သောကြောင့် တစ်ကြောင်း၊ ယောကျ်ားမှာ အလိုပြည့်ဝ၍ နံဘေး၌စောင်းကာ ဟောက်လျက် အိပ်နေသည်ကို ကြည့်ကာ အလိုမပြည့် ရှုရုံကလေး ရှုအောင် အစခံခဲ့ရသည့်အတွက် မကျေမချမ်းဖြစ်လျက် အိပ်စက်မပျော် တောင်တွေးမြောက်တွေးဖြစ်၍ နေတတ်သည်။

ဤကဲ့သို့ အခါမျိုးမှာ တိတ်တိတ်ပုန်း ကြာသမားများနှင့် တွေ့ချေက မွေ့ရာသို့ လိုက်ပါတတ်လေသည်။

အချို့သော ယောကျ်ားများသည် ဤအလုပ်၏ နှုးညှံ့ သိမ်မွေ့ခြင်း အကြောင်းကို မစဉ်းစား မသိကြ။

သို့ဖြစ်လေရာ မိမိတို့အလိုရှိသည့်အခါ အတင်းအဓမ္မ ဒရော သောပါး ဓားပြတိုက်သလို ပြုတတ်၏။

မိန်းမများမှာ ဤအရာ၌ နဂိုကပင် ကြာတတ်လေရာ အလုပ် မစမီ စိတ်ပါအောင် မိန်းမကို နှုးနှပ်ရလေသည်။

အခန်း ၃

# နှုးခြင်း

မိန်းမကို မသွားလာမီ လက်ဖြင့် တစ်ကိုယ်လုံးကို နှုးညှံ့ သိမ်မွေ့စွာ ပွတ်သပ်ရ၏။ နှုတ်ခမ်းချင်း လျှာချင်းထိရာ၏။ ရင်သား တစ်အုံလုံးကို လက်နှင့်ကိုင်ဆုပ်၍ ညှစ်ခြင်းမပြုရ။ ရင်သား အသီးကလေးကို လက်ချောင်းနှင့် ရွရွကလေး ကိုင်တွယ် ပွတ်သပ်၍ ပေးရာ၏။ အင်္ဂါစပ်အသားများကို ညင်သာစွာကိုင်၍ ပေးရာ၏။

အကြင် လင်နှင့်မယားဖြစ်ပြီးနောက် ဤအရာ၌ ရက်၍နေဖို့ မသို့။ နှစ်ယောက်စလုံး အခြားသို့ စိတ်မရောက်စေဘဲ မိမိတို့ အချင်းချင်းသာလျှင် တစ်ယောက်ကိုတစ်ယောက် မက်မော၍နေ အောင် ကြံသမျှ လုပ်သမျှ နည်းလမ်းများသည် မြတ်သော နည်းလမ်းများသာ ဖြစ်ကြလေသည်။ အိမ်၌ နှစ်ယောက်တည်း ရှိသည့်အခါ တုံးလုံးနေလျက် ကြိုးစယ်ကစားခြင်း၊ တစ်နည်းဆိုလျှင် တစ်နည်း အဆန်းထွင်ခြင်း။ ဤစနစ်များသည် အပြစ်ဆို ကောင်းသော နည်းလမ်းများ မဟုတ်ကြပေ။

လင်နှင့်မယားမှာ တစ်ယောက်အပေါ်၌ တစ်ယောက်မှာ ထပ်မက်မောခြင်းကို မြဲနိုင်သမျှ မြဲအောင် ကြံသော

www.burmeseclassic.com



ကြာအောင် သတိထား၍ ပေါင်းသင်းရလေရာ အချစ်ကိုရှည်စေသောနည်း၊ နှစ်ယောက်စလုံး၏ စိတ်ကို အခြားသို့ မရောက်စေသော နည်းမှန်က အကောင်းသာဖြစ်သည်ဟု ဆိုရပေမည်။

ဟိန္ဒူကျမ်းများ၌ အဘယ်နေ့မှာ အဘယ်ကိုကိုင် ဟူသော နှုနည်းများရှိရာ ကာမသိဒ္ဓိနံပါတ်–၂တွင် ဖော်ပြထားလေသည်။ သို့သော်လည်း လက်တွေ့စမ်းသပ်၍ကား မကြည့်ရသေးပေ။

အချို့သော မိန်းမများမှာ ဂလန်းစ်–ကလီဘိုးရစ်ခေါ် အစေ့မှာ အမွေးဖုံးလွှမ်းသောကြောင့် ဖြစ်စေ၊ သေးငယ်ချိုင့်ဝပ်နေသောကြောင့် ဖြစ်စေ၊ အဘယ်မျှပင်နှူးစေကာမူ ၎င်းတို့မှာ ပေါင်းဖော်ရာ၌ ပြည့်စုံစွာ ခံစားခြင်းမရှိ၊ မပြည့်မဝဘဲ နေတတ်လေသည်။ သို့သော်လည်း ထိုမိန်းမမျိုးမှာ အတော်ပင် နည်းပါးပေလိမ့်မည်။

အချို့သော မိန်းမများသည် ဤစိတ်၌ များစွာအားနည်းသဖြင့် နှူးရုံနှင့် မရ၊ အားဆေးများကိုပင် ပေးရလေသည်။

သို့သော်လည်း အားဆေးအမျိုးမျိုးရှိ၏။ တကယ့်သွေးသားနှင့် အင်အားကိုမဖြစ်စေဘဲ ရွရွကြွရုံသာ ဆေးမျိုးဖြစ်ချေက အသက်တိုတတ်လေသည်။

(Glandular Extracts)ခေါ်အားဆေးများသည်အကောင်းဆုံး အားဆေးများ ဖြစ်ကြလေသည်။

အချို့သော မိန်းမများမှာကား အလွန် စိတ်အားသန်ကြသဖြင့် စိတ်ကိုလျော့စေသည့် ဆေးများကိုပင် ပေးရလေသည်။

လင်မယား ညားပြီးနောက် ခြောက်လ၊ တစ်နှစ်ကြာသော အခါ ယောကျ်ားမှာ ပေါ့စပြု၏။ အိပ်ရာဝင်သည့်အခါ၌ ယောကျ်ားသည် တစ်ဖက်စောင်းလျက် မိန်းမကို ကျောခိုင်း၍ စာဖတ်၍ နေတတ်၏။



ယောကျ်ားမှာကား ပေါင်းသင်းခြင်းကိစ္စ၌ အခါတိုင်း အလိုပြည့်သဖြင့် ကျေနပ်၍နေ၏။ မိန်းမမှာ ထိုအခါ၌ ယောကျ်ားလောက် အလိုမပြည့်သေးချေ။ သို့ဖြစ်လေရာ နောက်ကနေပြီး ကုတ်ခြင်း၊ ဖဲ့ခြင်း၊ လိမ်ဆွဲခြင်း၊ ဒီဘက်လှည့်ဟု ပြောကာ ပခုံးကို ကိုင်၍ အလှည့်ခိုင်းခြင်းစသည့် နည်းမျိုးနှင့် အနှောင့်အယှက် ပေးတတ်ကြလေသည်။

ထိုအခါ၌ ရင်မှာ အတော်ပူလောင်၍နေ၏။ သို့ပူလောင်၍နေသည်ကို မသိသော ယောကျ်ားသည် စာဖတ်၍ကောင်းနေခိုက်မှာ နှောက်ယှက်ရမလားဟု ဒေါသဖြစ်ပြီး ရိုက်နှက်ကန်ကြောက်တတ်လေရာ မိန်းမမှာ အသည်းခိုက်အောင် နာတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၄

## နက်နဲသောစိတ်

မိန်းမများသည် အပျော့မျိုးဖြစ်၍ အများအားဖြင့် ယောကျ်ားများကို အားကိုးရ၏။ "ဘူးကောင်းမှ စင်ခံ၊ လင်ကောင်းရင် စံရသည်" ဟူသော စကားလို လင်ကို အားကိုး၏။ မိဘအဘယ်မျှပင် ချမ်းသာကြွယ်ဝစေကာမူ လင်ကိုသာလျှင် ကိုယ်ပိုင်မှီခိုရာဖြစ်၏။ တစ်နေ့သ၌ မိဘကိုစွန့်ပစ်၍ လင့်နောက်ကို လိုက်ရမည့်သာတည်း။

ဤသဘောတရားသည် ၎င်းတို့၏ စိတ်ရင်းအတွင်း၌ မသိမသာ စေ့ဆော်၍နေလေရာ အပျိုဖြစ်သည်နှင့် တစ်ပြိုင်နက် အဘယ်ယောကျ်ားသည် ငါ၏ မြင်းမိုရ်တောင်ဖြစ်မည်ဟု မသိမသာ အတွေးက ရှာလျက်နေ၏။

သို့ဖြစ်လေရာ ယောကျ်ားချစ်အောင်၊ ယောကျ်ားကြိုက်အောင် အမြဲကြိုးစားကြရလေသည်။ ထိုကဲ့သို့ အစဉ်အလာ ဓမ္မတာ ရှိခဲ့လေရာ ယောကျ်ားမြင်လျှင် ချစ်စိတ်ဝင်အောင် လုပ်ခြင်းသည် မိန်းမတို့၏ စိတ်ရင်းသဘောမျိုး ဖြစ်နေ၏။



ထိုကဲ့သို့ ယောကျ်ားချစ်အောင်လုပ်တိုင်း ယောကျ်ားယူဖို့ ကြံစည်သည် မဟုတ်။ ယောကျ်ားချစ်အောင် လုပ်ရခြင်း သက်သက်၌ပင် ကြည်နူးဖွယ်စိတ်တစ်မျိုး ရှိလေသည်။

ချစ်အောင် ကြိုက်အောင်လုပ်တိုင်း ၎င်းတို့က ချစ်သည် ကြိုက်သည်ဟူ၍ မမှတ်အပ်ပေ။ ယောကျ်ားချစ်အောင်လုပ်ခြင်း သက်သက်သည် ၎င်းတို့က ဓမ္မတာအလုပ်ဖြစ်၍ နေလေသည်။

အခါတစ်ပါး၌ ကပွဲတစ်ပွဲတွင် ယောကျ်ားတစ်ယောက်သည် မိန်းမတစ်ယောက်နှင့်တွဲ၍ ကပြီး ပွဲပြင်သို့ ရောက်သောအခါ မှောင်ရိပ်၌ ခုံတစ်ခုံပေါ်တွင် နှစ်ယောက်သားထိုင်၍ စကားပြောနေကြ၏။

သို့ပြောခိုက်တွင် မိန်းမ၏ အမူအရာက အားပေးသဖြင့် ယောကျ်ားက ပွေ့ယူနမ်းရှုံ့လိုက်၏။ ထိုအခါ ၎င်းမိန်းမသည် ဒေါသစိတ်ဆိုးလျက် ခုခံငြင်းဆန်လေသည်။

မှားယွင်းသော ယောကျ်ားမှာ များစွာအံ့ဩလျက် "မင်းဘယ့်နှယ်လုပ်တာလဲ၊ မင်းတို့ မိန်းမတွေဟာ ဘယ့်နှယ်ဟာတွေလဲ ဒေါ်–မိန်းမ၊ မိန်းမ၊ မင်းတို့ရဲ့စိတ်ဟာ အင်မတန်မှ ဆန်းကြယ်ပါကလား" ဟု ပြောဖူးသည်။

မိန်းမစိတ်သည် အသိရခက်သည်ကား မှန်၏။ မိန်းမစိတ် အကြောင်းကို နားလည်သည်ဟု ကြွားဝါ ပြောဆိုသူတို့သည် မိန်းမစိတ် အစွန့်အနားကလေးလောက်မျှ သိသူများဖြစ်ကြ၍။ ထောလီဒါသတို့ အများကချီးမွမ်းကြ၏။ မန်လည်ဆရာတော်ကြီးကို ချီးကျူးကြ၏။

၎င်းတို့သည် မိန်းမများကို အမျိုးယုတ်တွေဖြစ်သည်ဟု ရှုတ်ချသူများ ဖြစ်ကြလေသည်။ "မရှိလည်းခက်၊ ရှိလည်းခက်"

www.burmeseclassic.com

www.burmeseclassic.com



ဟူသော စကားသည် ယောက်ျားသာလျှင်ပြောအပ်သော စကား မဟုတ်။ မိန်းမများကလည်း ယောက်ျားနှင့် ပတ်သက်၍ ဤ အတိုင်း ပြောနိုင်လေသည်။

ထိုပုဂ္ဂိုလ်များ၏ အသိသည် ရန်ဝါ–တန်ဝါဖြစ်၏။ ကျွန်ုပ်တို့ လည်း ဤအရာ၌ ပါမောက္ခမဟုတ်။ အမှန်းနှင့်ချိန်ဆကာ အနည်းငယ်သာ ဖြေနိုင်လေသည်။

ကျွန်ုပ်တို့ခေတ်၌ မိန်းမအကြောင်းကို အသိဆုံးဖြစ်သူသည် (Havelock Ellis)ခေါ်သူ ဖြစ်ပေမလား မသိရပေ။ ထိုပုဂ္ဂိုလ်သည် ကိလေသာနှင့်ပတ်သက်သော စာများကို အများဆုံး ရေးသူ၊ စုံစမ်းခဲ့သူ ဖြစ်၏။

ထိုကဲ့သို့ အသိခက်ခြင်းမှာ အခြားကြောင့်မဟုတ်။ စိတ်နှင့် အပြင်အမူအရာ မတူ၊ အခါများစွာ ကွဲပြားခြင်းကြောင့် ဖြစ် လေသည်။

မချစ်မကြိုက်ဘဲလျက် ချစ်ဟန်ကြိုက်ဟန် ဆောင်ခြင်းသည် ယောက်ျားကြိုက်သည်၊ ချစ်သည်ကို ခံရရုံမျှ လုပ်ကြခြင်းဖြစ်၏။ မိမိတို့က မကြိုက်သော်လည်း ယောက်ျားကကြိုက်လျှင် သဘောတူ တတ်ကြလေသည်။

ချစ်ကြိုက်လျှင်လည်း မချစ်ကြိုက်ဟန် ဆောင်တတ်၏။ ထိုဟန်မျိုးမှာ လုံခြုံသောဟန် မဟုတ်၊ သိသာလွယ်၏။

မိန်းမသည် ယောက်ျားတစ်ယောက်ယောက်ကို တကယ် ကြိုက်လျှင် ဣန္ဒြေလုပ်မရ။ ဣန္ဒြေလုပ်ရင်းပင် စိတ်ကိုပေါ်စေ၏။

အခန်း ၅

## မိန်းမက စ,သလား

မိန်းမကြိုက်လျှင်စ,တတ်၏။ မိန်းမစ,ပုံမှာ ယောက်ျားများလို 'လျှောက်ပြန်သပေး၊ ခြေအေးဝမ်းရောင်' မဟုတ်။ သို့သော်လည်း ထိုနည်းမျိုးနှင့်လည်း များစွာခြားနားလှပေသည်။

ယောက်ျားပျိုကလေးနေသော အိမ်ရှေ့လမ်းမှ ရေခပ်သွား တတ်၏။ ရေဆိပ်ကို ဆင်းတတ်၏။ ဈေးကို သွားတတ်၏။ ဈေးရောင်း ထွက်တတ်လေသည်။

အကြောင်းမဲ့ ယောက်ျားကလေးများကို လမ်းသလားခြင်း [illegible] အလုပ်ကိစ္စတစ်ခုခုနှင့် ယောက်ျားကလေးမြင်အောင် ဖြတ်သန်း သွားလာတတ်၏။

တစ်ခါတစ်ရံ ယောက်ျားကလေးကြားအောင် အသံကျယ်ကျယ် နှင့် ခေါ်တတ် ပြောတတ်၏။ ကလေးကို ကိုင်မြှောက်ကာ ကစားတတ်လေသည်။

တစ်ရပ်သား ယောက်ျားကလေးဖြစ်၍ ညိုးညိုးငယ်ငယ် နေရသည်ကိုမြင်သော် ကြင်နာသနားရာမှ အချစ်စိတ် ပေါ်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ လူကြီးမိဘက သဘောတူလျှင် အိမ်ကိုခေါ်၍ ကျွေးမွေးတတ်၏။ သတ္တိကောင်းသော မိန်းမများမှာ ကရုဏာစိတ်နှင့် ယောကျ်ားကလေးရှိသောနေရာသို့ တိုက်ရိုက်လာ၍ စကားပြောတတ်လေသည်။

ဤကဲ့သို့ ရဲရင့်ခြင်း၌ မူလစိတ်ရင်းမှာ ကြင်နာသနားသော စိတ်ဖြစ်၏။ ထို့နောက်မှ ချစ်စိတ်ပေါ်ပေါက်ကာ သနားချစ်ဖြစ်သဖြင့် အရဲစွန့်ခြင်းဖြစ်၏။

မိန်းမများသည် အများအားဖြင့် သနားကြင်နာလွယ်၏။ ထိုစိတ်ကြောင့် အခြားနည်းအမျိုးမျိုးတို့ဖြင့် အချစ်ကိုပြတတ်၏။ မိန်းမများအတွက် အချစ်ကိုပြရန် နည်းအမျိုးမျိုး ရှိကြလေသည်။ အချစ်၌ ရဲပြီး ဆင်းရဲဒုက္ခ တွေ့ကြလေသည်။

တစ်ရံသောအခါ၌ စာရေးသူသည် တစ်ရပ်တစ်ရွာသို့ ရောက် နေရာ ဧယ်ရွယ်သူတို့အလိုက် တေးကလေးများကို ဆို၍နေ၏။ အိမ်နီးချင်း မိန်းမပျို သနားကမ်းတစ်ယောက်သည် တေးဆိုသည့် အခါ ကြားလောက်ရုံ့အသံနှင့် တောလုံးတီးလုံးများကို လိုက်၍ ဆိုလေ့ရှိ၏။ နောက်တစ်နေ့ မိုးရွာသဖြင့် စပါးများကို ကောက်ရိုးပုံမှ ကောက်ရိုးများနှင့်ဆွဲ၍ အုပ်ကြရာ၌ ကောက်ရိုးပုံတွင် နှစ်ယောက် ဆုံမိကြ၏။ အခြားအဖော်များလည်း ထိုကောက်ရိုးပုံမှ ကောက်ရိုးများကို သယ်၍ စပါးပုံသို့ ပို့ကြ၏။ ၎င်းသူငယ်မက ကောက်ရိုးသယ်ရန်လာသော အခြားသူများကို မှောင်ထဲ၌ မြင်ရသောအခါ "လာ–လာ၊ ရှင်နဲ့ ကျွန်မ ပုန်းနေမယ်၊ သူတို့ကို သရဲလုပ် ခြောက်ရအောင်"ဟု ပြောကာ လက်ကိုဆွဲ၍ မြို့ကွယ်သို့ ခေါ်ရာ လိုက်ပါ၍ သွားရဖူးလေသည်။ ထိုအခါ ညဉ့် (၈)



နာရီခွဲ အချိန့်ခန့် ရှိ၏။

တစ်ရံသောအခါ၌ စာရေးသူသည် အိမ်၌ တစ်ယောက်တည်း ခေါက်တံခါးများကို ပိတ်၍နေ၏။ အလယ်က ခေါက်တံခါး တစ်ရွက်မှာ ပွင့်၍နေ၏။ မိန်းမပျိုအသိတစ်ယောက် အိမ်ထဲကို ဝင်ရောက်၍ လာပြီး ကျွန်ုပ်၏ အနီး၌ရှိသော စာအုပ်များကို ကိုင်လှန်ကြည့်ရင်း "ပျင်းလိုက်တာနော်– ခွေးမလေး တိုင်မှာ ချည်လို့ မောင်ဖက်ကာနမ်း"ဟု ဆိုကာ ကျွန်ုပ် အနားတွင် ပက်လက်လှန်၍ လှဲလိုက်၏။

ထိုအခါ ကျွန်ုပ်က "အခုနေ ငါ တစ်ခုခုလုပ်ရင် နင်ခံနေရတာပဲ"ဟုပြောရာ ၎င်းက "ဒါတော့လေ ကျားသနားမှ နွားချမ်းသာတာပဲ"ဟု ပြောဖူးလေသည်။

တစ်ရံရောအခါ လင်ရှိမယားတစ်ယောက်က ၎င်း၏ လင်ယောကျ်ားမရှိခိုက် စာရေးသူကို အိမ်မှလက်ပြ၍ ခေါ်သဖြင့် သွားရာ တာရှိပြ၏။ လျှာထုတ်၍ပြ၏။ စာရေးသူက စိတ်ဆိုးဟန်ဆောင်၍ လိုက်သောအခါ ခေါက်ပုံချဲ့သော မှောင်ခန်း ထင်ရှူး သေတ္တာကြီးထဲသို့ ဝင်ပြေး၏။ ၎င်း၏ ယောကျ်ားမှာ ခေါက်ပုံ အရှုပ်ဖြစ်လေသည်။ ထိုမှောင်သေတ္တာကြီးထဲသို့ ဝင်၍လိုက်မိလျှင် အဘယ်သို့ ဖြစ်မည် မသိရပေ။

❑

www.burmeseclassic.com

www.burmeseclassic.com



အခန်း ၆

## အရွယ်မရောက်သူကလေးများ

၁၂–နှစ်၊ ၁၃–နှစ် ရူးရူးမိုက်မိုက်အရွယ် မိန်းကလေးများနှင့် ယောက်ျားကြီးများ ဖြစ်ပျက်ကြခြင်းမှာ အခါခပ်သိမ်း ယောက်ျားကြီးများကို အပြစ်မဆိုနိုင်။ မိန်းကလေးကိုယ်တိုင်က ယောက်ျားကို ချစ်ကြိုက်၍နေခြင်းကြောင့် ပွတ်သီးပွတ်သပ်လုပ်ရာမှ မတော်သော အဖြစ်သို့ ရောက်မိကြလေသည်။

ထိုကဲ့သို့သော မိန်းကလေးတစ်ယောက်ကို ကိုယ်တိုင်တွေ့ဖူး၏။ တစ်စုံတရာမဖြစ်မိခဲ့ပေ။ တစ်ကိုယ်တည်း အိပ်ရာ၌နေစဉ် ရင်ခွင်ထဲသို့ ဝင်၍အိပ်၏။ အပြင်အပ ယုယ ကစားသောအခါ အလွန်သဘောကျ၍နေကြောင်း သိရလေသည်။

ထိုအရွယ်ကလေးများမှာ အရှက်အကြောက်ကို နားမလည်သကဲ့သို့ ပြုတတ်ကြလေသည်။

၁၂–နှစ်အရွယ် ကလေးမတစ်ယောက်သည် မင်းသားတစ်ပါး ထွက်တော်မူရာ မင်းမြောက်တန်ဆာနှင့် မြင်ရလျှင် နှလုံးမှာစွဲပြီးလျက် တပ်မက်၍ နေရှာလေသည်။

ထိုကဲ့သို့နေခိုက်တွင် ထိုမင်းသားမှာ အခြားမင်းသမီး တစ်ယောက်နှင့် ထိမ်းမြားကြောင်း ကြားသိရသောအခါ ရင်ကွဲနာကျ၍ သေရှာလေသည်။

၁၂–နှစ်၊ ၁၃–နှစ်အရွယ် မိန်းကလေးများကို စိတ်ချလက်ချ လွှတ်၍ မထားကောင်းပေ။ ယောက်ျားကြီးများနှင့် တွေ့တတ်ကြလေသည်။ ဆိတ်ကွယ်ရာ၌ ၎င်းတို့ကိုယ်တိုင်က စ,တတ်၏။

ဘစ်ရံသောအခါက အိမ်၌ တစ်ယောက်တည်းနေစဉ် ၁၂–နှစ်အရွယ် ကလေးမတစ်ယောက် ဝင်ရောက်၍လာပြီး ရှေ့နားတွင် ထိုင်ကာ မြင်သာအောင်ပြလျက် အပေါ့အလေးသွားရင်း လူကို ကြည့်ကာ ပြုံးစစနှင့် လုပ်နေ၏။ မောင်းနှင်၍ပြစ်မှ ထွက်၍ ပြေးလေသည်။ မောင်းသော်လည်း စိတ်မဆိုး၊ နောင် ခေါ်သည့် ပြောသည့်အခါ ခင်ခင်မင်မင် လာလေ့ရှိသည်။

စာရေးသူ၏ မိတ်ဆွေတစ်ယောက်ထံသို့ အိမ်နီးပါးချင်း ကလေးမကလေး အမြဲလာပြီး အလုပ်လုပ်နေခိုက် ပေါင်ပေါ်ကို သာ၍ထိုင်၏။ အဖေလောက်ကြီးသော ၎င်းမိတ်ဆွေအား ကလိထိုး၍လည်းကောင်း၊ ပေါင်လုံးသို့ လက်နှိုက်၍လည်းကောင်း ကစားသည်ကို သိရ၊ မြင်ရသဖြင့် မိတ်ဆွေဖြစ်သူအား မမှားယွင်းရအောင် အကြိမ်ကြိမ် သတိပေးရဖူးလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၇

## မိန်းမကြီးများ

အချို့သော မိန်းမကြီးများသည် မိမိတို့ထက်ငယ်သော ယောကျ်ားကလေးများအား ဆိတ်ကွယ်ရာ၌ နှုတ်ဖြင့်လည်းကောင်း၊ အမူအရာဖြင့်လည်းကောင်း စ,တတ်လေသည်။

ရန်ကုန်မြို့ တောမှလည်လာပြီး ခင်မင်နေသော အိမ်တစ်အိမ်မှာ တည်းခိုနေ၏။ ထိုအခါ သီတင်းကျွတ်ပွဲအခါ ဖြစ်လေ၏။ ထိုမိန်းမကြီး၏ ယောကျ်ားမှာ တစ်ကိုယ်တည်း ထွက်၍သွားရာ ကျွန်ုပ်နှင့် ၎င်းသာ ကျန်၏။ ၎င်းမှာ အဒေါ်လို ခင်မင်သူဖြစ်၏။ မိုးချုပ်သောအခါ အိမ်ကို တံခါးပိတ်ပြီး ဘုရားသို့ ကျွန်ုပ်ကို ခေါ်သွား၏။ ဇရပ်တစ်ခု၌ ခေတ္တနားနေပြီး လည်ပတ်ကြရာ အဘယ်ကိုရောက်မှန်းမသိ။ လူလွတ်သော ဝါးရုံပင်တော တစ်ခုထဲသို့ အချိန်မတော် တစ်ယောက်တည်း ရောက်နေသည်ကိုသာ မှတ်မိ၏။ အဘယ်နေရာလို့ မသိရ။ တောကျောင်းတစ်ခု၏အနီး ဖြစ်ပေလိမ့်မည်။ထိုဝါးရုံတော၌ နှစ်ယောက်တည်း အကြာကြီးထိုင်ပြီး သူ့ယောကျ်ားကြီး အပျော်အပါးလိုက်ကြောင်း တွေကိုပါ ပြော၍နေ၏။ သို့နေခိုက် "ဟဲ့–ဟဲ့–ခါချဉ်ကလဲ



အကျႌအကြားမှ ဝင်ပြီး" ဟု ပြောကာ ထမီကို ခါ၏။ အထိ လှန်ရာ၏။ "ဟဲ့–နင့် မျက်စိကလေးနဲ့ ကြည့်စမ်းပါဦး" ဟု ပြော၏။ ထိုအခါ လရောင်ကလေးသည် ဝါးပင် ဝါးရွက်များ အကြားမှ ယိုဖိတ်သက်ဆင်း၍ နေလေသည်။ ၎င်းမှာ ဖြူဖြူ ဖွေးဖွေး ချောမောလှပ အသက်သုံးဆယ်ကျော်မျှ ရှိသဖြင့် မနည်းကြီး စိတ်ကို ချုပ်တည်းခဲ့ရလေသည်။

ရှေးဥပါပေါ လူငယ်တစ်ယောက်သည် ညတစ်ည အိမ်သို့လာရောက်၍ ညည်းအိပ်တည်းနေသော အသက် ၄၀ ကျော်၊ ၅၀ ခန့်ရှိ မိန်းမကြီးကို သန်းခေါင်ကျော်သည့်အချိန်တွင် ထ၍စမ်းမိ၏။ ထိုသူငယ်မှာ ထိုအိမ်၌ အခိုင်းအစေဖြစ်၍ အစမ်းခံရသော ညည်းသည့် မိန်းမကြီးမှာ လန့်၍အော်၏။

တစ်အိမ်သားလုံး နိုးသောအခါ ၎င်းအား မေးမြန်းကြည့်ရာ "ကျွန်တော်မှန်ပါသည်။ ကျွန်တော့်ကို ကြိုက်သည်ထင်၍ ထစမ်းမိပါသည်"ဟု ဝန်ခံ၏။ ထိုအခါ အိမ်သားများက ၎င်းအား ညည်းသည့်မိန်းမကြီးကို တောင်းပန်ရန် ပြော၏။ နံနက် မိုးလင်းသောအခါ ဦးချတောင်းပန်ရာတွင် မိန်းမကြီးက "အရှုးသားမို့လို့ အလန့်တကြားလုပ်ရသလဲ၊ တိုးတိုးပြောနိုးပါလား" ဟု ပြောပြီး စိတ်မဆိုးရုံမက ၎င်းအား ငွေတစ်ကျပ်ပေး၍သွားကြောင်း သိရလေသည်။

မိန်းမကြီးများသည် ဈေးသားအရွယ် ယောကျ်ားကလေးများနှင့် ရွှတ်သီးရွှတ်သပ် တင့်တယ်စွာ နေတတ်ကြ၏။ စိတ်မှုအား ရှိသည်ဟု မဆိုနိုင်ချေ။ အနင်းခိုင်း အနှိပ်ခိုင်းရာမှ အိမ်ပျော်ဟန် ဆောင်လျက် ယောကျ်ားကလေးများစိတ်ကို တင်းမြဲဖြစ်အောင် လုပ်တတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤစိတ်သည် မိန်းမနှင့် ယောကျ်ား အတူတူပင်ဖြစ်၏။ သေမှသာလျှင် ချုပ်ငြိမ်းလေသည်။အသက်ခြောက်ဆယ်၊ ခုနစ်ဆယ်အရွယ် အမယ်အိုပင်ဖြစ်စေကာမူ ဤအရာနှင့်ဝေး၍နေလျှင် 'ချဉ်ချဉ်တူးတူး မူးပြီးရော'သဘောမျိုးနှင့် စ,ရဲသော လူပါးလူရူး ကလေးများနှင့် ဖြစ်တတ်သည်။

အမယ်အိုတစ်ယောက်၏ လက်ကိုကိုင်၍ "အဘွား ငယ်ငယ်က အင်မတန်ချောမှာပဲ၊ အခုတောင် အသားအရေ အတင်းသေသားပဲ" စသည့် စကားမျိုးနှင့် သူငယ်တစ်ယောက်က နှူးလျှင် ကြည်နူး လာတတ်ကြလေသည်။

အများအားဖြင့် ဘုရားတရားနှင့် ဣန္ဒြေ သိက္ခာလုပ်၍နေနိုင်ကြသည်မှာ ငါသည် ဤကိစ္စနှင့်မဆိုင်၊ ငါ့ကို မည်သူမျှစိတ်ကူး မှာ မဟုတ်ဟူသောစိတ်နှင့် လျှော့၍ထားသောကြောင့် ဖြစ်တတ်လေသည်။ တစ်စုံတစ်ယောက်က စ,သည့်အခါ ပန်း ပန်ခြင်း၊ ဖြီးလိမ်းခြင်းဖြင့် သဘောကျသော အမှတ်ကို ပြတတ်လေသည်။

❑

# အခန်း ၈

## လင်ရှိမယား

လင်ရှိ မယားများမှာလည်း လူပင် မဖောက်ပြန်စေကာမူ စိတ်မှာ အခါခါ ဖောက်ပြန်တတ်ကြလေသည်။

လင်ယောကျ်ားနှင့် ပေါင်းသင်းရာ၌ပင် အခြားသို့ စိတ်ရောက်တတ်၏။ မြင်ဖူး ကြုံဖူးသော အဖြစ်အပျက်တို့ကို ပြန်လှန်တွေးသောတတ်၏။ ထိုအခါမျိုး၌ ရရှိသော သန္ဓေမှာ လင်ယောကျ်ားနှင့် မတူ။ အခြားစိတ်မှန်းသူနှင့် တူတတ်လေသည်။

လင်ယောကျ်ားမရှိခိုက်မှာ အခြားတစ်ပါးသူနှင့် ဖြစ်စေကာမူ ပေါင်းသင်းခိုက်မှာ ကွဲနေသောလင်ကို အာရုံစိုက် သန္ဓေတည်လျှင် ထိုသန္ဓေသားသည် လင်ယောကျ်ားနှင့်ပင် တူတတ်လေသည်။

အချို့သောမိန်းမများမှာလည်း ထိုကဲ့သို့ ဖြစ်တတ်သည့် သဘောကို သိသဖြင့် တမင်ဖောက်ပြန်ပြီးနောက် မတော်တဆ စိတ်ကစားသောကြောင့် ကလေးမှာ ရုပ်တစ်မျိုးဖြစ်သည်ဟု ပြောကြလေသည်။ မြန်မာမက အင်္ဂလိပ်ကလေး မွေးဖူး၏။ ၎င်းမိန်းမက "စိတ်ကစားလို့တော့၊ ရှင်တို့ကော တစ်ခါတလေ ဒီလိုပဲ မကစားဘူးလား၊ စိတ်ကို ဘယ်သူအစိုးရမှာတုန်း" ဟု ပြောသည်ကို ကြားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ဖြစ်သူကလည်း ယုံကြည်လျက် ထိုကလေးကို-ချစ်ခင်၍ နေလေသည်။ အဘယ်ပုံဖြစ်သည်ကို ဘုရားမှသာ သိရပေတော့မည်။

ထိုမိန်းမမှာ အလည်အပတ်များ၏။ ရုပ်ရှင်ပွဲလမ်း လွန်စွာစွဲလန်း၏။

အချို့သောယောကျ်ားများသည် မိမိတို့၏မယား စိတ်ကစားသည်ကို မခံနိုင်။ မိမိမှတစ်ပါး အခြားမည်သူ့ကိုမျှ စိတ်အာရုံမပြုရဟု သဘောထား၏။

လင်မယားညားစ အချစ်စိတ်ပူနွေးနေခိုက်မှာ စိတ်မကစားသည်ကို မခံနိုင်။ မိမိမှတစ်ပါး အခြားမည်သူ့ကိုမျှ စိတ်အာရုံမပြုရဟု သဘောထား၏။

လင်မယားညားစ, အချစ်စိတ်ပူနွေးနေခိုက်မှာ စိတ်မကစားနှင့်ဟု ပြော၍ ရပေလိမ့်မည်။ တစ်နှစ်၊ နှစ်နှစ်ကြာသောအခါ ယောကျ်ားများကဲ့သို့ မဖြစ်ဘဲမနေနိုင်။ ပြောင်းလဲဖောက်ပြန်စိတ်သန်ရာကို တွေးတောမိကြမည်ကား ပိတ်ပင်တားမြစ်၍ မရသော ဓမ္မတာမျိုး ဖြစ်လေသည်။

သို့သော်လည်း ကိုယ်မပါလျှင် တော်လှပြီဟူ၍သာ အောက်မေ့ကာ ယောကျ်ားများ သဘောထားကြီးကြီးထားဖို့ ကိုယ်ချင်းစာတရားဖြင့် စိတ်ဖြေဖို့သာ ရှိလေသည်။

အချစ်နှင့် ကိလေသာစိတ်သည် တစ်မျိုးစီဖြစ်၏။ ကိလေသာကာမဂုဏ်စိတ်သည် အခါခပ်သိမ်း အချစ်နှင့်တွဲသည် မဟုတ်ချေ။

အချို့သောမိန်းမများသည် လင်ယောကျ်ား ချောချောလှလှ ရှိပါလျက် သရဲလို အရုပ်ဆိုးသောသူကို ရှာကြ၍ တပ်မက်တတ်ကြလေသည်။

ထိုတပ်မက်သောစိတ်သည် အချစ်နှင့်မဆိုင်။ ကိလေသာရာဂစိတ်သက်သက်ဖြစ်လေရာ ထိုစိတ်မှာ ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခုခုကို မြင်သဖြင့် ဖြစ်ပေါ်တတ်လေသည်။



လင်ငယ်နေထိုင်တိုင်း လင်ကြီးကိုမုန်းသည်ဟု မဆိုနိုင်။ အပျော်လွန်ခြင်းကြောင့်လည်း ဖြစ်တတ်လေသည်။

လင်ကြီးကို မုန်းထားပြီး လင်ငယ်ကို အသည်းစွဲချစ်သဖြင့် လင်ကြီး၏ အသက်ကိုပင် ရန်ရှာတတ်သော မိန်းမများလည်း ရှိကြ၏။ သို့သော်လည်း ထိုမိန်းမများမှာ လွန်စွာနည်းပါးလေသည်။

အချို့လည်း လင်ကြီးကိုမမုန်းဘဲ လင်ငယ်နှင့် အချစ်လွန်ရာ လင်ကြီးသိမြီး၊ ရန်ရှာမည်စိုးသည့်အတွက် လင်ကြီးကို တိတ်တဆိတ် ရန်ပြုတတ်လေသည်။

အချို့သော လင်ယောကျ်ားများမှာ မိမိတို့၏မယား လက်အောက်ငယ်သားတစ်ယောက်နှင့် တိတ်တဆိတ် ဖြစ်ပျက်နေသည်ကို အခွင့်ပြု၍ ထားတတ်ကြ၏။ ထိုအခါ မယားဖြစ်သူမှာ မိမိ၏အလို ပြည့်ဝရုံသာ လင်ငယ်ကို အရောဝင်၏။ လင်ကြီးအပေါ်၌ အနည်းငယ်မျှ မေတ္တာမဆုတ်ယုတ်ပေ။

ယောကျ်ားတစ်ယောက်သည် အိမ်၌ခိုင်း၍ထားသော သူငယ်တစ်ယောက်နှင့် မိမိ၏မယားကို အခွင့်ပေး၍ထား၏။ ထိုကဲ့သို့ခြင်းမှာ မိမိမယား၏ အလိုကို စိတ်ပြေအောင် မဖြည့်နိုင်သောကြောင့်သာ ဖြစ်၏။

“ငါမသိဘဲ တိတ်တဆိတ်သာ တစ်ပါးသူနဲ့ မဖြစ်ပါနဲ့”ဟု ယောဖြစ်သူကို မှာ၍ထား၏။ ထိုကဲ့သို့ ခြောက်လခန့် အခွင့်ရ၍ နေပြီးနောက် မိန်းမကပင် ၎င်းနှင့်ဖြစ်ပျက်၍နေသော သူကို အိမ်မှ နှင်၍ပစ်လိုက်လေသည်။

ထိုအကြောင်းကို ၎င်းမိန်းမနှင့်ဖြစ်ပျက်သော ယောကျ်ားကလေးထံမှ ကြားရ၏။ နှင်ပစ်သည်မှာ ယောကျ်ားကလေးကို ငွေအောင်းသဖြင့် ရန်ဖြစ်ပြီး နှင်ထုတ်လိုက်ခြင်းဖြစ်ကြောင်း သိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမမှာ အခိုင်းအစေနှင့် ဖြစ်ပျက်သော်လည်း လင်ယောကျ်ားအသိဖြစ်သောကြောင့် လင်ယော်က ခြိမ်းခြောက်၍မရ။ သဘောထားကြီးသော လင်ကိုလည်းမမုန်း။ လင်ယော်ကို အာသာပြေ သွားရင်စာကဲ့သို့ သဘောထားကြောင်း သိနိုင်လေသည်။

ဥရောပတိုက်သားများတွင် ထိုကဲ့သို့ ဖြစ်ပျက်သူတွေ များစွာရှိကြလေသည်။ အချို့လည်း ယောကျ်ားက- မြဲသည့်အတွက် သားသမီးလိုချင်သောကြောင့် အခြားသူတစ်ယောက်နှင့် မယားကို တမင်လွှတ်ပေးတတ်၏။

ဤကဲ့သို့ လွှတ်၍ပေးသော လင်ယောကျ်ားကို မယားသည် အန္တရာယ်ရန်ပြုလေ့မရှိ။ လင်မသိဘဲ တိတ်တဆိတ်ဖြစ်ပွားပြီး လင်ကြီးကို မုန်းမှသော်လည်းကောင်း၊ လင်ကြီးသိလျှင် မိမိကို သတ်မှာစိုးသောကြောင့်လည်းကောင်း လင်ကို အန္တရာယ်ပြုဖို့ ကြံတတ်လေသည်။

ကျွန်ုပ်ထံသို့ အသက်–၃၀ခန့်ရှိ ချောမောလှပသော ဓေဘာဒီ ကုလားကလေးတစ်ယောက် တစ်နေ့သ၌ ရောက်လာပြီး မိမိ၏ အဖြစ်အပျက်ကို ပြောပြသည်မှာ အောက်ပါအတိုင်း ဖြစ်၏။

၎င်းသည် ခရီးသွားလာရင်း လင်မယားနှစ်ယောက်နှင့် အကျွမ်းဝင်၏။ ထိုလင်မယားမှာ ယောကျ်ားက အင်္ဂလိပ်ကပြား မိန်းမက မြန်မာမ၊ ထိုဓေဘာဒီကုလားကလေးနှင့် ရွယ်တူခန့်ရှိ၏။ ချောမောလှပ၏။

သို့အကျွမ်းဝင်ကြရာ လင်မယားနှစ်ယောက်က ခေါ်သဖြင့် ၎င်းတို့အိမ်သို့ ဧည့်သည်အဖြစ်နှင့် လိုက်သွားရာ ညဥ့်အခါများ၌ ၎င်းအိပ်ရာထဲသို့ အိမ်ရှင်မသည် ကူး၍လာလေ့ရှိသဖြင့် ကုလား



လေးက ယောကျ်ားကြီးမြင်မှာစိုးသဖြင့် မလာရန် တောင်းပန်လေ၏။ ထိုအခါ မိန်းမက "ရှင်နောက်တော့ သိရပါလိမ့်မယ်" ဟု၍သာ ပြောလေ၏။

နောက် တနင်္ဂနွေ တစ်ပတ်လောက်ကြာ၍ ကုလားကလေး ရန်ကုန်သို့ ပြန်လာသောအခါ ၎င်းမိန်းမလိုက်လာပြီး ရန်ကုန်၌ ငါးလလောက် ထင်သလိုနေကြကြောင်း။ ထို့နောက် မိန်းမသည် မိမိ လင်ယောကျ်ားကြီးထံ ပြန်သွားရာ တစ်နှစ်ကျော်လောက်ကြာ၍ ကုလားကလေး လိုက်သွားသောအခါ ယခင်ကလောက် ဧည့်ဝတ်မကြေ၊ ၎င်းကို လင်ရော မယားရော မသိသလိုလုပ်၍ နေကြကြောင်း၊ လင်မယားနှစ်ယောက်မှာ လှသောကလေးကို မွေး၍နေသည်ကို တွေ့မြင်သဖြင့် ကုလားကလေးမှာ မိမိကလေးပင်ဖြစ်ကြောင်း သိလျက် အိမ်အနီးမှာ တရစ်ဝဲဝဲနေခဲ့ပြီးမှ တစ်နေ့သ၌ ယောကျ်ားကြီးအလစ်မှာ မိန်းမနှင့်သွားတွေ့ရာ ကလေးကို ခဏမျှပွေ့ချီနမ်းရှုံ့ခဲ့ရကြောင်း၊ မိန်းမက ကလေးကို ၎င်းအားပေးစဉ် "ပါပါ ပါပါ"ဟု ပြောကြောင်း၊ ထို့နောက် ကုလားကလေးမှာ စိတ်ကိုအနိုင်နိုင်ထိန်းကာ ပြန်ခဲ့ရကြောင်းနှင့် ပြောပြလေသည်။

ထိုအကြောင်းနှင့်ပတ်သက်၍ ဝတ္ထုငယ်တစ်အုပ်ကိုပင် ရေးခဲ့ဖူးလေသည်။ လင်ကြီးနှင့်ခေါ်သော ကျွန်ုပ်၏ ဝတ္ထုကလေးသည် ထိုအကြောင်း အတ္ထုပ္ပတ္တိကိုအခြေတည်၍ရေးသော ဝတ္ထုဖြစ်လေသည်။

ထို ကုလားကပြားလေးမှာ အသားဖြူဖြူ အင်္ဂလိပ်ကပြားကလေးနှင့်သာလျှင် ရုပ်ရည်အတော်ပင် ချောမောလှပ၏။ သို့ပါလျက် လင်ကြီးကို မစွန့်မပစ်၊ အလိုပြည့်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



သစ္စာရှိစွာ လင်ကြီးထံပြန်၍သွားသည်မှာ အချို့သောမိန်းမများ၏ စိတ်နေသဘောထား ဆန်းကြယ်ပုံဖြစ်လေသည်။ ယောကျ်ားကြီးမှာ မစွမ်းမသန် အသက်လည်းကြီး၏။ သို့ပါလျက် မစွန့်ဘဲ ပြန်၍သွားခြင်းသည် သဘောထားကြီးသော ယောကျ်ားဖြစ်ခြင်းကြောင့် ကြင်နာထောက်ထားသည်ဟုဆိုလျှင် မှားမည်မဟုတ်ဟု သဘောရလေသည်။

"ဗစ်(က်)တာဟူဂိုး"ရေးသော ဝတ္ထုတစ်ပုဒ်၌ ဘီလူးသဘက်ပမာ လွန်စွာအရုပ်ဆိုးလျက် ကြီးမားထွားကြိုင်းသော ယောကျ်ားကြီးတစ်ယောက်ကို ဂုဏ်သရေရှိ မိန်းမတစ်ယောက်သည် တပ်မက်စွဲလန်း၍နေ၏။ ၎င်းယောကျ်ားကြီးမှာ ရုပ်အဆင်းပျက်၍နေသော ၎င်း၏ယောကျ်ားပင်ဖြစ်ကြောင်း ထိုမိန်းမ သိရသည်နှင့် တစ်ပြိုင်တည်း "ငါ့ယောကျ်ားဖြစ်ရင် ငါ စိတ်မပါတော့"ဟု ပြောကာ အကပ်မခံဘဲနေသည်ဟု ပါရှိလေသည်။

၎င်းဝတ္ထုရေး ဆရာကြီးသည် ဥာဏ်ကြီး၍ လူတို့၏ စိတ်အကြောင်းကို များစွာပင် တတ်ကျွမ်းသူဖြစ်လေရာ ဤကဲ့သို့သော တကယ့်အဖြစ်မျိုးကို တွေ့ဖူးကြုံဖူးသောကြောင့် ရေးခြင်းဖြစ်သည်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။

မိန်းမများသည် ယောကျ်ားများ၌ မျက်နှာကလေး ချောမောလှသည်ကိုသာ မကြည့်။ ကိုယ်လုံးကိုယ်ပေါက် ကြီးမားထွားကြိုင်း ခန့်ညားခြင်းကိုသာ တပ်မက်လေသည်။

ကုလီမိန်းမနှစ်ယောက်သည် လမ်းဘေး၌ ထိုင်နေကြရာတွင် အင်္ဂလိပ်လူမျိုး ကြီးကြီးမားမား ဝဝဖိုင့်ဖိုင့်ကြီးတစ်ယောက် ဖြတ်၍သွားသည်ကို မြင်ကြရ၏။ နှစ်ယောက်စလုံး တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ပြုံးလျက်နှင့် အင်္ဂလိပ်ဘက်သို့



လှည့်ကာကိုစယ်၍ပြကြ၏။ တစ်ဦးက "တစ်ယောက်တစ်ဖက်စီထားအိပ်လိုက်ရရင် ဘာပြောစရာရှိမလဲ ကောင်းမရယ်"ဟု ပြောသည်ကို ကြားရဖူးလေသည်။

မိန်းမများသည် အပြေးသမားများဖြစ်ကြ၍ ယောကျ်ားများက အလိုက်သမားများ ဖြစ်ကြသော်လည်း လင်ရှိမိန်းမအချို့သည် အလိုက်သမား လုပ်တတ်ကြ၏။ အယုတ်သဖြင့် ယောကျ်ား လိုက်ရဲအောင် ၎င်းတို့က အရိပ်အမြွက်ပြကြလေသည်။

တစ်ရံသောအခါ မိန်းမတစ်ယောက်ကို တွေ့ရဖူး၏။ တွေ့သော နေရာမှာ လယ်တောဖြစ်၏။ စာရေးသူသည် ကွမ်းရာ၍ နေရာအပါးသို့ နီးကပ်စွာလာပြီး ဆောင့်ကြောင့်ထိုင်လျက် ကြည့်၍နေ၏။ သို့အတန်ကြာ ကြည့်၍နေပြီး မဆီမဆိုင်စကား အဆက်အသွယ် အချိန်းနိဒါန်းမရှိဘဲ "ကောင်မကလေး တော်တော်ကြာရင် ပြန်လာလိမ့်မယ်"ဟု ပြော၏။

"ဘယ်ကောင်မလေးလဲ"ဟု မေးရာ ရွာထဲသို့ ဆီအဝယ်ခိုင်းလိုက်သော တူမလေးဖြစ်ကြောင်း သိရလေသည်။

ထိုတူမလေးမှာ ၉–နှစ်သမီးအရွယ်မျှရှိသဖြင့် ထိုစကားကို ဘယ်နည်းနှင့် ပြောခြင်းပါလိမ့်မလဲဟု တွေးရင်း "ဒီလိုဖြင့် သွားမယ်လေ"ဟု ပြောပြီး ထ၍လာခဲ့ရာ ၎င်းမိန်းမသည် ထူးခြားသော ကြည့်ပုံမျိုးဖြင့် မချိမချဉ်ကြည့်ရင်း ကျန်ရစ်လေသည်။

၎င်း၏စကားမှာ ကောင်မလေးပြန်လာလျှင် နှစ်ယောက်တည်း တွေ့ပြီး တစ်မျိုးတမည်မှတ်ထင်မည်စိုးသည့်အတွက် မြန်မြန်ပြန်ဖို့ ပြောခြင်းလည်း ဖြစ်နိုင်၏။ အလိုရှိရင် မြန်မြန် ကိစ္စကုန်အောင်လုပ်၊ တော်တော်ကြာ ကောင်မလေးပြန်လာ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်ဟူသော အဓိပ္ပာယ်လည်းရှိ၏။ ၎င်း၏ မျက်နှာထားပုံမှာ ဒုတိယအဓိပ္ပာယ်နှင့်တူ၏။ ထို့ပြင် ၎င်းနှင့်အတူတူ နှစ်ယောက်တည်း အထပ်ထပ်အခါခါ တွေ့ကြုံစကားပြောဖူး၏။ သို့နှစ်ယောက်တည်း စကားပြောဆိုဖူးသည်ကိုလည်း ၎င်း၏ လင်ယောကျ်ားကိုယ်တိုင် သိ၏။ သို့သော်လည်း စာရေးသူ၏ အပေါ် ဝိစိကိစ္စဖြစ်ဟန်မရှိခဲ့ပေ။ ထိုနေ့၌သာ ၎င်း၏ နှုတ်မှ ထူးထူးခြားခြား စကားထွက်သည်မှာ စဉ်းစားဖွယ်ရာ မဟုတ်ပါလော။

အခန်း ၉

## မျက်နှာစိမ်းနှင့် လူမျိုးကွဲ

မိန်းမများသည် ကာမြွေရှင်ဖြစ်သော်လည်း မျက်နှာစိမ်းသောသူ၊ မည်သူမည်ဝါ မသိရသူများနှင့် လွတ်ရာမှာ တွေ့သည့်အခါ၌ ဖြစ်စေ၊ လူမျိုးကွဲ ကုလား၊ တရုတ်၊ အင်္ဂလိပ်ကပြားဆောင်းဘီဝတ်များကိုဖြစ်စေ တွေ့သည့်အခါ ၎င်းတို့ကသော်လည်းကောင်း စ,တတ်၏။ ယောကျ်ားက စ,သည့်အခါ၌သော်လည်းကောင်း ပါတတ်လေသည်။

ရန်ကုန်သူများသည် လမ်း၌ ယောကျ်ားများကို ကြည့်ရဲကြသည်မှာ ထိုနည်းမျိုးအတိုင်း မျက်နှာစိမ်းများသော အရပ်ဖြစ်သည့်အတွက် ထိုကဲ့သို့ ရဲတင်းခြင်းဖြစ်လေသည်။ တစ်ခါတွေ့ပြီး ကွယ်ပျောက်သွားမည်၊ နောက်ပြန်တွေ့တောင် မှတ်မိချင်မှ မှတ်မိမည်ဟူသောအတွေးနှင့် ရဲကြခြင်း ဖြစ်လေသည်။

ပွဲများ၌ မသိသူ မျက်နှာစိမ်းယောကျ်ားများနှင့် မျက်နှာစိမ်း မိန်းမများ နီးကပ်စွာ ထိုင်ကြသည့်အခါ ဘယ်ကလူမှန်းမသိ။ ငါ့မိန်းမနှင့် အကျွမ်းမဝင်၊ ငါနှင့်မနှင့် အသိမဟုတ်။ ကာမျှမဖြစ်နိုင်ဟု အောက်မေ့ကာ စိတ်ချ၍ လွှတ်မထားလေနိုင်။ ထိုကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ထားလိုက်လျှင် ပွဲပြင်သို့ထွက်၍ မှောင်ရိပ်မှာ ကျက်စားရန် လွယ်ကူလေသည်။ မိန်းမနှင့်ယောကျ်ား မျက်နှာစိမ်းများမှာ ငါးမိနစ်အတွင်း အကျွမ်းတဝင်ဖြစ်ဖို့ လွယ်ကူ၏။

နိုးကပ်သော ယောကျ်ားကို မိန်းမက မျက်စိမကျ၊ စာမလိပ်ဟူသော ၎င်းတို့၏ စကားအတိုင်းဖြစ်ချေက မထောင်းတာ။ မတော်တဆ စာလိပ်ချင် လိပ်မှာစိုးရလေသည်။ မိန်းမက စာလိပ်လျှင် မိန်းမကိုယ်တိုင်က မသိမှုသာ စ,တတ်၏။ မျက်နှာထားပုံမှာ သိသာလေသည်။

နံဘေးနား၌ရှိသော သူစိမ်းကိုမကြည့်ဘဲ တစ်ဖက်၌ရှိသော အဖော်များနှင့် စကားပြောဆိုပုံဖြင့် ယောကျ်ားကို မသိမသာ အားပေးတတ်၏။ အားပေးပုံမှာ စကား၌လည်းကောင်း၊ မျက်လုံး၌လည်းကောင်း၊ နှုတ်ခမ်း၌လည်းကောင်း သိသာလှပေသည်။

တစ်နေ့သ၌ ရန်ကုန်မီးရထားရုံးတွင် ကျွန်ုပ်မိတ်ဆွေ အင်္ဂလိုအင်ဒီယန်းတစ်ယောက် မြန်မာမတစ်ယောက်နှင့် စကားပြောနေသည်ကို တွေ့ရသဖြင့် ဘယ်ကမိန်းမလဲဟု မေးကြည့်ရာ မသိကြောင်း၊ မိမိအား နောက်ကနေပြီး "ဟော–ဟော၊ ဘယ်ကိုသွားမလို့လဲ"ဟုမေးရာမှ အကျွမ်းဝင်ပြီး စကားပြောရ၍နေကြောင်း၊ ထိုမိန်းမက မိမိ၏အိမ် လာရောက်လာပတ်ဖို့ ပြောကြောင်းနှင့် မိတ်ဆွေက ပြောပြ၏။

အခန်း ၁၀

## မိန်းမအချင်းချင်း

မိန်းမများသည် အများအားဖြင့် မိန်းမအချင်းချင်းအပေါ်၌ ညှာတာလိုသောစိတ်မရှိ၊ မိန်းမအချင်းချင်းအပေါ်၌ အပြစ်ဆိုစရာ၊ ကဲ့ရဲ့စရာတွေကို လွယ်ကူစွာ မြင်တတ်ကြလေသည်။

ယောကျ်ားများ အပေါ်၌အား ကြင်နာသနားလွယ်ကြလေသည်။ သို့ဖြစ်သောကြောင့် မင်းများ၊ သူဌေးများထံမှ ကပ်မိသော အစောင်အမကို လိုသူတို့သည် မင်းကတော်၊ သူဌေးကတော်များကို ရှေးဦးပထမ ကပ်ကြရ၏။

မိန်းမအချင်းချင်းအပေါ်၌ အပြစ်တွေ့လျှင် ညှာတာခြင်းမရှိကြ။ ယောကျ်ားများအပေါ်၌ အပြစ်ကို ဖြေနိုင်ကြလေသည်။ ယောကျ်ားတစ်ယောက်မှာ ဆင်းရဲဒုက္ခဖြစ်၍နေသည်ကို မြင်ရလျှင် ရင်ထုမနာ ဖြစ်တတ်၏။ မိန်းမတစ်ယောက်ယောက် ဆင်းရဲဒုက္ခ ဖြစ်၍နေသည်ကို မြင်ကြသည့်အခါ မသကာသောစိတ် ရှိတတ်ကြလေသည်။

"ဒင်း မကောင်းလို့ ဒီလိုဖြစ်တာပေါ့၊ တစ်ခုခုလုပ်လို့ပေါ့" ဟူသည်ဖြင့် အပြစ်ရှာ၍ ပြောတတ်ကြလေသည်။ ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို အခြားတစ်ဦးဦးက နှိပ်စက်ညှဉ်းပန်းသည်ကို မြင်ရသည့်အခါ ခံရသူသည် အဘယ်မျှပင် ဆိုးသွမ်းသူဖြစ်စေကာမူ လတ်တလော မြင်လာရသည်ကို သနားပြီး ၎င်းဘက်မှ ကူညီချင်သောစိတ် ပေါ်ပေါက်လာစမြဲ ဖြစ်လေသည်။

ယောကျ်ားများ၌ ဖခင်စိတ်သည် ထိုမျှလောက် မသိသာ မထင်ရှားပေ။ မိန်းမများမှာကား မိခင်စိတ်သည် အခါခါ ထင်ရှား ပေါ်ပေါက်လာလေရာ လင်ယောကျ်ား ရည်းစားများကို ချစ်ရာ၌ပင် မိခင်စိတ် မကင်းတတ်ပေ။

သို့ဖြစ်သောကြောင့် စိတ်ထဲ၌ သူနာပြုအလုပ်ကို လုပ်ကြရသော မိန်းမများ၏ နေရာ၌ ယောကျ်ားများကို ထား၍ကြည့်က ထိုအလုပ်၌ မိန်းမများလောက် မကျင်လည်ကြောင်း သိနိုင်လေသည်။ မိန်းမလောက်လည်း စိတ်မရှည်နိုင်ပေ။ ကြင်နာသနားတတ်သော မိခင်စိတ်သည် ထိုအလုပ်မျိုး၌ မိန်းမများမှာ အကြီးအကျယ် အကူအညီဖြစ်၍ နေလေသည်။

အခန်း ၁၁

## အချစ်ဖွဲ့

မိန်းမသည် ယောကျ်ားတစ်ယောက်ကို တကယ်ချစ်သည့်အခါ အဘယ်လောက်ပင် ယောကျ်ားက ဆိုးသွမ်း၍ နှိပ်စက်ညှဉ်းပန်းစေကာမူ ခွင့်လွှတ်နိုင်၏။ အခါများစွာ ယောကျ်ားများအား ပြန်နှိပ်စက်လိုလျှင် နှိပ်စက်နိုင်၏။ ကလဲ့စားချေလိုလျှင် လွယ်ကူစွာ ချေနိုင်၏။

သို့သော်လည်း အဟုတ်တကယ်ချစ်သော လင်ယောကျ်ားအား ကလဲ့စားချေလေ့မရှိ။ ခွင့်လွှတ်နိုင်သောစိတ်က ပိုမိုလေသည်။

ချစ်သော လင်ယောကျ်ား၏ လက်ချက်ဖြင့် အသက်သေရလောက်အောင် အပြင်းအထန် ဒဏ်ရာရစေကာမူ ရန်တုံ့မမူ၊ ယောကျ်ားက ဝန်ချလျှင် ကြည်ဖြူကျေနပ်စွာ ခွင့်လွှတ်နိုင်၏။ ဤစိတ်သည် မိခင်စိတ်မျိုး ဖြစ်လေသည်။ လင်ယောကျ်ားကို ပြုစုခြင်းအလုပ်၌လည်း ကလေးဆိုးကြီးလို သဘောထားတတ်ကြလေသည်။ မိန်းမသည် ယောကျ်ား၏ အနွံ့အတာကို ခံနိုင်သလောက် ယောကျ်ားများသည် မိန်းမများ၏ အနွံ့အတာကို ခံနိုင်ကြမည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၂

## အချစ်၏ အသား

ယောကျ်ားအပေါ်၌ မိန်းမများထားရှိသော အချစ်သည် အများအားဖြင့် မိန်းမအပေါ်၌ ယောကျ်ားထားရှိသော အချစ်ထက် မြဲမြံကြခိုင်လေသည်။

ဆိုးသွမ်းသော လင်ယောကျ်ားကို မိန်းမများသည် သည်းခံနိုင်သလောက်၊ ယောကျ်ားများသည် မိန်းမများကို သည်းခံနိုင်ကြမည် မဟုတ်ပေ။

အစတွင် ယောကျ်ားများက ကညရ၏။ ၎င်းထောက်ကာ အချစ်ကို သူတောင်းစားကဲ့သို့ တောင်းခံကြ၏။ အကြင် လင်မယားအဖြစ်သို့ရောက်ကြသော အခါ၌မူကား ယောကျ်ားလက်လွတ် မသွားရအောင် မိန်းမသည် အမြဲတပ်သမှုယ် စောင့်ကြပ်ရလေသည်။ အကြောင်းမူကား ''ယောကျ်ားကောင်း မောင်းမတစ်ထောင်'' ဟူသော စကားရိုးရှိလေရာ စကားအတိုင်း ဖြစ်မည်ကို လွန်စွာ စိုးရိမ်ကြရလေသည်။

သို့ဖြစ်လေရာ အဖိုးတန် ကိုယ်ပိုင်ပစ္စည်းတစ်ခုကို ထိန်းရသလို လင်ယောကျ်ားကို ထိန်းကြရလေသည်။

မိန်းမသည် ယောကျ်ားနောက်ကို လွယ်ကူစွာ လိုက်နိုင်၏။ ယောကျ်ားက မိန်းမနောက်ကို လိုက်ရိုးမရှိပေ။

အခန်း ၁၃

## ရှုတ်ချခြင်း

မိန်းမများသည် အချစ်ကြောင့် လုပ်သမျှ ခံနိုင်၏။ အချစ်ကြောင့် ယောကျ်ားကလုပ်လျှင် ဘာမဆို ခံနိုင်၏။

မိန်းမကို အနာတရ ရိုက်နက်ပြီး ''နင် – ဟိုကောင်က ကြည့်နေတာ ဘာလုပ်ခံနေသလဲ'' ဟူသော စကားတစ်လုံးဖြင့် စိတ်ပြေအောင် လုပ်နိုင်၏။ စိတ်ကုန်ခမ်းပြီး တမင်သက်သက် အပြစ်ရှာ ပြောမှားဆိုမှားကိုသာ စိုး၏။ အချစ်ကြောင့် ပြောဆို ရိုက်နက်သည်ကို ခံနိုင်၏။ ရှုတ်ချမုန်းထားခြင်းကို ကား မခံနိုင်ကြပေ။ ရှုတ်ချခြင်းခံရသော မိန်းမ၏ ဒေါသသည် ငရဲမီးထက် ပြင်းထန်သည်ဟု အင်္ဂလိပ်စကား ရှိ၏။

အချစ်ကြောင့်ပြော၊ အချစ်ကြောင့်ဆို၊ အချစ်ကြောင့် ကန်ကြောက် ရိုက်နက်သမျှကို ယုယပိုက်ထွေးခြင်း ခံရသကဲ့သို့ သဘောကျတတ်၏။

ဟန်ဂေရီလူမျိုး မိန်းမများသည် တနင်္ဂနွေ တစ်ပတ်လျှင် တစ်ကြိမ်၊ နှစ်ကြိမ် လင်က မရိုက်လျှင် 'ငါ့လင် ငါ့ကိုမချစ်
ပြီ'' ဟု မှတ်ထင်ကြသည့် 'ငါ့ယောကျ်ား၊ ငါ့ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်လဘယ်နှစ်ကြိမ် ရိုက်သည်' ဟု ပြောကာ အရိုက်ခံရသည့် အကြိမ်ပေါင်း အနည်းအများကို သူတို့အချင်းချင်း ပြိုင်ဆိုင် မော်ကြွားကြ၏။

သို့ဖြစ်သောကြောင့် အချို့သော ဟန်ဂေရီယန် မိန်းမများသည် လင်ရိုက်အောင် တမင်ဉာဏ်ဆင်ကြ၏။ ဉာဏ်ဆင်ပုံမှာ အခြား ယောကျ်ားကလေး တစ်ယောက်ယောက်နှင့် တိတ်တဆိတ် ချစ်ကြိုက်ဟန်ဆောင်ခြင်းကို လင်ယောကျ်ား သိမြင်အောင် လုပ်ခြင်း ဖြစ်လေသည်။

လင်ယောကျ်ား ရိုက်နှက်၍ နာကျင်ခြင်းသည် ရိုက်နှက်ပြီး နောက်ပြန်၍ ချော့မော့ယုယခြင်းကို ခံရသည့်အခါ စိတ်၌ ခံစားရသော အရသာလောက် မကြီးချေ။ နာကြည်းစွာ ရိုက်နှက်ပြီး နောက် စိတ်ကူယ်ရာ၌ ချော့မော့သည့်အခါ ကျဆင်းသော မျက်ရည်သည် မိန်းမများအတွက် ပီတိသောမနဿ အတန်ကြွ၍ ထွက်ပေါ်သက်ဆင်းသော မျက်ရည်ဖြစ်ရာ အရိုက်အနက် ခံရစဉ် အခါ၌ ဟိုမျက်ရည်မျိုး မထွက်၊ ဒေါသသာ ထွက်မြဲ ဖြစ်လေသည်။

သို့ဖြစ်သောကြောင့် (Ubisunt O Po-cule Dulciora Melle Risex Pasect os-cula Rube-scant is pellac)

ဟူသော လက်တင်စကားသည် ယောကျ်ားများနှင့်သာ သက်ဆိုင်သည် မဟုတ်။ မိန်းမများအတွက် သာ၍မှန်လေသည်။

**အစိပ္ပာယ်ကား ပျားရည်ထက် ချိုသော ခွက်များသည် အဘယ်မှာနည်း။ ရန်ဖြစ်ပြီးနောက် အေးချမ်းလျက် မျက်နှာ ကလေး နီမြန်း၍နေသော မိန်းကလေးကို နမ်းရခြင်းသည် ပျားရည်ထက် ချိုပါသည်။**



ယောကျ်ားများအတွက် ထိုအခါ၌ နမ်းရခြင်းသည် အဘယ်မျှပင် ချိုအေးသော်လည်း၊ မိန်းမများမှာ သာ၍ ချိုမြိန်ခြင်း ဖြစ်လေသည်။

နေ့ခင်း၌ လင်မယား ရန်ဖြစ်၍ စကားမပြောဘဲနေကြ၏။ ညဉ့်အိပ်ရာဝင်သောအခါ မိန်းမက ယောကျ်ားကို ကျောပေး၍ အိပ်၏။ ထိုအခါ နေ့ခင်း၌ ဖြစ်ပျက်ခဲ့သည်တို့ကို ဒေါသဖြစ်၍ နေလေ၏။ မျက်ရည်ကျလေ့မရှိ။ စူ၍နေလေ၏။

ထိုအခိုက် ယောကျ်ားက ခြေထောက်နှင့်ချိတ်ကာ မိမိဘက်သို့ ဆွဲလိုက်သည့်အခါ အထိမခံ အသာမျှ ငြင်းဆန်ခဲ့ပြီးနောက် ချိတ်ရာသို့ လိုက်ပါတတ်၏။ ထိုအခါ ယောကျ်ားက ရင်ဘတ်ထဲသို့ လက်နှင့် ဆွဲ၍ သွင်းလိုက်၏။ ရင်ဘတ်ထဲသို့ ရောက်လျှင်ရောက်ချင်း ဝမ်းနည်းပက်လက်ရှိုက်ကာ မျက်ရည်တွေ ကျလာ၏။ ထိုအခါ ထိုမျက်ရည်သည် မိန်းမများအတွက် ပျားရည်ထက် ချိုတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁

## ဒိန်းဒလိန်းနတ်

"သွားရည်စာကိုသာ ဝေစားမည်၊ လင်ကို ဝေမစား
ဟူသော စကားရှိ၏။ အများအားဖြင့် ထိုစကား မှန်၏။ မိမိ
လင်ယောကျ်ား၏ အချစ်ကို မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်လို၏
သို့သော် အချို့သော မိန်းမများသည်ကား မိမိတို့ ယောကျ်ားက
အခြား မိန်းမ တစ်ယောက်ယောက်နှင့် တမင်လွှတ်၍ ပေးတတ်ကြ
လေသည်။

သို့သော်လည်း ထိုကဲ့သို့ လွှတ်ပေးခြင်းသည် အချစ်က
ပေးစွန့်ခြင်းမဟုတ်။ ဟိုကောင်မကို ငါ့ယောကျ်ား ချစ်မည်မဟုတ်
ပျော်ပါးရုံသာ ပျော်ပါးမည်ဟူသော စိတ်နှင့် လွှတ်ပေးခြင်း
ဖြစ်လေသည်။

မိမိ၏ လင်ယောကျ်ားသည် အခြားတစ်ပါးသော မိန်းမ
တကယ်ချစ်ကြိုက်မည် မဟုတ်ဟု ယုံကြည်၍ အခွင့်ပေးခြင်း
ဖြစ်၏။ အကြောင်းမူကား ယောကျ်ားများမှာသာ ဒိန်းဒလိန်းန
ပူးကပ်တတ်သည် မဟုတ်။ မိန်းမများမှာလည်း သာ၍ပ
ပြင်းထန် ပူးကပ်တတ်လေသည်။



"ရှင့်ကို ဟိုက နမ်းသေးသလား၊ ရှင်ကကော ပြောစမ်းပါဦး
ဘယ်လိုလဲ ဘယ်နှယ့်လဲ၊ ရှင်ကလဲ ဖက်မှာပေါ့၊ ဟိုက ပြီးတော့
ဘယ်လိုဖြစ်နေသလဲ၊ ရှင်က ဒီလိုဖြင့် တော်တော်မောလာတာပေါ့၊
ဒါကြောင့် အိမ်ရောက်တော့ ပက်လက်ကိုလန်လို့ နေတာကိုး"
သည့် အမေးမျိုးတွေကို အိပ်ရာ၌ မေးတတ်၏။

ထိုကဲ့သို့ မေးသည့်အခါ လင်ဖြစ်သူက တစ်တစ်ခွခွ ခရေ
စေ့တွင်းကျ ပြန်၍ ပြောသည့်အခါ မယားဖြစ်သူမှာ သွေးသား
ဆကြွလျက် ရမ္မက်ဒေါကြီးစွာ ထတတ်လေသည်။ (ဤကား
ဆေးမကုဆေးနည်း တစ်နည်းပေတည်း။)

မိန်းမများစွာ ယူ၍ထားသူများ၊ အပျော်အပါး လိုက်စားသူများ
တို့ မိန်းမများ စွဲတတ်ကြသည်မှာ ဤလို ဒိန်းဒလိန်းနတ်
ပူးကပ်ခြင်း၏ လေးနက်ပိုင်နိုင်သော အရသာကြောင့် ဖြစ်၏။

မွတ်စလင်လူမျိုးများ၊ မဟာရာဇာများမှာ မိန်းမပေါင်းများစွာ
ထားကြသဖြင့် ၎င်းတို့၏ မိန်းမများမှာ မကျေမနပ်။ များစွာ
စိတ် ဆင်းရဲကြလိမ့်မည်ဟု အချို့က မှတ်ထင်ကြ၏။ ၎င်းတို့မှာ
အချို့ မှတ်ထင်ကြသလို စိတ်မဆင်းရဲကြပေ။ အမြဲအားဖြင့်
တစ်ယောက်ကိုတစ်ယောက် အိပ်ရာမှုနှင့် ပတ်သက်၍ မိမိတို့၏
လင်ယောကျ်ား ကျင့်ကြံပုံအကြောင်းကို ဆွေးနွေးကာ အလှည့်
သလှည့် ပြောယင်း ပျော်ပိုက်၍ နေကြလေသည်။

၎င်းတို့မှာ အလိုရှိသလောက် အလှည့်ကြုံသည့် အခါများ၌
သာ စိတ်မကျေမချမ်း ဖြစ်ကြရလေသည်။

သို့သော်လည်း မဟာရာဇာများမှာ ဖျံ့နှင့်တူသောသတ္တဝါများ
ဖြစ်ကြသောကြောင့် ဤအရာ၌ တာဝန်မလစ်ဟင်းဘဲ သတ္တရား
ကျေပွန်အောင် ဆောင်ရွက်နိုင်သူများ ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့သော မိန်းမများသည် လင်,မယားငယ်နေသည့်အခါ အရူးလို ဖြစ်တတ်ကြ၏။ လင်ဖြစ်သူ လိမ္မာလျှင် ဤအရာ၌ မယားကြီး ကျေနပ်အောင် လုပ်ဖို့ရန် မခက်ပေ။ ဒိန်းဒလိန်းနှတ်နှင့် တိုက်ပေးဖို့သာ လိုလေသည်။

## အဘယ်ပုံ တိုက်မည်နည်း

"ငါ သူ့ကို ချစ်လို့မဟုတ်ပါဘူးကွယ့်။ အသစ်ဘယ်လို ကောင်းကောင်း အဟောင်းကို တလယ်လယ်ဆိုတဲ့ စကားကို မင်းမကြားဖူးဘူးလား။ မင်းတို့မိန်းမတွေဟာ အဲဒါမျိုးမှာ သဘောထားမကြီးလို့ ခက်တာပဲ။ မယားငယ် ယူတယ်ဆိုတာ မယားကြီးကို မုန်းလို့ မဟုတ်ဘူး။ ငါက ဒီဘက်မှာ သူများနှင့် တူတာ မဟုတ်ဘူး။ မင်းကလဲ ငါ့အလိုကို ရေဆုံ့ရေဖျား လိုက်နိုင်တာ မဟုတ်ဘူး။ ဒီတော့ ဟိုကို အိမ်သာတက်သလို သွားရတာ။ ကိစ္စပြီးရင် အနားတောင် မကပ်ချင်ဘူး။ မင်းတို့လို အကြီးတွေက အခုလို သိပ်ပြီးဆူတော့ စိတ်ညစ်ကရောကွယ့်၊ စိတ်ညစ်တော့ အိမ်မပြန်ချင်တော့ဘူး။ နားအေးရာမှာ နေရောကွယ့်။ အဲဒီလို နေနေကျတော့ ဟိုကိုစွဲရော၊ ဒီကိုပြတ်ရော။ မင်းတို့က မဖြီးနိုင် မလိမ်းနိုင်နဲ့ ဘီလူးမကြီးလို လုပ်နေလေ မင်းတို့ကို ကြောက်လေ။ ဟိုတစ်ဖက်ကို ကပ်လေ ဖြစ်တာပေါ့။ ဟိုက ဘယ်လိုလုပ်တာပဲ၊ ဘယ်လိုနေတာပဲ၊ ဘယ်လို ပြောတာပဲ" စသည်ဖြင့် ပြောလျှင် တဖြည်းဖြည်း ဒိန်းဒလိန်းနှယ် ဝင်နိုင်လေသည်။

အိပ်ယာ၌လည်း ဟိုကဘယ်လို၊ ဒီကဘယ်လို၊ ဟိုက ဘယ်လို နိပ်တယ်။ အေး–အေး၊အဲဒီလိုမျိုးပေါ့။ ဒါကျတော့ ခပ်ဆင်ဆင်၊ ဟိုကသာပြီး ဒေါ်ပါတယ် စသည်ဖြင့် ပြောင်သလိုလို၊ ချော့သလိုလို လုပ်၍ မယားဖြစ်သူ၏ အမူအရာ ခိတ်အားထက်သ [illegible]



တစ်မျိုးဖြစ်၍ လာသည်ကို တွေ့ရှိရလိမ့်မည်။ သို့တစ်မျိုးဖြစ်၍ လာသောအခါ ဒိန်းဒလိန်းနှတ်ကပ်ပြီဟု မှတ်ရမည်။ ဒိန်းဒလိန်းနှတ်ကပ်သောအခါ မယားငယ်နှင့် နေပုံကို မကြာမကြာမေးကာ ဒေါကြွ၍ လောဘကြီးလိမ့်မည်။

ထိုအခါ ၎င်းမိန်းမမျိုးမှာ ဒိန်းဒလိန်းနှတ်ကြောင့် ကိစ္စ၏ ဆုံးခန်းသို့ ပိုမိုလွယ်ကူစွာ ရောက်နိုင်လေရာ ကျေနပ်အောင် ဆောင်ရွက်ပေးဖို့သာ လိုလေသည်။

အထူးအရေးကြီးသော အရာမှာ အကြောင်လင်နှင့်မယား ပေါင်းသင်းရာ၌ မိန်းမမကျေနပ်စေခြင်း ဖြစ်ရာ ကျေနပ်အောင် ဤိုးစားသော လင်ယောက်ျားကို အဘယ်မိန်းမမှ စွန့်နိုင်မည် မဟုတ်၊ စွဲရမည်သာတည်း။

ဤကဲ့သို့ တာဝန်ကျေပွန်ရန်အတွက် မောင်ဂိုမာရီလမ်း နံပါတ်(၁၁၅) ရှိ ဂျူးရန် ဒေါ် ကြာဆေး ညှောင်နာဆေးမျိုးကို မှီဝဲရလေသည်။

ပေါင်းဖော်ရာ၌ စိတ်ကို ဘုရားတရားဘက်မှာ သွင်း၍ထားခြင်း တစ်စုံတစ်ရာကို ရွတ်ဆို၍ နေခြင်းသည်လည်း သုတ်ကို သိန်းစေနိုင်လေသည်။

သို့မဟုတ် ဒွါရကို အတွင်းသို့ ကျုံ့ဝင်အောင် ရှုံ့၍ သွင်းထားရမည်။ ဤနည်းလမ်းများကို ရန်ကုန်မြို့ ရေကျော်ရပ်၊ ဘုံသာသီရိတိုက်ထုတ် ကာမသိဒ္ဓိ ကျမ်း၌ ဖော်ပြထားလေသည်။

## သူ့မယားကို အောင်သွယ်နိုင်ခြင်း

အချို့သော မိန်းမများသည် ယောက်ျားတစ်ယောက်ကို တပ်မက်သည့်အခါ မိမိတပ်မက်သော ယောက်ျား၏ မယားနှင့်

www.burmeseclassic.com

www.burmeseclassic.com



စကားပြောရာ၌ ကိလေသာ ကာမဂုဏ်စကားများကို အများကြီး ပြောတတ်၏။

သို့ပြောရာ၌ ဆန္ဒရမ္မက် လောဘကြီးကြောင်းကို ဖော်ပြတတ် ကြ၏။

သို့ဖော်ပြရခြင်းမှာ အခြားကြောင့်မဟုတ်။ "ဒီကောင်မတော် ီ အကြောင်းတွေ သူ့လင်ကိုပြောပြမှာပဲ၊ ပြောပြရင် ငါ ဒါမျိုး ကို လိုလားကြောင်း သူ့လင်သိမှာပဲ၊ သိရင် တစ်နေ့နေ့ ငါ့ဆီ လာပြီး ငါ့ကိုကြံမှာပဲ၊ ငါ့ကိုလာစ,မှာပဲ၊ စ,ယင် အမိတွယ်လိုက် မယ်၊ ဆီးပြီး အမိဖမ်းမယ်" ဟူသော စိတ်အကြံနှင့် ပြောခြင်း ဖြစ်တတ်လေသည်။ အကြောင်းမူ ဤလိုမိန်းမမျိုးကို တွေ့ခဲ့ဖူး၏ ထိုမိန်းမမှာ အခြားမဟုတ်။ အထက် ဖော်ပြခဲ့သော တဲတစ်တဲ တွေ့ကြုံခဲ့ရသည့် မိန်းမပင် ဖြစ်လေသည်။

ထိုမိန်းမသည် စာရေးသူ၏ မိန်းမနှင့် တွေ့တိုင်း အကြမ်းတေ ကို တခစ်ခစ်ရယ်မောပြောတတ်၏။ စာရေးသူ၏ ရှေ့၌ပ တိုးတိုး ပြောတတ်၏။ သို့ပြောရာ၌ ဘယ်အကြောင်းမျိုးေ ပြောသည်ဟု မကြားဘဲနှင့် သိနိုင်လောက်အောင် အမူအရ ဒေါ်ပါပါနှင့် ပြောလေ့ရှိ၏။

သို့ဖြစ်သောကြောင့် ၎င်း၏စိတ်ကို စမ်းသလိုလိုဖြင့် လယ်ထဲ ၎င်းထံသို့သွားရာ အထက်ဖော်ပြခဲ့သည့် နည်းအတိုင်း ကော်င လေး ပြန်လာတော့မည်ဟု ပြောကာ စ,ခြင်း ဖြစ်ပေသည်။

သို့ဖြစ်လေရာ မိန်းမချင်း တွေ့ကြုံသည့်အခါ ညစ်ညမ် သော ကိလေသာ ကာမဂုဏ်စကားကို များစွာပြောသေ မိန်းမသည် ကာမဂုဏ်စိတ် အားကြီးလွန်ကဲသူ ဖြစ်ကြော သိနိုင်လေသည်။



အချို့သော မိန်းမများလည်း ညစ်ညမ်းသော စကားများကို ယောကျ်ားများနှင့်ပင် ပြောတတ်လေသည်။

ထိုမိန်းမများသည် အများအားဖြင့် ဖျက်ဆီးရန် လွယ်ကူသော မိန်းမများ ဖြစ်ကြလေသည်။

အချို့သော အသက်လေးငါးဆယ်ကျော် မိန်းမကြီးများသည် ယောကျ်ားကလေးများအား ပြောင်လှောင် ကစားသလိုလိုနှင့် အရွှန်းပြောတတ်ကြ၏။ ဤကဲ့သို့သော မိန်းမကြီးမျိုး တစ်ယောက် လင်ကြီးရှိလျက်နှင့် ဖြစ်ပျက်နေသည်ကို တွေ့ရဖူးလေသည်။

အချို့ မိန်းမများသည် ပါးစပ်ဖွာဖွာနှင့် ဘွင်းဘွင်းကြီး ညစ်ညမ်းသော စကားများကို ပြောတတ်သဖြင့် သဘောရိုးနှင့် အရွှန်းပြောသည်ဟု မှတ်ထင်ကြ၏။

ထိုမိန်းမမျိုးမှာလည်း အများအားဖြင့် စိတ်ပါ၍ စိတ်များ၍ သေလျှံဆုပွက် အန်ထွက်၍ ကျခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၅

## အသိခေါက်ခက် အဝင်နက်

လင်ယောကျ်ားများသည် အများအားဖြင့် မိမိတို့၏ သား မယားကို ရွယ်တူတန်းတူ၊ ငယ်ရွယ်သူ ယောကျ်ားကလေး များနှင့် မဖောက်မပြန်နိုင်ဟု မှတ်ထင်တတ်ကြလေသည်။

အရုပ်ဆိုးသော ယောကျ်ားများနှင့်လည်း မဖောက်မပြန်နိုင် ဟု မှတ်ထင်တတ်ကြလေသည်။

အရုပ်ဆိုးသော ယောကျ်ားများနှင့်လည်း မဖောက်မပြန်နိုင် အချက်တစ်ခုခုကြောင့် အခိုက်အတန့် ကြုံကြိုက်သည့်အခါ နေရာမရွေး သွေးသားထကြွတတ်လေသည်။

အများအားဖြင့် ငယ်ရွယ်သူများမှာ နှုတ်မစောင့်တတ် မည်သူ၏ မိန်းမကို ငါရသည်ဟူ၍ ဂုဏ်ဖော်တတ်ကြခြင်း ဟောရမ်းတတ်ခြင်း၊ ငွေကြေး အစ်တတ်ခြင်းများကြောင့် ၎င်း ငယ်ရွယ်သူများကို ကြောက်တတ်ကြလေသည်။

ဆရာသမား ဝါကြီးသူ၊ သိက္ခာသမာဓိရှိဟန် အသွင်ရှိသ လူကြီးများမှာမူ နှုတ်စောင့်တတ်သောကြောင့် တစ်ကြောင်း ပြောရဲဆိုရဲပြုမူနေထိုင်ရာမှာ တင့်တယ်ခြင်းကြောင့် တစ်ကြော သာ၍ စိုးရိမ်ဖွယ် ကောင်းလေသည်။



ဆရာသမားများ၊ ရဟန်းဆရာများနှင့် ဖြစ်ပျက်တတ်ကြသည်မှာ ဤနည်းအတိုင်း ဖြစ်လေသည်။

ဆရာသမားများအား မိန်းမတို့နှင့်ဆိုင်ရာ ဓမ္မတာမှုများကို မိန်းမများ ပြောရဲကြ၏။ ဗေဒင်ဆရာသည် အခြားသူများ မပြောနိုင်သော စကားများကို ပြောတတ်ကြ၏။ လက္ခဏာဆရာသည် လက်ကို ဆွဲကိုင်၏။ သို့ဖြစ်လေရာ ထိုလူမျိုးများမှာ သာ၍ ကြောက်ဖွယ်ကောင်းလေသည်။

ရန်ကုန်မြို့၌ အနှိပ်သည်တစ်ယောက် ရှိဖူး၏။ (ယခု မရှိတော့ပေ။) ၎င်းအနှိပ်သည်သည် မိန်းမများကို တစ်မယ်သုံးမူးနှင့် နေ့တစ်ဝက်နီးနီး ကျေနပ်အောင် နှိပ်၍ ပေးလေ့ရှိ၏။ သို့ဖြစ်သောကြောင့် ၎င်းထံ မိန်းမများ ပို၍ အနှိပ်ခံကြ၏။

နှိပ်ရာ၌လည်း ပေါင်တွင်းကြော အရင်းသားကို နှိုက်နှိုက်ချွတ်ချွတ် အကြောင်းရှာ၍ နှိပ်လေ့ရှိ၏။ ၎င်းသိသော မီးယပ်ကြောများသည် အများအားဖြင့် တင်ပဆုံ၊ ပေါင်ရင်း၊ ဆီးခုံများမှာ များလေရာ ဂုဏ်သရေရှိမုဆိုးမ၊ တစ်ခုလပ် အပျိုကြီး၊ လင်ရှိမယားများသည် ၎င်းတို့၏ ဝါသနာကိုသိလျက် အနှိပ်ခံကြ၏။ ၎င်းအနှိပ်သည်သည် ထိုနေရာများမှာ နှိပ်သဖြင့် ဆောင့်ကြောင့်ထိုင်ကာ ကပ်လျက်နှိပ်ရင်း မသိမသာ မတော်တဆ လိုလို ထန်အောင်လုပ်လေ့ရှိ၏။ ၎င်းကို အသုံးပြုသော မိန်းမအချို့သည် သိလျက်နှင့်ခံ၍ နေရ၏။ မခံတတ်သော မိန်းမတစ်ယောက်ကို နှိပ်မိသောအခါ ထိုမိန်းမက ၎င်းကို ဆွဲ၍ပစ်ပြီး ၎င်းကို အမြဲ အသုံးပြုကာ မိန်းမများအား "ရှင်တို့နှိပ်တဲ့ အနှိပ်သည်ကို အကောင်းမှတ်လို့ ကျွန်မခေါ်ပြီး အနှိပ်ခံကြည့်တယ်၊ အဆန်းပါလား"ဟု ပြောကာ ၎င်း၏ ကျင့်ကြံပုံကို ပြော၍ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ အချို့မိန်းမများက "ဟုတ်တယ်တော့၊ ဘာမှန်းမသိဘူး၊ တစ်ခါတစ်ခါ သူ့လက်က ပူပူနွေးနွေးကြီးပါကလားလို့ အောက်မေ့မိတယ်"ဟု ပြောကြလေသည်။ ဤကား အသိခေါက်ခက် အဝင်နက်ခြင်းအစစ် ဖြစ်လေသည်။ အကြောင်းမူကား အဝင်မနက်ဘူးဟု မည်သူ ဒိဋ္ဌ ပြောနိုင်ပါမည်နည်း။

BURMESE CLASSIC .com

အခန်း ၁၆

## တွေ့မရှောင် အချောင်စိတ်

သူငယ်တစ်ယောက်သည် ရန်ကုန်မြို့ ဘုရင့်ရုံ တစ်မတ်တန်းမှာ ကြည့်၍နေခိုက် အနီးရှိ မိန်းမတစ်ယောက်နှင့် ဆေးလိပ်မီးညှိရာမှ စကားစ,မိ၏။ ထို့နောက် ယောကျ်ားပျိုက လက်နှင့် ၎င်း၏ ပေါင်ကို ကိုင်တွယ်သုံးသပ်ရာ ခံနေသတဲ့။ ထို့နောက် အပြင်သို့ ထွက်ရအောင်ဟု ယောကျ်ားပျိုက ဆွယ်ရာ လိုက်ပါလာပြီး ကွမ်းရာဆိုင်၌ ကွမ်းတစ်ရာစီနှင့် စီးကရက်တစ်ဗူး ဝယ်၍ လန်ခြားနှင့် မိုင်ဒါကွင်းသို့ ရောက်၍သွားသတဲ့။ မိုင်ဒါကွင်းထဲ၌ နှစ်ယောက်ထဲထင်သလိုပျော်ပါးရာ ပန်ချာပီကုလား ပုလိပ်တစ်ယောက် ရောက်၍လာသဖြင့် ကုလားကို လာဘ်ပေး၍ လွှတ်ရသည်မှာ ဒင်္ဂါးမဟုတ်။ ၎င်းမိန်းမပျို၏ ကျပ်ပြားတစ်မျိုး ဖြစ်သတဲ့။

### အရှက်အကြောက်

၎င်းတို့မှာ အရှက်သည် ယောကျ်ားထက်မပို။ မိမိတို့ကိုယ်ကို အဖိုးမတန်အောင် ပြုမူမိမှာကို စိုးရိမ်ကြောင့်ကြလေသည်။ သို့ဖြစ်သောအရှက်ထက်အကြောက်အားပိုသည်ဟု ဆိုအပ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ကို တကယ်ချစ်ကြိုက်သောအခါ၌ အရှက်ကိုလည်း ဂရုမစိုက်။ အကြောက်ကိုလည်း ဂရုမစိုက်၊ ယောကျ်ားနောက်ကို ပြောင်ပြောင်ကြီး လိုက်နိုင်၏။ အရှက်တကွဲ ဖြစ်လေလေ၊ မျက်နှာပြောင်တိုက်လေလေ ဖြစ်သည်။

သို့ဖြစ်လေရာ မိန်းမတို့၏ ဣန္ဒြေနှင့် အရှက်သည် ဟန်မျှ ဖြစ်၏။ ထိုစကား မှန်ကြောင်းကို အများအားဖြင့် အသံကျယ်ခြင်း၊ ရပ်ကျော်ရွာကျော် ရန်တွေ့ခြင်း၊ ၇–အိမ်ကြား၊ ၈–အိမ်ကြား ဆူပူရဲခြင်းများဖြင့် သိရှိနိုင်လေသည်။

BURMESE CLASSIC .com

မိန်းမများမှာ ယောကျ်ားထက် အရှက်ကြီးလျှင် ပြည့်တန်ဆာ အလုပ်ကို လုပ်နိုင်ကြမည် မဟုတ်ပေ။

သို့ဖြစ်လေရာ အရှက်အကြောက် အရာ၌ ယောကျ်ား၏ စိတ်မျိုးနှင့် များစွာ မခြားနားပေ။ အရှက်နည်းသူ နည်းပေမည်။ အရှက်ကြီးသူလည်း ကြီးကြပေမည်။

## အသိဉာဏ်ပညာ

အသိဉာဏ်ပညာနှင့် ပတ်သက်ရာ၌ မိန်းမများသည် ယောကျ်ားများထက် စောစွာ သိတတ်ကြ၏။ ရွယ်တူဖြစ်သော ယောကျ်ားကလေးနှင့် မိန်းကလေးနှစ်ယောက်ကို ယှဉ်၍ ကြည့်က မိန်းကလေးမှာ အရာရာ၌ အသိပိုကြောင်း သိနိုင်လေသည်။

ပညာသင်ရာ၌လည်း မိန်းကလေးများက ရလွယ်၊ တတ်လွယ် တတ်ကြလေသည်။

အများလူတို့၏ အယူမှာ မိန်းမများက အသိမြန်ကြောင်း၊ ယောကျ်ားများက မိန်းကလေးထက် အသိမမြန်သော်လည်း ပို၍ နက်နဲစွာ သိတတ်ကြောင်း အများပြောကြ၏။



ကမ္ဘာ့ရာဇဝင်တွင် ဉာဏ်ပညာကြီးသော မိန်းမလွန်စွာ နည်းပါးကြောင်းကား အထင်အရှား ဖြစ်လေသည်။

အဘယ်လူမျိုး ရာဇဝင်မှာမဆို ယောကျ်ားပညာရှိက ပို၍ များလေသည်။

သို့သော်လည်း ထိုကဲ့သို့ ဖြစ်ခြင်းမှာ ဤကျမ်းအစ၌ ဖော်ပြခဲ့သည့်အတိုင်း ပညာဘက်ကို လိုက်စားသော မိန်းမ အရေအတွက်လောက် မများသောကြောင့် ဖြစ်သည်ဟု ဆိုလျှင် မှန်ကောင်းမှန်ပေလိမ့်မည်။ မိန်းမက ရေပေါ်ငါး၊ ယောကျ်ားမှာမူ အသိဉာဏ်ကြီးသည်၊ နက်နဲသည်ဟု ပုံသေစွဲမှတ်ရန် ခက်လှ သည်။ ကမ္ဘာသက်သည် များစွာ နုသေး၏။ ယခု မိန်းမများသည် ယောကျ်ားများ၏ အဆင့်ကို မှီအောင် ကြိုးစားခွင့် ရကြလေရာ နောင်နှစ်ပေါင်း သုံးထောင်လောက် ကြာသောအခါ ယောကျ်ား တတ်သည် မိန်းမထိန်းသည်ဟူသော အယူပပျောက်ဖို့ရန် အခြေ အနေတွေ ပေါ်ပေါက်၍ လာနိုင်လေသည်။

ယခုပင် မိန်းမလောက် အတွေးအခေါ် အမြော်အမြင် မရှိ သော ယောကျ်ားတွေကို များစွာ တွေ့ရ၏။ ယောကျ်ားများထက် လေးနက်သော မိန်းမများစွာကိုလည်း များစွာပင် တွေ့နိုင် လေသည်။

## စိတ်ကို ချုပ်တည်းခြင်းနှင့် ကိုယ်ကျင့်တရား

ဤအရာ၌ မိန်းမနှင့် ယောကျ်ား မည်သူက စိတ်ကို ပို၍ နိုင်သည်၊ မည်သူက ကိုယ်ကျင့်တရား သာ၍ကောင်းသည်ဟု ပုံသေမပြောနိုင်ပေ။ ဆိုးယုတ်သော မိန်းမများလည်း ရှိ၏။ ဆိုးယုတ်သော ယောကျ်ားများလည်း ရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမြင်အားဖြင့်ဆိုလျှင် အများအားဖြင့် မိန်းမများက တရားသာ၍ ပြည့်ဟန်တူ၏။ မိန်းမများက မိမိတို့၏ စိတ်ကို ယောကျာ်းများထက် ချုပ်နိုင်သည်ဟု မှတ်ထင်ရလေသည်။

အကြောင်းမူကား ယောကျာ်းများမှာ ထင်သလိုနေကြ၍ မိန်းမများမှာ ထင်သလိုမနေကြချေ။

အကြောင်းမူကား ယောကျာ်းများ အပျော်လိုက်သလောက် မိန်းမများ အပျော်လိုက်လေ့မရှိ။ ယောကျာ်းဆိုးသလောက် မိန်းမများ ဆိုးလေ့မရှိပေ။

ဤကဲ့သို့ ဖြစ်ခြင်းမှာ မိန်းမက ပို၍ မြတ်သောကြောင့် မဟုတ်။ 'မိန်းမတို့ ဣန္ဒြေ ရှေ့ပေးလို့မရ' ဟူသော စကားအရ ဣန္ဒြေရှိမှ အဖိုးတန်သောကြောင့်လည်းကောင်း၊ ယောကျာ်းများက အခွင့်မပေးကြသောကြောင့်လည်းကောင်း စိတ်ကို အနိုင်နိုင် ချုပ်ကြရခြင်း ဖြစ်လေသည်။ အကယ်၍ မိန်းမများမှာ အာဏာတန်ခိုး ယောကျာ်းထက် ကြီးကြလျက် ထင်သလိုနေ၊ ထင်သလိုသွား၊ ထင်သလို လုပ်ခွင့်ရှိကြချေက ယောကျာ်းများနှင့် မခြားမနား၊ ယောကျာ်းများကို ကျင့်ကြံလေမလား မပြောနိုင်ပေ။

စဉ်းစားဖွယ် အချက်တစ်ခုမှာလည်း ကမ္ဘာဦးမှ စ၍ ယခု ခေတ်အခါသို့တိုင်အောင် စိတ်ကိုချုပ်တည်းခြင်း၌ အကျင့်ရခဲ့ကြပြီးဖြစ်ရာ၊ နောက် အခွင့်တန်ခိုး ပို၍ပင် ရကြစေကာမူ ထိုလေ့ကျင့်ခြင်း၏ အကျိုးကြောင့် မိန်းမများသည် ယောကျာ်းများထက် ပို၍ စိတ်ကို ချုပ်တည်းနိုင်ဖွယ်ရာရှိခြင်း ဖြစ်လေသည်။ ထို့ပြင် ပဋိသန္ဓေ လွယ်ရခြင်းမှာ ထိုအခါ၌ လွတ်ကင်းကြမည် မဟုတ်ပေ။ ပဋိသန္ဓေ လွယ်ရခြင်းသည်လည်း စိတ်ကို ချုပ်တည်း သိမ်းဆည်းခြင်း လေ့ကျင့်ခန်းအတွက် လမ်းအခွင့်ကောင်းကြီး



တစ်ခု ဖြစ်၍နေလေသည်။ မိန်းမများသည် အဘယ်မျှပင် တိုးတက်၍ အဘယ်မျှပင် တန်ခိုးကြီးပြီး ဣန္ဒြေရှင်အဖြစ်မှပင် ကင်းလွတ်ကာ ထင်သလို နေနိုင်ခွင့်ကိုပင် ရကြစေကာမူ ပဋိသန္ဓေ လွယ်ရခြင်းသည် ၎င်းတို့ကို အမြဲနှောင်ဖွဲ့လျက်သာ ရှိနေလိမ့်မည်ကား မလွဲသာသောအရာ ဖြစ်လေသည်။

လူတို့၏ စိတ်နေသဘောထား သဘာဝတရားနှင့် ပတ်သက်၍ ဆင်ခြင် စဉ်းစားရာ၌ မျက်မြင် အခြေအနေကလေးကိုသာ အထောက်အထား မပြုအပ်ပေ။ သဘောတရားသည် လွန်စွာ ကြီးကျယ်၏။ သဘာဝတရားကို ပြုပြင်ပြောင်းလဲ ဖန်တီးသော အခြေအနေတို့သည်ကား ခေတ်အခါသမယ အားလျော်စွာ အမျိုးမျိုး ပြောင်းလဲနိုင်ကြသည့် အခြင်းအရာကို မမေ့အပ်ကြောင်း၊ သဘာဝတရားတည်းဟူသော မြစ်ရိုးကြီး၌ နှစ်ပေါင်း နှစ်ထောင်၊ သုံးထောင်သည် တစ်လက်မ၊ တစ်ပေမျှသာ အတိုင်း အရှည် ပမာဏကဲ့သို့ လွန်စွာမှ တိုတောင်းလေရာ၊ တိုတိုတောင်းသော ကာလ အပိုင်းအခြားကလေးများ၌ တွေ့ရှိရသော အခြေအနေကလေးများကိုသာ ကြည့်ရှုဆင်ခြင် ဉာဏ်အမြင် ခရီးမပေါက် ရောက်သူတို့သည် ရှေးကုလားကျမ်းများနှင့် ၎င်းကျမ်းများမှ ထွက်သော အရှေ့တိုင်း ဝါဒများကို တစ်ခုထစ်ချ ရေးမှတ်၍ ထားခဲ့ကြလေသည်။

မိန်းမများမှာ ချစ်စဖွယ်ကောင်းသော စိတ်ကလေးတွေ ယောကျာ်းများမှာထက် ပို၏။ ထိုစိတ်ကလေးများသည်ကား ချစ်ခင်တတ်ခြင်း၊ ကြင်နာတတ်ခြင်း၊ သနားတတ်ခြင်း၊ အားလုံးသော သတ္တဝါတို့အပေါ်၌ မိခင်တို့ စိတ်ကောင်းစိတ်မြတ်မျိုး ထားရှိခြင်း၊ သည်းခံနိုင်ခြင်း စသည့်စိတ်များဖြစ်၍ ၎င်းတို့မှာ

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ခြင်းကို ပို၍ ရသည့်အခါ ထိုစိတ်များကို ပိုမို၍ အသုံးပြုနိုင်ကြဖို့ နည်းလမ်းတွေ များစွာပေါ်ပေါက်လာနိုင်လေသည်။

မိန်းမများသည် အနုမျိုးဖြစ်သည်ကား မှန်၏။ သို့သော်လည်း မရင့်သေးခိုက်မှာ နုခြင်းဖြစ်ရာ အမြဲနု၍ နေကြမည် မဟုတ်ပေ။ ယခုပင် ယောကျ်ားများထက် သဘောကြီးသော မိန်းမတွေ များစွာ ရှိနေသည် မဟုတ်ပါလော။

အခန်း ၁၇

## ယောကျ်ားနှင့် မိန်းမ

"မရှိလည်းခက် ရှိလည်းခက်" ဟူသော စကား၌ မရှိခြင်းသည် [illegible]င် ထက် ပို၍ခက်၏။ မိန်းမသည် ယောကျ်ား၏ အစိတ်အပိုင်း [illegible]၏။ မိန်းမရှိမှ လူလားမြောက်၏။ မိန်းမရှိမှ ပြည့်ပြည့်စုံစုံ [illegible]ဖြစ်နိုင်လေသည်။

အချို့သော သူတို့သည် ခရစ်ယာန်ဘုရယ်သယ်ကျောင်းများ [illegible]ကလေးများကို ပို့ထားကြ၏။ ထိုသို့ ပို့ထားရာ၌ စိတ်ချလက်ချ [illegible]ချမ်း၍ နေတတ်ကြလေသည်။ ဘုန်းကြီးကျောင်းများသို့ [illegible]ယောကျ်ားကလေးများကို ပို့ထားသူများသည်လည်း စိတ်ချတတ်[illegible]လေသည်၊

ထိုပုဂ္ဂိုလ်များသည် လောကအကြောင်းကို ကောင်းစွာ [illegible]မလည်၊ အိမ်ထောင်မပြုရသူများ ဖြစ်ရာ ၎င်းတို့၏ စိတ်သည် [illegible]မ်းကြုတ်မာကျောလျက် ပြောင်ချောခြင်း မရှိသဖြင့် [illegible]ရံတစ်ခါ ရက်စက်နိုင်ကြ၏။ အမြဲအားဖြင့်ကား လေးစား[illegible]ပြုသင့်သလောက် မပြုတတ်ကြချေ။

သားမယား မရှိသော ကျောင်းဆရာများသည် သားမယားရှိ[illegible] ဆရာများလောက် အကြင်နာ မရှိတတ်ကြချေ။ သားမယား

www.burmeseclassic.com

www.burmeseclassic.com



ရှိသူတို့မှာ စိတ်သည် ချိန်သားကျလျက် အကြမ်းဘက်ကို
အနုဘက်နှင့် ပြေပြစ်အောင် ဖန်တီးသည့် ဓမ္မတာသဘောကြော
မျှတသော စိတ်ကို ရရှိကြလေသည်။

မိန်းမများသည်လည်း နုသဖြင့် ယောက်ျားတည်းဟူသော
အဆင့်နှင့် တွဲကြရ၏။ မတွဲမနွဲရလျှင် ချိန်သားမကျ။ အချိုး
မကိုက်ဘဲ နေတတ်လေသည်။

မိန်းမများမှာ ယောက်ျားမရှိက စိတ်ဖောက်ပြန်တတ်၏။
ရူးသွပ်သော ဖောက်ပြန်နည်းမျိုး မဟုတ်ပေ။ ယောက်ျား မယှ
သော မိန်းမ၏စိတ်သည် ရေမတွေ့သော မြေနှင့် တူ၏။ သွေ့
ခြောက် ကွဲအက်လျက် ကျက်သရေ မရှိတည်း။ သုခချမ်းသာ
လည်းမရှိ။ အခြေအရုံတွေ သိန်းသန်းကုဋေ၏ အလယ်၌
သွေ့ခြောက်ကာ အဖော်မရှိသော တစ်ကိုယ်တည်းမယ်ပမာ
ဖြစ်ရမည်တည်း။

ထိုမိန်းမများမှာ တိရစ္ဆာန် ခွေး၊ ကြောင်၊ ကြက်၊ ငှက်ကို
ဖြစ်စေ၊ သူတစ်ပါး၏ ကလေးကိုဖြစ်စေ ချစ်ခင်ယုယ၍
နေရမှ သက်သာရာ ရှိနိုင်လေသည်။

တစ်ရံတစ်ခါလည်း မိမိထက် များစွာငယ်သော သူများနှ
အကြောင်းသင့်မြတ်တတ်၏။ သို့မဟုတ် ကုသိုလ်ဖြစ် လူမ
မြှုစုခြင်း၊ ဆင်းရဲသူတို့ကို ကြည့်ရှုစောင့်မခြင်း အလုပ်မျိုးဖြ
ဖြေဖျော်တတ်ကြလေသည်။ ထိုကဲ့သို့ ပြုစုကြရာ၌ မိမိတို့၏
စိတ်ကို မိမိကိုယ်တိုင် မသိကြချေ။ ကုသိုလ်ကို လိုချင်သောကြော
ပြုစုရသည်ဟူ၍သာ မှတ်ထင်တတ်ကြ၏။

စင်စစ်မှာကား ကုသိုလ်အတွက် မဟုတ်ကြောင်း၊ လ
ယောက်ျား အဖော်မရှိခြင်းကြောင့် ဖြစ်ကြောင်း၊ ၎င်းတို့



စိတ်ကို သေချာစွာ စစ်ဆေးစုံစမ်းမှ သိနိုင်လေသည်၊ အဖော်တကာ့
အဖော် အဖော်အပေါင်းဟူသမျှတို့တွင် လင်နှင့်မယားသည်
အရေးကြီးဆုံးသော အဖော်အပေါင်း ဖြစ်ကြလေသည်။

## လင်နှင့်မယား

ယောက်ျားများသည် မိန်းမရပြီးနောက် အချစ်အေးစ ပြုသည့်
အခါ မိန်းမများက ဂရုစိုက်သလောက် မိန်းမကို ပြန်၍
ဂရုမစိုက်တတ်ကြချေ။

မိန်းမများက ပိုမို၍ ဂရုစိုက်ကြရသည်မှာ တခြားကြောင့်
မဟုတ်။ ယောက်ျားကောင်း မောင်းမတစ်ထောင် ဟူသော
စကားကြောင့် ဖြစ်၏။ မည်သည့် မိန်းမကမှ မိမိတို့၏ လင်
ယောက်ျားကို အခြားသော မိန်းမများ မားပြတိုက်သည်ကို
မခံချင်ကြပေ။ သို့ဖြစ်လေရာ ယောက်ျားများသည် တစ်ကိုင်းမှ
တစ်ကိုင်းသို့ ကူးပြောင်းတတ်သော ရှဉ့်လို သတ္တဝါမျိုး၊ မျောက်လို
သတ္တဝါမျိုး ဖြစ်သဖြင့် သာ၍ ဂရုစိုက်ကြရလေသည်။

မိမိတို့က ဂရုစိုက်သကဲ့သို့ မိမိကိုလည်း ယောက်ျားများ၏
ဂရုစိုက်ခြင်းကို ခံလိုကြ၏။ သားယားကြည်ဖြူ ချစ်ခင်ယုယသော
စကားလေး တစ်လုံးကို ပြောခြင်းသည် ဝန်လေးလှသော
အလုပ်မဟုတ်ပေ။ သို့ပါလျက် ယောက်ျားများသည် အမှတ်တမဲ့
နေတတ်ကြ၏။

“မင်း-ဒီနေ့ချက်တဲ့ငါးပိလိမ္မော်ကလေး ကောင်းလိုက်တာဟော့၊
ဆင်းစပ်ကလေးက သိပ်ဘည့်တာပဲ၊ သတိထားပါကွယ်၊
ကြောင်စရာရှိရင် မိကြူကို ခိုင်းပါကွယ်။ နေထိုင်မကောင်း
ဖြစ်မယ်ဟော့၊ ဒီလုံချည် မင်းနဲ့ မတော်ပါဘူးကွယ်။ မရှိဆင်းရဲသူ
[illegible] ပေးလိုက်ပါ။ မင်းနဲ့ ဟို ဖဲလုံချည်ကလေးဟာ တော်လွန်းပို့

www.burmeseclassic.com



ဝတ်ပါ''ဟူသော စကားလေးများ၊ နေထိုင်မကောင်းလျှင် နဖူးကိုင်၊ ခြေဖျားကို စမ်းသပ်ယုယခြင်းကလေးများ၊ တစ်စုံတရာ မိန်းမကပြောလျှင် ဂရုစိုက်၍နားထောင် အရေးယူဟန်ဆောင်ခြင်းကလေးများသည် လွယ်လွယ်ကလေး၊ မပင်ပန်းဘဲ ဖြစ်နိုင်သောကြောင့် မိန်းမများမှာ အလွန် ပီတိသောမနဿ ဖြစ်နိုင်လေသည်။

လင်ယောကျ်ားဖြစ်သူကို နွဲ့ချင်သည်၊ မူချင်သည်ဟူသော စကားသည် အခါတိုင်းမမှန်။ မိန်းမတိုင်း နွဲ့သည်၊ မူသည် မဟုတ်။ အချို့ ရှက်တတ်၏။ ယောကျ်ား၏ ဂရုစိုက်ခြင်းကိုကား မနှစ်သက်၊ မလိုလားသော မိန်းမ မရှိပေ။

မိမိ၏ မိန်းမကို အခြားမိန်းမ တစ်ယောက်ယောက်နှင့် နှိုင်းကာ ညံ့သည်၊ ဖျင်းသည် ဟူသော စကားမျိုးကို ဘယ်သောအခါမှ မသုံးအပ်ပေ။ ထိုစကားမျိုးသည် မိန်းမများ မခံချင်ဆုံးသော စကားမျိုး ဖြစ်လေသည်။

၎င်းတို့၏ သဏ္ဍာန်နှင့် ချီးမွမ်းဖို့ကောင်းသော အချက်ကလေးများကို ရှာကြံ၍ ချီးမွမ်းရမည်။

ဤနည်းသည် အိမ်ထောင်ရေး၏ သာယာငြိမ်းချမ်းရေးအတွက် နည်းကောင်းလမ်းကောင်း ဖြစ်ပေသည်။

## မိန်းမ၌ ရှိသော ယောကျ်ားစိတ်

ယောကျ်ားဟူသမျှမှာ မိန်းမစိတ် အနည်းအများ ရှိ၏။ မိန်းမဟူသမျှမှာလည်း ယောကျ်ားစိတ် အနည်းအများ ရှိ၏။

ယောကျ်ားစိတ်များသော မိန်းမမှာ မိန်းမရှာပင် ဖြစ်စေကာမူ စိတ်သဘော ပျော့ပျောင်းသိမ်မွေ့၏။



မိန်းမစိတ်များသော ယောကျ်ားမှာ ယောကျ်ားရှာပင် မဟုတ်စေကာမူ စိတ်မြန်တတ်၏။ Tomboy ဟု အင်္ဂလိပ်ဘာသာဖြင့် ခေါ်လေသည်။

ယောကျ်ားစိတ်နည်းသော မိန်းမများသည် ထက်မြက်လျင်မြန်ခက်ထန်လျက် ယောကျ်ားပီသသူများကို လိုလားတတ်ပေ၏။ ယောကျ်ားစိတ်များသော မိန်းမသည် ပျော့ပျောင်းသော ယောကျ်ားများကို လိုလားနှစ်သက်တတ်၏။ သို့သော်လည်း ခင်စိတ်သည်ကား ၎င်းတို့မှာ မပြေပျောက် မပျက်ရုံမက ပိုမို သက်သန့်လေသည်။

ထိုမိန်းမမှာ ယောကျ်ားများလို သွားလာလုပ်ကိုင် ကြံစည်တတ်ကြလျက် လျင်မြန်ထက်မြက်သော်လည်း သနားကြင်နာတတ်သော စိတ်မှာ မဆုတ်မယုတ် အခါများစွာ နူးညံ့သိမ်မွေ့ ပျော့ပျောင်းသော မိန်းမများထက် ကြင်နာတတ်ကြလေသည်။

အမူအရာ၊ လုပ်ပုံကိုင်ပုံ၊ အသွင်အပြင်မှစ၍ အလွန်နူးညံ့သိမ်မွေ့ဟန်ရှိလျက် အသနား၊ အကြင်နာမရှိ ရက်စက်သောမိန်းမ၊ ဒန်တိုမိစ္ဆာကြီးသော မိန်းမများ ရှိကြ၏။ ယောကျ်ား အမူအရာ ရှိခြင်းကြောင့် ရက်စက်ကြမ်းကြုတ်မည်ဟု မဆိုနိုင်။ မိန်းမပီသခြင်းကြောင့် မရက်စက်နိုင်ဟူ၍လည်း မှတ်ယူခြင်း မပြုအပ်ပေ။

အချို့သော မိန်းမများသည် ယောကျ်ားနှင့်တူ၏။ ခက်ထန်သည်လည်း ရှိ၏။ မတရားမှုများကို မုန်းထားတတ်ကြလေသည်။ ၎င်းတို့သည် အပြောအဆိုမှစ၍ အရာရာ၌ ကြောက်မက်ဖွယ်ကောင်းသည်ဟု အများ ထင်မှတ်ကြသော်လည်း ကြင်နာသနားသော စိတ်သည် မပျောက်ပျက်။ အမြင်၌ ဖော်မပြခြင်းကြောင့်သာ မြုပ်ကွယ်၍ နေတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အလွန်ကြမ်းတမ်းလျက် အလွန်အာကျယ်သော တောသူ တစ်ယောက်ကို တွေ့ဖူး၏။ ၎င်း၏ ယောကျ်ားသည် ၎င်းကို အတော်ကြောက်ရ၏။ ရပ်ပေါ် ရွာပေါ်၌လည်း သြဇာရှိ၏။ ခြံပေါက်နွားကလေး တစ်ကောင်ကို ယောကျ်ားဖြစ်သူက ရောင်းလို သည့်အတွက် သုံးရက်၊ လေးရက် ထမင်းမစားဘဲ မျက်ရည်နှင့် မျက်ခွက် ဖြစ်နေ၏။ နှမြောသောကြောင့် မဟုတ်။ မခွဲရက်သော စိတ်ကြောင့် ဤကဲ့သို့ ဖြစ်ရကြောင်း သိရလေသည်။

ငိုသောအခါ၌လည်း ဒေါသနှင့် ခြေကို ပြင်းပြင်းဆောင့်၍ နင်းကာ သွားလာလုပ်ကိုင်ရင်း တဖျစ်တောက်တောက် ပြော၍ ငို၏။

အခြား နွားတစ်ရှဉ်းကိုလည်း ရောင်းပြီးနောက်၊ တစ်ခါ လယ်လောက်အကြာမှာ တစ်ရှဉ်းအနက် တစ်ကောင်မှာ တင်းကုပ် သို့ အဘယ်နည်းနှင့် ရောက်၍လာသည် မသိရ။ ပြန်၍ ရောက်လာရာ နွား၏ လည်ပင်းကို ဖက်၍ ငို၏။ ထိုအခိုက် ၎င်းနွားကို ဝယ်သူသည် အခြားရွာမှ လိုက်လာပြီး နွားကိုပြန်၍ ယူသွားရာ မအိပ်နိုင်၊ မစားနိုင် ဖြစ်၍ နေလေသည်။

ထိုမိန်းမမျိုးမှာ ယောကျ်ားစိတ် များလျက် မိန်းမစိတ် မပျော့။ အားငယ်သူများကို ခင်မင်တွယ်တာတတ်၏။ သို့တွယ် တာရာမှ နီးစပ်နီးနှောခြင်း အဖြစ်သို့ ရောက်တတ်ကြလေသည်။

ထိုမိန်းမမျိုးသည် လင်ယောကျ်ားကို လုပ်ကိုင် ရှာဖွေ၍ ကျွေးတတ်၏။ မောင်ဘွား၊ တူသား၊ ကြီးသော အိမ်ထောင်ကြီး များ၏ တာဝန်ကိုပင် ခံယူထမ်းဆောင်နိုင်ကြလေသည်။

ထိုမိန်းမမျိုးသည် ပိုက်ထွေးယုယမည့် လင်ယောကျ်ားမျိုး ရ၍၊ မိမိတို့က ၇ရစိုက်သော ယောကျ်ား အပျော်စားများ



ဆိုလားတတ်ကြလေသည်။ ၎င်းတို့အပေါ်၌ အမာစားလုပ်၍ နေ၊ အပျော်စားလုပ်မှ ၎င်းတို့၏ နှလုံးသားကို သိလွယ် ခွဲလွယ် လေသည်။

ထိုမိန်းမမျိုးသည် အချစ်ကို ပြခြင်း၌ ရဲတင်းတတ်ကြ၏။ ထိုမိန်းမမျိုး တစ်ယောက်ကိုတွေ့ဖူး၏။ စာရေးသူသည် အဖော် တစ်ယောက်နှင့် မီးရထား စီး၍သွားရာ စာရေးသူအဖော်အား မိန်းမတစ်ယောက်က "ရှင်တို့ ဘယ်ဘူတာမှာ ဆင်းမလဲ"ဟု မေး၏။ အဖော်ဖြစ်သူက ပြောပြရာ "ဒီလိုဖြစ်ရင် ကျွန်မတို့ရွာနဲ့ နီးတာပေါ့။ ကျွန်မတို့ရွာကို အလည်လိုက်ပါလား။ ကျွန်မတို့ရွာမှာ တစ်ညအိပ်ပါ၊ ရှင်တို့ ညစာထမင်းမငတ်ပါဘူး။ မနက်ကျမှ ရှင်တို့သွားမယ့် နေရာကို သွားတာပေါ့"ဟု အချိုး၊ နိဒါန်း၊ မချိုးဘဲ စ၍ ပြောရာ စာရေးသူ၏ အဖော်က ပြုံးလျက် စကားပြန်မပြောဘဲ နေလေ၏။

၎င်းနောက် မီးရထားရုံးဘက်သို့ အတော်နီးလာသောအခါ "ရှင်တို့ လိုက်ရမယ်နော်၊ မလိုက်ယင် သိရောမယ်"ဟု ပြောသည် ကို ကြားသဖြင့် အဖော်ဖြစ်သူအား "ဘယ်ရွာကလဲ"ဟု မေးရာ အဖော်က မသိကြောင်း၊ တစ်ခါနှစ်ခါ ဈေးထဲမှာ မြင်ဖူးကြောင်း စကားလည်း မပြောဘူး။ အသိလည်းမဖွဲ့ဘူးကြောင်းနှင့် ကျွန်ုပ်၏ အဖော်ကပြန်၍ပြောလေသည်။ ထိုအခါ ကျွန်ုပ်က ကိုရင် သွား ချင်လဲသွား၊ သွားရင် ဒုက္ခအကြီးအကျယ်သော်လည်းကောင်း တွေ့ရမည်။ အရှည်ဖြင့်သော်လည်းကောင်း ကံမျှားမည်။ အကြီး အကျယ် ပျော်ချင်လဲ ပျော်ရမှာပဲဟု ပြောဆိုသတိပေးရပါသည်။ ကျွန်ုပ်၏ အဖော်သည် များစွာ စဉ်းစားပြီး မသွားဘဲ နေခဲ့လေ သည်။ သွားမိလျှင် အဘယ်သို့ဖြစ်မည်ကို မသိရပေ။

www.burmeseclassic.com

www.burmeseclassic.com

## သစ္စာဖောက်ခြင်း

ဤလောကသည် အမြဲပြောင်းလဲသော လောကဖြစ်၏၊ သတ္တဝါဟူသမျှသည်လည်း အမြဲမပြတ် ပြောင်းလဲ၍နေကြ၏။ တစ်စက္ကန့်နှင့် တစ်စက္ကန့် မတူကြပေ။ ဤစာကို ရေးခိုက်၌ပင် ပထမစာလုံးကို ရေးသော်သူသည် ဒုတိယစာလုံးကို ရေးသော်သူ မဟုတ်တော့ပေ။ ဤသည်ကား သဘာဝ သဘောတရားဖြစ်၏။

ပင်လယ်ရေပြင်သည် အဘယ်မျှပင် လေငြိမ်စေကာမူ လှိုင်းကလေးများ ထကြွလျက်ရှိ၏။ လေသည် အဘယ်မျှပင် ငြိမ်စေကာမူ လှုပ်ရှားလျက်ရှိ၏။ ဤလှုပ်ရှားခြင်းသည် ပြောင်းလဲခြင်းပေတည်း။

သဘာဝ သဘောတရားသည် ပြောင်းလဲခြင်းဖြစ်ရာ မပြောင်းလဲလျှင် အတည်မနေနိုင်။ ပြောင်းလဲခြင်းကိုလည်း သတ္တဝါဟူသမျှ လိုလား နှစ်သက်၏။ အသစ်ကို နှစ်သက်ခြင်း စိတ်သည် ဤသဘောတရားမှ ထွက်ပေါ်လာလေရာ အစာကိုလည်းကောင်း၊ အဝတ်ကိုလည်းကောင်း၊ အနံ့၊ အရသာ၊ ရုပ်ရုံကိုလည်းကောင်း တစ်မျိုးတည်းသော တွေ့ကြုံခံစား အသုံးပြု၍ နေချေက မကျေနပ်နိုင်။ သို့ မကျေ နပ်နိုင်ခြင်းသည်လည်း သဘာဝ သဘောတရားပင် ဖြစ်လေသည်။

ယောကျ်ား၊ မိန်းမတို့မှာလည်း ထို့အတူပင်တည်း။ ဖြူဖွေး တုတ်ထွား ခန့်ညားလှပ ပြည့်ဝ ပြေပြစ် လွန်မင်းစွာ ချစ်စဖွယ် ကောင်းလှသော မယားနှင့် ပေါင်းသင်း၍ နေရသူအား မစဉ်းစား သူတို့က အင်မတန် ကံကောင်းတဲ့လူပဲ။ ဤလို ချောမောသော မိန်းမတစ်ယောက်၏ ကာမပိုင် လင်ယောကျ်ား ဖြစ်ရခြင်းသည် လွန်မင်းစွာ ကောင်းမှာပဲဟု တွေးတော မှတ်ထင်ပေလိမ့်မည်။



ထိုမိန်းမ၏ ယောကျ်ားသည်ကား ညိုညစ်ပိန်စောက် တင်ကောက်မလေးတစ်ယောက်ကို မက်ကာ တော်ရာ၌ အိပ်ပျက် ခံ၍ နေ၏။ ပုပ်စပ်နံစော် အပေါ်ယံမွှေးအောင် နံ့သာဆေးခြယ်၍ ထားသော နတ်မယ်ဒေဝီ အောစီဒင်္ဂါး ငါးကျပ်စားကို ပိုမို မေတ္တာစူးစိုက်ကာလျှင် အိမ်မှာရှိသူ ချစ်ရင့်လှကို မကြည်မဖြူ အမူမကောင်း ပေါင်းလို့မမြိန် စိတ်မငြိမ်ဘဲ သူလွန်ကဲလျက် မရှက်ဖြစ်အောင် အသစ်ထင်၍ ပျော်ရွှင်ဖောက်ပြားသူ မှောက်မှားသည့် ယောကျ်ားများစွာတို့ ခမ္ဘတာ။

ထိုနည်းတူစွာ မိန်းမများမှာကား နဝင်ပီယံ ရမ္မက်ထန်လျက် ယောကျ်ားများလို ကိုယ်တိုင်ထွက်၍ အသစ်ကိုပင် ရှာရဲကြစေကာမူ စိတ်ထဲမှ အသံကြားရုံနှင့်လည်းကောင်း၊ အသွင်မြင်ရုံနှင့်လည်းကောင်း ဖောက်ပြားတတ်ကြလေရာ အခွင့်သာ၍ လုံခြုံမည်ဟု စိတ်ချရလျှင် စိတ်နောက်သို့ ခန္ဓာပါ လိုက်တတ်ကြသည်ကား အများအားဖြင့်ပေတည်း။

မဖောက်ပြန်ဘဲ နာမည်ကောင်းယူနေသော မိန်းမအချို့တို့မှာ ဖျက်မည့်သူ မပေါ်လာခြင်းကြောင့်သော်လည်းကောင်း၊ ပေါ်လာလျှင် မက်လောက်သူ မဟုတ်သောကြောင့်သော်လည်းကောင်း၊ ပေါ့ပေါက်မှာ ကြောက်ရသောကြောင့်သော် လည်းကောင်း နာမည်ကောင်း၍ နေခြင်းမျှ ဖြစ်တတ်လေရာ၊ ကံဆိုးသဖြင့် ပျက်ဆီးခြင်းသို့ ရောက်ဖို့ရန် သမ္ဘတ္တိ အမျိုးမျိုးစုံလင်၍ ပျက်စီး ရရှာသူကလေးများအပေါ်၌ မညှာမတာ ကဲ့ရဲ့ ပြောဆိုတတ်ကြလေသည်။

မိမိကိုယ်တိုင်ပင် ဖောက်ပြန်တတ်သော်လည်း ပင်ယောကျ်ား ဖောက်ပြန်သည့်အခါ သည်းမခံနိုင်သော မိန်းမများလည်း ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



အချို့သောမိန်းမများသည်ကား မိမိတို့၏ လင်ယောကျ်ားသည် မိမိတို့ကို အဘယ်သောအခါမျှ နှင်ပစ်မည် မဟုတ်ကြောင်း စိတ်ချလက်ချ သိကြသဖြင့် အခြားမိန်းမများနှင့် ဆွယ်၍ပင် ပေးတတ်ကြလေသည်။

အချို့မှာ မိမိ၏ လင်ယောကျ်ားသည် အခြားသူ တစ်ယောက်၏ မိန်းမနှင့် တိတ်တဆိတ် ဖြစ်ပွားနေကြောင်း သိရသည့်အခါ အသားယူကြလျက် "ငါ့လင်ဟာ အတော်ဟန်တဲ့ လင်ပဲ"ဟူသော တက်ကြွသော စိတ်မျိုးနှင့် ထုတ်ဖော်၍ပင် မောင်းတီးတတ်ကြလေသည်။

ဤကဲ့သို့သော မိန်းမတစ်ယောက်ကို တွေ့ဖူး၏။ ထိုမိန်းမ၏ ယောကျ်ားမှာ အခြားယောကျ်ားတစ်ယောက်၏ မိန်းမနှင့် ဖြစ်ပွား၍နေကြောင်း ထိုမိန်းမသိ၏။ တစ်နေ့၌ မိမိ၏ ယောကျ်ားနှင့် ဖြစ်ပွားနေသော မိန်းမ၏ ယောကျ်ားကို မြင်သောအခါ "သနားပါတယ်၊ အိမ်ကဟာကြီးနဲ့ သူ့ဟာမ ဖြစ်နေတာ မသိရှာဘူး"ဟု ငေါ့သလိုလို၊ သရော်သလိုလို အခြားသူများ ကြားအောင် ဂုဏ်ဖော်၍ ပြောလေသည်။

အကယ်၍ ၎င်းမှာ စိတ်ကောင်းရှိလျှင် လူကြားအောင်ပြောဖို့ မရှိ။ ထိုကဲ့မကောင်းသူကို သနားရိုး မှန်လျှင် ထိုလူ၏ မိန်းမ ကိုလည်းကောင်း၊ မိမိ၏ ယောကျ်ားကိုလည်းကောင်း တရားပြဖို့သာ သင့်လေသည်။

အခန်း ၁၈

# အပျော်စိတ်

အချို့သော မိန်းမများမှာ အရှက်အကြောက်လည်း ရှိ၏။ အပျော်အပါးကိုလည်း အထူးကြိုက်နှစ်သက်ကြ၏။ အပျော်အပါး လိုက်စားချင်သောစိတ် ကြီးမားထက်သန်သော်လည်း အရှက်အကြောက်ကြောင့်လည်းကောင်း၊ တရားစောင့်သဖြင့်သော်လည်းကောင်း၊ မလိုက်စား မပျော်ပါးဘဲ မိန်းမကောင်း မိန်းမမြတ် အဖြစ်မှသေသည့်တိုင်အောင် မရွေ့မလျော့ဘဲ နေနိုင်ကြလေသည်။

ဝိသာခါကဲ့သို့သော မိန်းမမျိုးသည် ထိုအမျိုးအစားထဲ ပါဝင်လေသည်။

သို့ဖြစ်လေရာ ကိုယ်ကျင့်တရား အရှက်အကြောက်ရှိခြင်း၊ တရားစောင့်ခြင်းသည် အရေးကြီးဆုံး ဖြစ်လေသည်။

မိမိ၏ မိန်းမသည် ကိလေသာအရာ၌ အလိုရမ္မက်ကြီးသည့် အတွက် မိန်းမယုတ်ဟု စွပ်စွဲကာ မသက်သာသောစိတ်နှင့် အပြစ်ကိုရှာလျှင် မှားတတ်လေသည်။

ဤကဲ့သို့ မိန်းမမျိုးနှင့် ပေါင်းသင်းရသူတို့သည် မိန်းမအလိုကို ပြည့်ဝအောင် ဖြည့်၍ ပေးဖို့သာ လိုလေသည်။ ငါ၏ မိန်းမသည် ဤအရာ၌ အားကြီးသူဟု စွဲမှတ်ကာ အမြဲစိတ်မပျက်ဘဲမနေအပ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



"ဆိုကရေးတီး"ခေါ် ဂရိပညာရှင်ကြီးအား လူတစ်ယောက်က မိမိသည် လူ၏ အင်္ဂါရုပ်ကို အဘယ်မျှလောက် နားလည်သည့် အကြောင်းကိုပြောရင်း "ဆိုကရေးတီး"ကို "ဆရာကြီး ကိလေသာကာမဂုဏ်စိတ်အားကြီးသည်၊ တွေဝေသည်၊ ရမ္မက် တဏှာကြီးသည်" စသည်ဖြင့် ဟောလေ၏။ ထိုအခါ "ဆိုကရေးတီး"၏ တပည့်များက ဝိုင်း၍ရယ်ကြ၏။

သို့ရယ်သောအခါ "ဆိုကရေးတီး"က "မရယ်ကြနှင့် ဤလူဟောသမျှတွေဟာ အကုန်မှန်သည်။ ငါ၏စိတ်ကို သတိပညာနဲ့ ချုပ်တည်းသိမ်းဆည်းသည့်အတွက်သာ ယခုလို ပညာရှိ သူတော်ကောင်းဟု ငါ့ကို အများက ပြောနေကြသည်။ သူတော်ကောင်းဆိုသည်မှာ စိတ်အလိုကိုမလိုက်ဘူး။ ဤရမ္မက်တဏှာတွေကင်းမှ သူတော်ကောင်း ဖြစ်ရမည် မဟုတ်။ ဤရမ္မက်တဏှာတွေ အားကြီးလျက် ချုပ်တည်းသိမ်းဆည်းမှ သူတော်ကောင်း ဖြစ်သည်"ဟု ပညာရှိကြီးက ပြောလေသည်။

ယေရှုခရစ်၏ တပည့်မ တစ်ယောက် မေရီမက်ဂဒါ လင်ရှိ၏။ ၎င်းသည် ပြည့်တန်ဆာမဖြစ်ခဲ့ပြီးမှ သံဝေဂရပြီး တရားစောင့်ကာ၊ မိမိကိုယ်ကို ပြုပြင်သည့်အတွက် သူတော်ကောင်း အခေါ်ခံရလေသည်။ အချို့သော မိန်းကလေးများသည် အပျိုဖြစ်စဉ်က နာမည်ပျက်ကြပြီးနောက် ယောကျ်ားရပြီးသောအခါ ကောင်းမွန်တည်ကြည်စွာ နေတတ်လေသည်။

ဤကဲ့သို့ ဖြစ်ရခြင်းမှာ သွေးသား၏ အလိုဆန္ဒအားကို ခုခံငြင်းဆန်နိုင်သော စိတ်အား၊ သတ္တိအား နည်းပါးခြင်းကြောင့်ဖြစ်ရာ တရားသဖြင့် အလိုဆန္ဒ ပြည့်ဝနိုင်သော အခါသို့ ရောက်သောအခါ သူတော်ကောင်း ဖြစ်ကြလေသည်။



ဤသဘောတရားကို မသိသူတို့၏ စိတ်၌ အပျိုဖြစ်ခိုက်မှာ ဖြစ်ပျက်ခဲ့သမျှတွေသာ မြင်လျက် ရှုတ်ချတတ်လေသည်။

ဝိသာခါသည် လင်ယောကျ်ား သူတော်ကောင်းနှင့် လည်းကောင်း၊ မြတ်စွာဘုရားနှင့်လည်းကောင်း မတွေ့ရဘဲ၊ အသိအလိမ္မာကင်းသော အခြေအနေ၌ လင့်ကောင်းသားကောင်းမရဘဲ နေချေက အဘယ်ပုံ ဖြစ်မည်ကို မည်သူပြောနိုင်ပါမည်နည်း။

အချို့မှာ အကြောင်းမကောင်းသဖြင့် ပျက်စီးကြရ၏။ မိဘကြောင့်လည်းကောင်း၊ လင်ကြောင့်လည်းကောင်း၊ ဆင်းရဲဒုက္ခတွေ့ကြရသောကြောင့်လည်းကောင်း၊ အသိကျွမ်း အိမ်နီးချင်းကြောင့်လည်းကောင်း ပျက်စီးကြရ၏။

အကယ်၍ လူကောင်း သူကောင်းများက ကယ်ဆယ်ကြချေက ပျက်စီးခြင်းချောက်ထဲမှ ပြန်၍ တက်နိုင်ဖို့ ရှိ၏။ သို့ပါလျက် ကယ်သူမရှိ ရှုတ်ချသူသာရှိအံ့။ အပေါင်းအသင်း ပြုလိုသူ ဆေးဖော်ကြော်ဖက် လုပ်လိုသူမရှိအံ့။ ချောက်ထဲမှ တက်ဖို့ရန် ခက်ခဲပေလိမ့်မည်။ အချို့လည်း ကြိုးစား၍ တက်ကြ၏။ တက်ပြီးမှ အခြားသူ၏ အထင်အမြင်သေးခြင်း၊ ရှုတ်ချကဲ့ရဲ့ခြင်းကြောင့် ပြန်၍ ဆင်းကြရလေသည်။

"ကယ်တင်ခြင်းတပ်"ခေါ် ခရစ်ယာန်အသင်းကြီးတစ်ခုသည် ဤကဲ့သို့သော မိန်းမပေါင်းများစွာတို့ကို ကမ္ဘာအနှံ့ ကယ်ဆယ်ခဲ့လေသည်။ ချီးမွမ်းဖွယ် ကောင်းလေစွ။ ကျွန်ုပ်တို့ မြန်မာလူမျိုးများသည်လည်း ဤကဲ့သို့သော အသင်းတစ်ခုကို ထားရှိသင့်၏။ ရန်ကုန်မြို့၌ အသင်းမ,ကြီးထားပြီး အသင်းခွဲများကို အရပ်ရပ် အနယ်နယ်မှာ ထားကြမည်ဆိုလျှင် သတင်းစာများ၌ နေ့စဉ်ကြားရသော သတင်းမျိုးတွေ ပပျောက်ဖို့ ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၉

## လက်ဝတ်လက်စား

မိန်းမများသည် အဘယ်မျှပင် ယဉ်ကျေးလိမ္မာ ပညာပြည့်စုံစေကာမူ လက်ဝတ်လက်စား စိန်ရွှေရတနာတို့ကို တပ်မက်မြဲ ဖြစ်လေသည်။

ထိုတပ်မက်ခြင်းကို အပြစ်ကြီးဟု မဆိုထိုက်ပေ။ အကြောင်းကား ဤအရာသည် ၎င်းတို့၏ ဓမ္မတာ ဖြစ်လေသည်။ လက်ဝတ်လက်စား ရတနာစိန်ရွှေကို မမက်ပါဘူးဟု အဘယ်မျှပင် ပြောစေကာမူ ယုံဖွယ်မရှိပေ။ မိန်းမသည် ယောကျ်ားကို အဆင်းဖြင့်ဆွဲ၏။ ယောကျ်ားသည် မိန်းမကို သတ္တိစွမ်းရည်ဖြင့် ဆွဲ၏။ ရတနာ စိန်ရွှေသည် အဆင်းနှင့် ဆိုင်လေရာ မိန်းမတို့၏ စိတ်နှင့် ခွဲခွာ၍မရအောင် ပူးပေါင်းလျက်ရှိသော ပစ္စည်းများ ဖြစ်ကြလေသည်။

ခေတ်အလျောက် မိန်းမတို့ဆိုင်ရာ အသုံးအဆောင် အသစ်အဆန်းကလေးများ ပေါ်ပေါက်သည့်အခါ မမေ့မလျော့ ကိုယ်တိုင် ဝယ်ခြမ်း၍ အိမ်သို့ အပါ ယူဆောင်လေ့ရှိသော ယောကျ်ားကို



မချစ်ခင် မတွယ်တာဘဲ မနေနိုင်။ နဂိုရ်ရှိရင်းအချစ်ကို ဤနည်းဖြင့် မြဲမြံနိုင်အောင် ပြုလေသည်။ သို့သော်လည်း နဂိုရ်အချစ်စိတ် မရှိက အာဖရိကတိုက်ရှိ စိန်တွင်းဟူသမျှကို ဝယ်၍ပေးသော်လည်း ချစ်မည်မဟုတ်ပေ။

မိန်းမို့ ဓမ္မတာ နှစ်သက်တတ်သော ထိုအရာမျိုးကို မနှစ်သက်ရ။ "မင်း ငါကလွဲလျှင် ဘာကိုမှ မချစ်ရ၊ လက်ဝတ်လက်စားကို ထိုမျှလောက် တပ်မက်ခြင်းသည် အနှစ်သာရ မရှိသော မိန်းမပေါ့မျိုးဖြစ်သည်" ဟူသော စကားကို မပြောကောင်းပေ။ ဝယ်၍ပေးနိုင်သော အခြေအနေရှိက ပေးဖို့ရန် တာဝန်ရှိလေသည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်အခါက (ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ နှစ်ပေါင်း ၅၀ ခန့်ကို ဆိုလိုသည်။) ကိုးဆယ်၊ တစ်ရာ ပေးရသော ချစ်တီးလုံချည်များပေါ်ခဲ့ရာ မိန်းမများ၊ ဂုဏ်တု ဂုဏ်ပြိုင် ဝတ်ကြသဖြင့် အစိုးရ အရာရှိအချို့မှာ မိမိတို့၏ သားမယားကို ဝယ်၍မပေးနိုင်ကြသည့်အတွက် မင်းကတော်အချို့သည် ဝယ်၍ပေးနိုင်သူများနောက်သို့ လိုက်ကြသည်ဟု ကြားရဖူးလေသည်။

မိန်းမများမှာ အဝတ်အစားနှင့် ပတ်သက်သော ဂုဏ်ပြိုင်တတ်ကြသောစိတ် မကင်းတတ်ကြချေ။ ထိုစိတ်ကိုလည်း အပြစ်ကြီးဟု မဆိုနိုင်။ သားမယားကို အများနည်းတူ ဝတ်ဆင်နိုင်အောင် ဝယ်ခြမ်း၍ မပေးနိုင်သော ယောကျ်ားအပေါ်၌ အထင်အမြင် သေးတတ်ကြလေသည်။ သားမယားကို ဆင်လိုသော စိတ်ထားနှင့် ရွှေတာခြင်းသည် နောက်ဆုံး၌ အိမ်သားတစ်ရ

www.burmeseclassic.com

www.burmeseclassic.com



လုံးမှာ အကျိုးများဖို့သာဖြစ်၏။ အကြောင်းမူကား ထိုနည်းဖြင့် ချွေတာခြင်း၏ လေ့ကျင့်ခန်းကို ရဖို့ဖြစ်လေသည်။ အချုပ်မှာ အလှအပ ဆင်ယင်တန်ဆာများ၊ ရတနာများကို တပ်မက်ခြင်းကြောင့် အသုံးမကျသော မိန်းမ၊ အနှစ်သာရမရှိသော မိန်းမဟု မဆိုအပ်ပေ။

လင်ယောကျ်ားကို တကယ်ချစ်ခင်ကြင်နာသော မိန်းမသည်ကား ထိုပစ္စည်းများကို ရအောင်ပူစာလျှင် ယောကျ်ားဖြစ်သူမှာ ဝန်လေးမည်ကို သိသဖြင့် ပူလေ့မရှိပေ။သို့သော်လည်း ဝယ်၍ ပေးနိုင်အောင် ကြိုးစားအပ်ကြပေသည်။ ခက်ခဲသောအရာကို ဖြစ်မြောက်အောင် ရအောင်လုပ်၍ ပေးနိုင်မှ အချစ်ကို ပိုမိုပိုင်လေသည်။

မိန်းမသည် မိမိကိုယ်တိုင် လှဖို့ကိုသာ လိုလားသည်မဟုတ်။ လင်ယောကျ်ားဖြစ်သူ ခန့်ညားသားနားစွာ ဝတ်ဆင် နေထိုင်သည်ကို မြင်လို၏။

အချို့သော ယောကျ်ားများသည် မိန်းမယူပြီးနောက် ချက်ခြင်း ငါလူအိုဖြစ်ပြီဟု စွဲမက်ကာ ပေါ့ပေါ့ဆဆ စုတ်နုတ်စွာ နေတတ်ကြလေသည်။ အစဦး အချစ်သည် အဘယ်မျှပင် ထက်သန်စေကာမူ ထိုကဲ့သို့ သိမ်ငယ်စုတ်နုတ်စွာ နေသည်ကို မြင်ရဖန်များသောအခါ လေးစား ဂရုပြုသောစိတ် ပေါ့တတ်၏။ လင်ယောကျ်ား၏ သားနားသော သူငယ်ချင်းများကိုမှ ဟုတ်သည်ဟု မှတ်ထင်တတ်ကြလေသည်။ ထိုစိတ်သည် လေးစားသောစိတ်၊ အထင်ကြီးသောစိတ် ဖြစ်လေရာ ထိုစိတ်မှာ ဖောက်ပြန်ချင်သော စိတ်မျိုး ပေါ်ပေါက်တတ်လေ၏။



သို့ဖြစ်လာရာ အချစ်ကို ယုံကြည်ကာ မိမိကိုယ်ကို လုံးလုံးကြီး ဂရုမစိုက်ဘဲ မနေအပ်ပေ။ လေးစားခန့်ညားသော စိတ်သည် အချစ်ကို ထားကန့်၍ပေးသောစိတ်ဖြစ်၏။ တော်သည်၊ ဟုတ်သည်၊ ငါ့ယောကျ်ားကြည့်လိုက်ကြစမ်း၊ ဘယ်လောက်ဟန်သလဲ ဟူသောအကြွားစိတ်ကလေးသည် ဟန်ဟန်ပန်ပန် ဝတ်ဆင်၍ သွားလာသော လင်ယောကျ်ားကို မြင်ရတိုင်း ပေါ်ပေါက်တတ်လေသည်။

အစဦး၌ မိန်းမတို့သည် အလှအယဉ်ကို မြင်တတ်ကြ၏။ အတူပေါင်းသင်းနေထိုင်ကြသောအခါ ရိုးသွားသဖြင့် အလှအယဉ်ကို များစွာ သတိမထား၊ ခန့်ညားခြင်း၊ ဂုဏ်ကျက်သရေရှိခြင်း၊ အခြားသူများနှင့် ယှဉ်၍သွားသည့်အခါ ထင်ပေါ်ခြင်းကို အထူးဂရုစိုက်ကြလေသည်။ ဘယ်သူ့ယောကျ်ားဖြင့် အတော်သားအေ့၊ ဟန်ဟန်ပန်ပန်ပဲ ဟူသော စကားကို မကြာမကြာကြားရ၏။ ချောမောလှပခြင်းသည်လည်း စုတ်နုတ်သိမ်ငယ်ခြင်းကြောင့် ကွယ်ပျောက်တတ်၏။ အတူတူနေသဖြင့် ရိုးသွားသောကြောင့်လည်း အလိုလိုကွယ်ပျောက်ချင်သလိုလို ဖြစ်နေရာတွင် စုတ်နုတ်စွာ နေသည့်အခါ လုံးလုံးကြီး ကွယ်ပျောက်ကာ အရင်က တော်သလိုလိုနဲ့ အခုဘာမှမဟုတ်ပါလား ဟူသောစိတ် ဖြစ်ပေါ်တတ်လေသည်။

ရုပ်ချောသူတို့သည် မိမိတို့ချောမောကြောင်း ကိုယ်တိုင်သိကြ၏၊ ထိုအသိကြောင့် 'ငါအချောသားပဲ၊ နဂိုရှိပြီးသားပဲ' ဟူသောစိတ်နှင့် ပေါ့ပေါ့နေလေ့ရှိသူတို့သည် များစွာသတိပြုအပ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီခေါင်းပေါင်းကို မပေါင်းနဲ့၊ ဟိုပုဝါကို ပေါင်းတော့ ဒီလုံချည်နဲ့ မလိုက်ဘူး"ဟူသောစကားမျိုးကို မယားကပြောသည့်အခါ "မင်း ဘာနားလည်သလဲ"ဟု ခေါင်းမာစွာ ပြန်၍မပြောကောင်းပေ။ ၎င်းတို့၏ အမိန့်ကို ဤနေရာမျိုး၌ အထူးလိုက်နာရမည်။ အကြောင်းမူကား ၎င်းတို့သည် လင်ဖြစ်သူကို အထူးဂရုစိုက်၍ နေကြလေရာ မှားလေ့မရှိကြပေ။

အခန်း ၂၉

## မိန်းမနှင့် မုသား

မိန်းမများအား ယောကျ်ားများ လိမ်လို့မရ။ တမင်သက်သက်အလိမ်ခံမှသာ အလိမ်မိကြ၏။ အကြောင်းမူကား မုသားအရာ၌ မိန်းမသည် ယောကျ်ားများကို ဂျင်ကစားသလို ကစားနိုင်၏။

မုသားသုံးခြင်းသည် ၎င်းတို့၏ လက်ကိုင်ဖြစ်၏။ ခွဲခွာ၍မရပေ။

အချို့သော ယောကျ်ားများသည် မိန်းမများကို မြှောက်ပင့်ဩဘါ၊ ပလီပလာစကားနှင့် အနိုင်ကျင့်ကြ၏။ သို့ကျင့်ခြင်း၌ အောင်မြင်ဟန်ရှိသဖြင့် မိမိတို့ကိုယ်ကို အတော်အထင်ကြီးတတ်ကြ၏။ အညာအလိမ်ခံရသော မိန်းမများသည်ကား အများအားဖြင့် ခံချင်၍ ခံကြခြင်းဖြစ်လေသည်။

မိန်းမများမှာ မုသားပြောခြင်းအတတ်ကို ကမ္ဘာဦးကစပြီး လေ့ကျင့်ခဲ့ကြ၏။ မလေ့ကျင့်ဘဲ မနေနိုင်အောင် ယောကျ်ားများက လုပ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ လင်မယားအတူအိပ်ကြရာ၌ လင်ဖြစ်သူက မိမိထက် မကလုံးအမျိုးမျိုးသာသူ တစ်ယောက်၏ နှာမည်ကိုပြောကာ "မင်း-တစ်ခါတစ်ခါ သူ့ကိုစိတ်ကူးထဲ မထည့်မိဘူးလား"ဟု မေး၍ ကြည့်က အဘယ်ပုံ ဖြေမည်နည်း။

"ဆံချည် အစိတ်တစ်ရာစိတ်တောင် တစ်စိတ်မရှိပါဘူးတော်၊ ကျုပ်တို့ သည်အစားထဲက မဟုတ်ပါဘူး" စသည်ဖြင့် ပြန်၍ မပြောဘဲ "စိတ်ကူးတာပေါ့ရှင် ရုပ်ကလဲချောတယ်၊ ကိုယ်လုံးကိုယ်ထည်လဲကြီး၊ ဖြောင့်ဖြောင့်မတ်မတ် ခန့်ခန့်ကြီးကိုရှင့်၊ စိတ်မကူးဘဲ နေနိုင်ပါ့မလား"ဟု ဖြေလျှင် "ငါ့မယားဟာ ငါကလွဲရင် ဖွဲနဲ့သလဲချည်းဟု အောက်မေ့မှာပဲ၊ ငါက တော်တော်ဟန်တဲ့ အကောင်၊ ငါလိုအကောင်ကိုရမှ ဒင်းဘယ်သူ့ကို စိတ်ကူးထဲ ထည့်နိုင်ဦးမှာလဲ"ဟူသော အတွေးမျိုးဖြင့် သွေးကြီး၍ နေသော ငနဲ၏စိတ်မှာ အဘယ်ပုံ ခံနိုင်ပါမည်နည်း။

သို့ဖြစ်လေရာ ၎င်း၏အတွေးအထင်နှင့် ကိုက်ညီအောင် ပြောရခြင်းသည် မုသားမဟုတ်က သစ္စာစကား ဖြစ်ပါ့မလား။

ထိုနည်းအတိုင်း ယောက်ျားများအား အမှန်ပြော၍ မဖြစ်နိုင်သည့်အရာတွေ များစွာရှိလေရာ မိန်းမနှင့် မုသားသည် အရွယ်ရောက်လျှင်ရောက်ချင်း မင်္ဂလာဆောင်ပြီး ဖြစ်၍နေရကား မုသားအလုပ်၌ ယောက်ျားသည် မိန်းမကို တုပြိုင်ရန် များစွာ ခက်လေသည်။

အခါများစွာမှာကား အထက်ဖော်ပြသည်နှင့်အညီ တမင်သက်သက် အလိမ်ခံရာ၌ မိမိတို့ကိုယ်တိုင် တမင်အလိမ်ခံကြကြောင်း မသိကြ၊ သတိထားကြ၊ မိမိတို့နှားထောင်၍ ကောင်းသော အမြှောက်အပင့် စကားကလေးများ၌ သာယာလျက်



အမရာ, ကိန္နရီ, မဒ္ဒီ, သမ္ဘုလတို့နှင့် အနှိုင်းခံရခြင်း၌ လွန်စွာ သဘောကျသဖြင့် မယုံဟူသော ဒုရဝမ်စိတ်ကို မျက်စိမှိတ်ကာ အအိပ်ခိုင်း၍ ထားတတ်ကြလေသည်။

သို့ဖြစ်လေရာ မိန်းမတစ်ယောက်ကို မြှောက်ပင့်ပြောဆိုရာ၌ အောင်မြင်သည့်အခါ မိမိတို့ကိုယ်ကို အထင်မကြီးတတ်ကြပေ။ မုသားပြောခြင်း၌ မိန်းမများသည် ငါတို့၏ဆရာများ ဖြစ်သည်ဟု မှတ်ယူဖို့သာ ရှိလေသည်။

အခါများစွာလည်း ၎င်းတို့ အလိမ်မိခြင်း၊ အလိမ်ခံရခြင်းပင်လျှင် ယောက်ျားကို ပြန်၍လိမ်ခြင်းတစ်မျိုး ဖြစ်နိုင်လေသည်။

မိမိတို့ ကိုယ်တိုင်က အမြဲ မုသား ပြောရသောကြောင့် ယောက်ျားများအားလည်း မုသားပြောချင်သောစိတ် ရှိကြလေရာ အချုပ်မှာ မိန်းမသည် မဟုတ်တာကို ပြောမှ သဘောကျသော လူမျိုးဖြစ်သည်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။

အခါများစွာမှာလည်း ရိုးရိုးပြောသည်ကို မုသားဟုမှတ်ထင်တတ်ကြသည်မှာ ကိုယ်တိုင် မုသား၌ ကျင်လည်သောကြောင့် ဖြစ်လေသည်။ မိန်းမများသည် ယောက်ျားများကို ချစ်သောကြောင့် မုသားပြော၏။ မုန်းသောကြောင့် မုသားပြောတတ်ကြ၏။ ကြောက်သောကြောင့်လည်း မုသား ပြောကြလေသည်။

အဟုတ်တကယ် ညာလိုက ယောက်ျားကို ကြေငြာတောင် ညာနိုင်ကြောင်း ပုံပြောင်း သာဓကတွေ များစွာရှိကြလေသည်။

သဘောရိုးနှင့်လည်း ညာတတ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ကို တွေ့ဖူး၏။ ၎င်းမှာ အသက် ၁၆ နှစ်အရွယ်ခန့်ရှိ၏။ ၎င်း၏ ယောကျ်ားသည် လင်မယားညားစ ဖြစ်သောကြောင့် အလွန်ချစ်၏။ နှစ်ယောက်စလုံးမှာ ချောမော လှပ၏။ ယောကျ်ားကလေး အခြေအနေကလည်း တင့်တယ်စွာ နှင့် ပညာတတ်ကလေးတစ်ယောက်ဖြစ်ရာ နှစ်ယောက်စလုံး အပြန်အလှန် အသည်းစွဲချစ်ခင်ကြ၏။

မိန်းကလေးမှာ မောင်ဖွားအရင်းအချာ မရှိသဖြင့် မောင် အရွယ်၊ ဖွားအရွယ် ယောကျ်ားကလေးများကို ချစ်တတ်၏။ ၎င်း၏ ယောကျ်ားမှာလည်း မောင်ဖွားကဲ့သို့ ချစ်ရာမှ ညားခဲ့သော ယောကျ်ားဖြစ်၏။

ညတစ်ညဌ် ယောကျ်ားမရှိခိုက် အိမ်တွင် အခြားယောကျ်ား ပျိုကလေးတစ်ယောက်နှင့် နပန်းလုံး၍နေ၏။ ထိုယောကျ်ားပျို ကလေးကို မောင်လို သဘောထားဟန်တူကြောင်း၊ အခြားအသိ မိတ်ဆွေများ၏ ရှေ့၌ စကားပုံကိုထောက်သဖြင့် သိရလေသည်။

နပန်းလုံးသည်ဆိုသော်လည်း တကယ် ပူးပူးကပ်ကပ်ကြီး မဟုတ်။ တစ်ယောက်၏လက်ကို တစ်ယောက်ကိုင်ကာ အားစမ်း သလို ထိုးတွန်းကစား၍ နေကြခြင်းမျှ ဖြစ်ပေ၏။

ထိုအခိုက် ယောကျ်ားဖြစ်သူ အိမ်ပေါ်ရောက်လာရာ မြင်၍ သွားသဖြင့် ကစားရာမှ နှစ်ယောက်သား ခွဲခွာလိုက်ကြလေ၏။

ယောကျ်ားမှာ "ငါ့မယား ငါကလွဲရင် ဖွဲ့သလဲထင်သည့် မယား"ဟူသော အယူမျိုး ထက်သန်ခိုက်ဖြစ်ရာ အတော်ပင် မကျေမချမ်းဖြစ်လျက် မျက်နှာပျက်ပြီး အိမ်အပေါ်ထပ်ကိုတက်၍ သွားလေသည်။



စာရေးသူမှာ ၎င်းတို့နှင့်အတူနေခဲ့ရာ ညအိပ်ရာဝင်ရာ၌ ၎င်းတို့ စကားပြောကြသည်ကို ကြားရသည်ကား–

"မင်း ဟိုအကောင်နဲ့ ဘာလုပ်တာလဲ"

"ဘယ်တုန်းကလဲ၊ အလို ထူးထူးဆန်းဆန်း ဘယ့်နှယ် စကားလဲ"

"မင်းက ငါ့ကို နွားလုပ်စေပြန်ပါပြီ။ ငါ့မျက်စိနဲ့ မြင်လို့ မေးတာ"

"ကိုင်း၊ ကျုပ် ဘာလုပ်နေလို့လဲ။ မြင်တာပြောစမ်းပါဦး"

"မင်း၊ ဟိုအကောင်နဲ့ တစ်ယောက်လက် တစ်ယောက်ကိုင်ပြီး တွန်းဆွဲနေကြတယ် မဟုတ်လား"

"မောင်၊ ဒီကနေ့ ဘာဖြစ်တာလဲ၊ မောင် အစိမ်းများပါလာ သလား၊ ရှင်မြင်တာ ဆရာကလေးရှင့်၊ နက်ဖြန်ခါ မေးကြည့်ပါ ဦး၊ မဟုတ်ဘူးလားဆိုတာ၊ လက်ကောက်ကို ပြန်သွင်းပေးတာ မန်ကျည်းသီးနဲ့ ဆေးလို့"ဟု စာရေးသူကြားအောင် ပြောလေ၏။ လက်ကောက်မှာ သတ္တုလက်ကောက် ဖြစ်လေ၏။ စာရေးသူမှာ ၎င်းတို့အိမ်တွင် ထိုအခါ၌ ညကျောင်းဖွင့်၍ နေလေ၏။ စာရေးသူကိုကား ယောကျ်ားဖြစ်သူက ညီရင်းအစ်ကိုလို ချစ်ခင် လျက် စိတ်ချ ယုံကြည်လေသည်။

နောက်တစ်နေ့နံနက် ယောကျ်ားမထမီ စာရေးသူထံကပ်၍ လာပြီး "ညက ကျွန်မပြောတာကြားလား၊ အဲဒီလိုပဲ ပြောလိုက် ပါ၊ သူက သိပ်အထင်လွဲတတ်လို့ ကျွန်မတို့ သဘောရိုး ကစား ကြတာ ဆရာလေး အသိသားပဲ"ဟု ပြောလေသည်။ စာရေးသူ လည်း ဤအတိုင်း ပြောလိုက်လေသည်။ အံ့ဩဖွယ်ကောင်းသော အချက်မှာ ၎င်းတို့ တစ်ယောက်လက်ကို တစ်ယောက်ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ကစားနေသည်ကို သေသေချာချာမြင်ပြီးသူ ဖြစ်ပါလျက် ယုံထင်ကြောင်ထင် ဖြစ်ရခြင်းဖြစ်လေသည်။ အဘယ်နည်းနှင့် စိမ်လိုက်သည်ကို တွေးကြံ၍မရအောင် ရှိလေ၏။

ကျွန်ုပ်အား မေးသဖြင့် အမှန်အတိုင်း ပြောပြသောအခါ ၎င်း၏ယောကျ်ားမှာ ရီးတီးယားတားဖြစ်၍ ရှိနေရှိမှတစ်ပါး တစ်စုံတရာမျှမပြော။ နောင်ကိုလည်း ထိုအကြောင်းနှင့်ပတ်သက်၍ တစ်စုံတရာမျှ မကြားရ။ ကစားသော သူငယ်မှာလည်း ဝင်မြဲ ထွက်မြဲ နေခဲ့လေသည်။

## စွဲအောင်ပေါင်းနည်း

အကြင်လင်မယားအဖြစ်သို့ ရောက်စပြုသော ချစ်သူတို့သည် အချစ်ပြယ်၍သွားမှာကို တွေးတောပူပင်လေ့ ရှိကြလေသည်။ တစ်ယောက်ကိုတစ်ယောက် အသည်းစွဲချစ်ကြပြီးနောက် သုံးလေးနှစ်ကြာသောအခါ တစ်ယောက်ကိုတစ်ယောက် မုန်းသူ၊ ကြောက်သူ၊ ကွဲသူ၊ သစ္စာဖောက်သူတွေကို မြင်ကြရသောအခါ ငါတို့လည်း တစ်နေ့သ၌ ဤအတိုင်း ဖြစ်လေမလားဟု တွေးခေါ်စိုးရိမ်ပူပင်တတ်ကြလေသည်။

မစဉ်းမစား မိမိတို့သည် အကြောင်းပါသည့်နေ့မှစ၍ မပျက်မစီး မဆုတ်ယုတ်နိုင်သော နတ်ပြည်သုခကြီးကို ရကြပြီဟု မှတ်ထင်သူတို့သာလျှင် မတွေးမခေါ် မပူမပင် နေကြပေလိမ့်မည်။ စဉ်းစားတတ်သူဟူသမျှကား မတွေးဘဲ မနေနိုင်ကြပေ။

အကြောင်းမှုကား "အိမ်ထောင်ခြင်းသည် အချစ်၏ သင်္ချိုင်းဖြစ်သည်"ဟု ပြောကြလေသည်။ (Post cultumomae Triste)



ဟူသော လက်တင်ဘာသာ စကားပုံလည်းရှိ၏။ ထိုစကားအဓိပ္ပာယ်မှာ နှစ်ယောက် ပေါင်းသင်းပြီးနောက် အားလုံး စိတ်မကောင်း ဖြစ်ကြသည်ဟု အဓိပ္ပာယ်ရှိသည်။

ဤစကားသည် ကာမအကြောင်းကို နားမလည်၊ နားလည်သော်လည်း ဂရုမထား၊ စိတ်အလိုကို အရမ်းလိုက်သော သူတို့၏ ပေါ့လျော့သော စကားဖြစ်သည်။

အပျို၊ လူပျိုဖြစ်စဉ်ကကဲ့သို့ အနေအထိုင် ကျစ်လျစ်ခြင်း၊ စိတ်ချုပ်တည်းခြင်း၊ ကာမစိတ်ကို လွန်စွာ အလိုမလိုက်ခြင်းဖြင့် အချစ်ကို တာရှည် မြဲမြဲစေနိုင်လေသည်။

အများအားဖြင့်ကား အလိုလိုက်ရုံမက အလိုမရှိသောအခါ၌ပင် နှိုးဆွကာ မပေါ်သော ကာမကို အတင်းနှိုးဆော်တိုက်တွန်း၍ အလုပ်ပိုပေးရသောကြောင့် တစ်ယောက်အပေါ်၌တစ်ယောက် ငြီးငွေ့ခြင်းအဖြစ်သို့ ရောက်ကြရလေ့သည်။

ပေါင်းသင်းရာ၌လည်း နည်းစနစ်ကို မသိကြသဖြင့် အများအားဖြင့် မိန်းမမှာ မကျေမနပ်ဖြစ်ကြလေသည်။

ပေါင်းသင်းရာ၌ ယောကျ်ားများသည် မိန်းမကို အိမ်သာပမာ သဘောထားကာ မိမိတို့အလိုရှိသောအခါ၌ မိန်းမ၏ အခြေအနေကို မဆင်ခြင်ဘဲ ဒရောသောပါး သွားတတ်ကြလေသည်။

၎င်းတို့မှာ မိမိတို့၏အလို၊ မိမိတို့၏ စိတ်အကြိုက်ကိုသာ သိကြလေသည်။ သေရည်သောက်စားသူများမှာ သာလွန်၍ ဆိုသွမ်းကြလေသည်။

မိန်းမများမှာ အထက်ဖော်ပြခဲ့သည့်အတိုင်း စိတ်အလို မထက်သန်သော အခိုက်အခါများလည်း ကြုံတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မအီမသာ ကိုယ်ရောစိတ်ပါ မချမ်းမသာဖြစ်နေသည့်အခါများလည်း ကြုံကြိုက်တတ်လေသည်။

သို့စိတ်မပါဘဲ ယောကျာ်း၏ အလိုဆန္ဒကို ဖြည့်ရခြင်း၌ ယောကျာ်းမှာသာ ပြည့်ဝပြီး မိန်းမများမှာ အဆွခံရသလိုဖြစ်လျက် ရမ္မက်မပြေဘဲ နေတတ်လေသည်။

အကြောင်းမူကား မိန်းမများမှာ ဤကိစ္စ၌ ယောကျာ်းများကဲ့သို့ ဆုံးခန်းသို့ လွယ်ကူစွာရောက်လေ့ မရှိကြပေ။

သို့ဖြစ်လေရာ ယောကျာ်းများသည် အရေးအကြီးဆုံး၊ အမြတ်ဆုံး၊ အသိမ်မွေ့ဆုံး၊ အသန့်ရှင်းဆုံး၊ အကောင်းဆုံးဖြစ်သော ဝေယျာဝစ္စအလုပ်ကို ကြမ်းတမ်းညစ်ညူး ယုတ်နိမ့်ခြင်းအဖြစ်သို့ မရောက်အောင် ကိုယ့်စိတ်အောင် ချုပ်တည်းကာ အေးအေးဆေးဆေး ကြင်ကြင်နာနာဖြင့် နှစ်ဦးသဘောတူ စိတ်ပါအောင် လှုံ့ဆော်ပြီးမှ အစပြု ဆောင်ရွက်အပ်ကြလေသည်။

ထိုကိစ္စသည် အမျိုးဆက်ကို တည်ထောင်သောကိစ္စ၊ ပွားစေ၊ များစေ၊ တိုးတက်စေသောကိစ္စ။ ကမ္ဘာပေါ်၌ အကြီးအကျယ်ဆုံး အလုပ်၊ အသက်ကို သတ်ဖြတ်ညှဉ်းဆဲသော အလုပ်နှင့် ဖီလာဖြစ်သော အသက်ကို ဖြစ်စေသောအလုပ် ဖြစ်လေသည်။ သို့ဖြစ်သောကြောင့် ထူးမြတ်သောအလုပ်ဟု ဆိုရခြင်းဖြစ်၏။

ထိုကိစ္စ၌ အချို့တို့သည် မညှာမတာ လောကြီးစွာနှင့် မိန်းမအင်္ဂါအတွင်းသို့ မိမိတို့အင်္ဂါကို အားအရှိန်နှင့် ရောက်အောင် ပြုတတ်ကြလေသည်။

ထိုကဲ့သို့ ပြုကျင့်ခြင်းသည် အလွန်သိမ်မွေ့သော အမှုကို အကြမ်းမှုပြုရာ ရောက်လေသည်။ အကြောင်းမူကား မိန်းမ၏



စိတ်ဆန္ဒမှာ မထက်သန်ဘဲနေခိုက်၌ ထိုကဲ့သို့ပြုခြင်းသည် အခန်းတံခါးကို သော့နှင့်ခတ်မဖွင့်ဘဲ ပေါက်ဆိန်နှင့်ဖွင့်သည့် နည်းမျိုးနှင့် တူလေရာ ရက်စက်ကြမ်းကြုတ်ရာ ရောက်လေသည်။

မိန်းမမှာ စိတ်ကောင်းစွာ မပါသေးသည့်အခါ တံခါးသည် သွေ့ခြောက်၍နေသဖြင့် အရမ်းလျင်မြန်စွာ ကိစ္စကိုအသုံးပြုခြင်းသည် ဆိုးသွမ်းရက်စက် မညှာမတာ မကြင်မနာပြုခြင်းပင် ဖြစ်လေရာ တစ်ဖက်သားမှာ အခါများစွာ မချိမဆံ့ဖြစ်တတ်လေသည်။

သို့ဖြစ်လေရာ အလုပ်စ၍ ပျိုးရာ၌ အမျိုးမျိုးစိတ်ကြွအောင် နှူးနှပ်ရလေသည်။

၎င်းမှာ မူလကပင် အချိန်အခါသင့်သဖြင့် မှည့်ဝင်းသော သစ်သီးပမာ ရွှမ်းဝေနေခိုက်ဖြစ်ချေက နှူးဖို့မလို။ မလုံသည့်အိုးတုတ်မိုးရှိနှင့် အားသည်ဆိုသော စကားပမာလိုဖြစ်၍ နေသည့်အခါမှာ လွယ်ကူလေသည်။

ထိုကဲ့သို့ မဟုတ်ချေက နှူးရ၊ နှပ်ရ၊ မှည့်ဝင်းရွှမ်းဝေအောင် အုပ်ပေးရလေသည်။

### အဘယ်ပုံပျိုးရမည်နည်း

လက်ဝါးနှင့် အုပ်ခြင်း၊ ညင်သာစွာစုသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကို တရွရွ ပွတ်သပ်ခြင်း၊ နှုတ်ခမ်းချင်းထိ၍ [illegible]နမ်းခြင်း၊ ရင်သားကို တအားအား ဒေါ်နှင့်မောနှင့် ဆုပ်ပစ်ခြင်းမပြုဘဲ၊ ထိပ်ဖျားကလေးကို ရွရွကလေး လက်နှင့်ပွတ်သပ်ပေးခြင်း၊ နူးညံ့သောပေါင်တွင်းသားများကို ပွတ်သပ်ပေးခြင်း၊ သူ့အင်္ဂါနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အင်္ဂါတွေ့၍ထားပြီး မသိမသာလှုပ်ဆွ၍ပေးခြင်းနှင့် (ဝါ) မထိတထိနေအောင် မိမိအင်္ဂါကို မိမိကိုယ်တိုင် လက်ဖြင့် ကိုင်၍ ဖြစ်စေ၊ သူ၏ လက်ဖြင့် ကိုင်၍ဖြစ်စေ၊ အကြိုက်သို့ ရောက်အောင် လှုပ်ဆွ၍ပေးစေခြင်း၊ ထိုနည်းမျိုးဖြင့် သူ့မှာ နယုန်–ဝါဆိုလများပမာ စွတ်စိုစပြုသော အခါကျမှ ညင်သာစွာ မိမိအင်္ဂါကို သူ့အင်္ဂါအတွင်းသို့ တဖြည်းဖြည်းရောက်စေရ လေသည်။

သို့တည်းမဟုတ်၊ သူ့မှာ အလျင်လို ဆါကြွ၍ သူ့အင်္ဂါကိုယ် တိုင်က အတွင်းကိုရောက်စေဖို့ရန် လှုံ့ဆော်၍ ပေးစေခြင်းဖြင့် ချောမောစွာ ရောက်စေရမည်။

ထိုကဲ့သို့ အစပျိုးပြီး သွားလာရာ၌ အစမပျိုးဘဲ သွားသည့် အခါနှင့်မတူ။ သူ့မှာ ကိစ္စပြီးမြောက်ဖို့ရန် ပိုမို၍ လျင်မြန်သည် ကား အမှန်ပေတည်း။

ဤကား ကိစ္စ၏ အချီးနိဒါန်းပိုင်း ဖြစ်လေသည်။

ထို့နောက် အတွင်းသို့ရောက်အောင် ပေါင်းစပ်ခြင်းကား ဒုတိယဆင့်ဖြစ်၏။ တတိယအဆင့်မှာကား လှုပ်ရှားခြင်း ပေတည်း။

မသိသူတို့က မိန်းမ၏အင်္ဂါ၌ စွတ်စိုခြင်းကို ပြီးမြောက်ခြင်းဟု မှတ်ထင်ကြလေသည်။

စင်စစ်မှာကား ပြီးမြောက်ခြင်းမဟုတ်။ မိန်းမများကဲ့သို့ ယောကျ်ားများမှာလည်း စွတ်စို၏။ နှစ်ယောက်စလုံးမှာ အင်္ဂါ အစိတ်အပိုင်းများသည် ရောင်ဖူးကြွရွလျက် နူးညံ့၍ လာ လေသည်။



မိန်းမများမှာ ယောကျ်ားများလောက် အကြွမြန်လေ့မရှိကြ ချေ။ ကြွသည်နှင့်တစ်ပြိုင်တည်း ပေါ်ပေါက်သော စွတ်စိုခြင်းမှာ ကိစ္စချောမောလွယ်ကူအောင် ကူညီသော စက်ဆီတစ်မျိုးပင် ဖြစ်လေရာ၊ ဓမ္မတာအတိုင်း ထိုဌာနသို့ စုဝေး၍ လာကြကုန်သော အသွေးရည် အဆီဓာတ်တို့၏ အရှိန်ဖြစ်လေသည်။

ထိုအခါ၌ မိန်းမ၏ အတွင်းအင်္ဂါနံရံများမှာ ကြီးကျယ်၍ လာပြီး နူးညံ့လာလေသည်။ သွေ့ခြောက်လျှင် ကြမ်း၍နေပေမည်။ ထိုကဲ့သို့သော သဘောသဘာဝမရှိချေက ယောကျ်ား၏ အင်္ဂါသည် အတွင်းသို့ ဝင်ရောက်ဖို့ရန် နည်းလမ်းမရှိပေ။ အစ၌ နူးခြင်း သည် ထိုအတွက်ပင် ဖြစ်လေသည်။

## အနေအထား

အနေအထားမှာ ကိုယ်ခန္ဓာ လုံးရပ်သဏ္ဌာန် မျှတတူညီသူ တို့အတွက် လှေကြီးထိုးခေါ် အရိုးခံနည်းသည် အဖိုးတန်နည်းပင် ဖြစ်လေသည်။

မိန်းမသည် ပက်လက်လှန်၍နေပြီး ဒူးများကိုကွေးထောင်၍ ပေါင်နှစ်ဖက်က တစ်ဖက်နှင့်တစ်ဖက် ဝေးဝေးကလေးရှိစေ ရာ၏။ မိန်းမ၏ဦးခေါင်းအောက်မှ ခေါင်းအုံးမရှိစေဘဲ ခါးအောက် သို့ သွင်းထားစေရမည်။

ယောကျ်ားသည် တအားမဖိရ။ မိမိတံတောင်ကို အားပြု၍ မိုရမည်။ ဤနည်းသည် အင်္ဂါချင်းတွေ့ဖို့ရန် အလွယ်ဆုံးသော နည်း ဖြစ်လေသည်။

မိန်းမသည် ယောကျ်ား၏ ကိုယ်ကို လက်နှစ်ဖက်နှင့်ဖက်၍ မိမိ၏ ခြေများကို ယောကျ်ား၏ ဒူးကောက်ကွေးထဲသို့ ရောက်စေ

www.burmeseclassic.com

www.burmeseclassic.com



ရမည်။ ယောက်ျားတစ်ကိုယ်လုံးမှာ ထိုနည်းဖြင့် မိန်းမပေါင်နှစ်ဖက်၏ အကြားသို့ ရောက်၍နေ၏။

ထို့နောက် ယောက်ျားအင်္ဂါထိပ်နှင့် မိန်းမ အင်္ဂါအတွင်း အသားနုနုကလေးကို ထိစေပြီး တအား မသွင်းလိုက်သေးဘဲ ရှုရှုကလေး အထက်ဖော်ပြသည့်အတိုင်း လှုပ်၍ ပေးစေရမည်။ ထိုအခါ မိန်းမအင်္ဂါမှာ ခဏအတွင်း စွတ်စိုဖောင်းကြွ နူးညံ့၍ လာလိမ့်မည်။

ထိုအတွေ့မှာ သိမ်မွေ့နိုင်သလောက် သိမ်မွေ့ရာ၏။ အတွင်းသို့ မီးရထားခုတ်သလိုလို မဝင်ရ။ တဖြည်းဖြည်း ထွက်စေရမည်။ နောက်ဆုံး၌ အကုန်စင်ဝင်ရောက်ပြီး ဓားအိမ်၌ ဓားနေသလို ရှိနေလိမ့်မည်။

ထိုကဲ့သို့နေခိုက်မှာ မိန်းမ၏ အတွင်းအင်္ဂါသည် တိုး၍ ကြွလတ္တံ့။ ယောက်ျားအင်္ဂါ၏ ကြျနှင့် အံကျဖြစ်၍ နေလိမ့်မည်။ ဤကား လုံးစေ့ပတ္တသော စကားအတိုင်းပေတည်း။

ထိုကဲ့သို့ အခြေကျ၍ သေဝပ်နေပြီးနောက် တတိယအဆင့်သည် အစပြု၏။ ထိုအဆင့်သည်ကား ရှေ့တိုးနောက်ငင်လှုပ်ရှားခြင်းပေတည်း။

မြန်မာ၊ ရှမ်း၊ ကရင်၊ ကုလားများမှာ ဤလှုပ်ရှားခြင်း အလုပ်၌ ယောက်ျား၏ တစ်ဖက်သတ်တာဝန်ဖြစ်၏။ ဂျပန် ဥရောပ တိုင်းသူတိုင်းသားများမှာမူကား နှစ်ယောက်စလုံး၏ တာဝန်ဖြစ်လေသည်။



ဤလှုပ်ရှားခြင်း၏ ရည်ရွယ်ချက်မှာ အင်္ဂါများကို တိုး၍ ထကြွစေရန်ဖြစ်လေသည်။ ထုံးစံအားဖြင့် ထိုအလုပ်သည် တဖြည်းဖြည်း မြန်၍လာ၏။ အင်္ဂါချင်းကား လွတ်လွတ်ကျွတ်ကျွတ်ကွာ၍ သွားလေ့မရှိချေ။ သို့သော်လည်း ချိန်သားမလွတ်ရုံယောက်ျားအင်္ဂါမှာ အပြင်သို့ရောက်နိုင်လေသမျှ ရောက်စေပြီးမှ ပြန်၍ဝင်လျှင် မိန်းမမှာ သာ၍ ကျေနပ်နိုင်လေသည်။ ထိုအခါ မိန်းမ အင်္ဂါနှုတ်ခမ်းများသည် ယောက်ျားအင်္ဂါ လည်ပင်း မေးစေ့ပခုံးများ၏ မညီညာသော အထစ်အရစ် အသားကြောင့် မိန်းမများမှာ သာ၍ စိတ်ပါ၏။

အချို့ကား ဒေါသကြီးသလောက် တအားနွှားခွေ့သလို ခွေ့တတ်ကြ၏။ အခွေ့သန်တိုင်း ကျေနပ်သည်မဟုတ်။ အခေါ်များစွာ အတွင်းသို့ အဆုံးရောက်စေရာ၏။ တစ်ခါတစ်ခါ ရှုရှုကလေး အဆုံးမရောက်တရောက် ဆွဆွကြွကြွကလေးပေးရာ၏။ သူ့ကိုယ်တိုင်က အများဒေါကြွ၍ တအားလာမှသာ အားကို အသုံးပြုရလေရာ နေ့တစ်လုည့် မြန်တစ်ခါ၊ ကြွတစ်ခါ ရှာတစ်လှည့်၊ မထိသထိတစ်ချက်။ ထိထိမိမိ သုံးလေးချက်၊ အကွက်လှ အချက်ကျ ဝတ္တရားကျေပွန်အောင် ဆောင်ရွက်ကြရလေသည်။

အချို့လည်း အောက်မှအထက်သို့ ပင့်ကော်ကာ ဖက်ပက်သလို ရက်စက်စွာ ပေါင်းတတ်လေရာ တစ်ဖက်သားမှာ မသက်မသာ ဖြစ်တတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအလုပ်၌ တစ်ပြိုင်တည်းသော်လည်းကောင်း၊ မိန်းမက စော၍သော်လည်းကောင်း၊ ပြီးချေက အောင်မြင်ခြင်း၏ အထွတ်အထိပ်သို့ရောက်သည်ဟု ဆိုအပ်ပေသည်။ ယောကျ်ားက အရင်ကိစ္စပြီးလျှင်ကား မိန်းမမှာ အထိုင်းမသိ ဆင်းရဲခြင်းပေတည်း။ အိမ်ထောင်သူတူသမျှ ဤအချက်ကို လေးနက်စွာ သတိပြုအပ်ကြလေသည်။

ပြီးသောအခါ ယောကျ်ားအင်္ဂါမှ သုတ်သည် အရှိန်နှင့်ပြည့်လျှံအောင် ထွက်၏။ မိန်းမမှာကား ထိုကဲ့သို့မဟုတ်။ အင်္ဂါစပ်နေရာ တစ်ဝိုက်၌ အကြောအသားတို့၏ တွန့်ခြင်း၊ ရှန်းခြင်း၊ လှုပ်ရှားခြင်းသာလျှင် သိသာလေရာ ထိုကဲ့သို့ဖြစ်ခြင်း၏ စည်းစိမ်မှာ လောက၌ နှိုင်းယှဉ်၍ ပြစရာမရှိအောင် ထူးမြတ်လှပေသတည်း။

သို့ဖြစ်လေရာ ထိုကဲ့သို့ ဖြစ်ခါနီးဆဲဆဲ၌ ယောကျ်ားသည် ခွဲကောင်းဖို့လို၏။ မိမိကိုယ်ကို ထိန်း၍မရအောင် ကိစ္စ၏ ဆုံးခန်းသို့ ရောက်လိုသည့်အခါ စိတ်၏အလိုကို ကိုယ်ကသာလုပ်၍ စိတ်ကမလုပ်ဘဲ အခြားသို့ စိတ်ကို ပြေးစေရမည်။ စအိုကို အတွင်းရှုံ့၍ သွင်းရမည်။ ခဏမျှရပ်နား၍ ပေးရသည်။ သို့မဟုတ် မိမိအင်္ဂါကို အောက်သို့မစိုက်စေရာ၊ အထက်သို့ မော့မော့ကလေး လျှော့လျှော့ကလေး လှုပ်ရှား၍ ပေးရမည်။

မြန်သော ယောကျ်ားများအတွက် အောက်ပါနည်းသည် နှေးစေနိုင်၏။

မိန်းမက ပက်လက်နေ၊ ယောကျ်ားက နံဘေး၌ ၎င်းဘက်သို့ လှည့်ကာ တစ်စောင်းနေ။



၎င်းနောက် ယောကျ်ားဘက်၌ရှိသော မိန်းမ၏ ပေါင်ကို အစွမ်းကုန်မြှောက်တင် အင်္ဂါချင်းတွေ့လိမ့်မည်။

ယောကျ်ားက မိန်းမ၏ လည်ကို အောက်လက်နှင့် လှမ်း၍ ဖက်၊ အပေါ်လက်နှင့် မြှောက်၍ထားသော မိန်းမ၏ ပေါင်ကို သဘောကျ အားရှိသလိုကိုင်၊ ယောကျ်ားကိုယ်နှင့် မိန်းမကိုယ်မှာ တြိဂံအနေမျိုး ရှိလိမ့်မည်။ တြိဂံထောင့်မတ် သို့မဟုတ် ထောင့်ချွန် သဘောမျိုး ရှိစေရမည်။

ဤနည်းဖြင့်သွားရာ၌ ယောကျ်ားအင်္ဂါမှာ အထက်သို့ မော့သဖြင့် ပို၍ကြာနိုင်၏။ အမောအပန်း သက်သာ၏။ ဤနည်းဖြင့် မိန်းမကိစ္စချောမှ လေ့ကြီးထိုးပြန်၍ ကောက်ကာ အပြီးသတ်နိုင်သည်။ အထူးသတိပြုရန်မှာ မိန်းမကို အရင်ကိစ္စပြီးစေဖို့ရန် လုံ့လထုတ်ရမည်။

သို့မှသာ ကျေနပ်ကြည်ဖြူလျက် ရာသက်ပန်စွဲဖို့ပေတည်း။ သေးသွယ်ပျော့ပျောင်းသော မိန်းမများအတွက် ဤနည်းသည် လွယ်၏။ ကြီးထွားလွန်းက၊ တင်ပဆုံကြီးမားလွန်းက ဤနည်းဖြင့် နေရာကျမည် မဟုတ်ပေ။

ဤပြီးမြောက်ခြင်းသည် ပဋိသန္ဓေနှင့်မဆိုင်။ မိန်းမမှာကဲ့သို့ ပြီးမြောက်ခံစားခြင်းမရှိဘဲလည်း သန္ဓေတည်နိုင်လေသည်။ သားအိမ်၌ (Ovum) ခေါ် ဥများရှိလျှင် မိန်းမမှာ မပြီးမြောက်ဘဲ သန္ဓေတည်နိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး ကိစ္စပြီးသည့်နောက် နှစ်ယောက်စလုံး အိပ်ချင်တတ်၏။ ထိုအိပ်ခြင်းသည် ကောင်းသောအိပ်ခြင်းဖြစ်၍ ကျန်းမာစေသော အိပ်ခြင်းဖြစ်လေသည်။

သွားလာပြီးသည့်နောက်ပိုင်း မိန်းမသည် မိမိ၏အတွင်းအင်္ဂါ၌ကျန်ရှိသော ယောကျ်ား၏သုတ်ကို ရေဆေး၍ မပစ်ကောင်း၊ ဆက်လက်၍သာ အိပ်ရာ၏။ ထိုသုတ်သည် အချို့တစ်ဝက် မိန်းမ၏ ကိုယ်အတွင်းသို့ စိမ့်ဝင်သည်မှာ ကျန်းမာခြင်းကို ဖြစ်စေလေသည်။

သွားလာပြီးနောက် ရေအေးနှင့် ဆေးကြောခြင်းသည် အပူဓာတ်မှာ အအေးဓာတ်တွေ့ဆုံသော သဘောမျိုးနှင့် တူသဖြင့် အခန့်မသင့်က မကျန်းမမာ ဖြစ်တတ်လေသည်။

အကယ်၍ သန္ဓေမတည်စေလိုလျှင် ပေါင်းသင်းရာ၌ မိန်းမကိစ္စပြီးသောအခါ မိန်းမခြေနှစ်ဖက်ကို ပူးကပ်ကာ စန့်၍ နေစေပြီး ယောကျ်ားသည် စန့်၍နေစေသော မိန်းမ၏ ခြေနှစ်ဖက် စလုံးကို မိမိ၏ ခြေနှစ်ဖက်စလုံးအကြားသို့ထားကာ ကိစ္စကို ပြီးအောင်ရိုးရိုးသွားရမည်။ မိန်းမက ပေါင်နှစ်ဖက်ကိုစေ့၍ ပေးရမည်။ ထိုအခါ ယောကျ်ားအင်္ဂါသည် သားအိမ်ဝနှင့် ဝေးသဖြင့် သန္ဓေမတည်နိုင်။

## မြန်လွန်းသူများ

သွားရာ၌ကြာစေသော အခြားနည်းတစ်နည်းမှာ ပြီးလိုလျှင် ဆိုင်းရပ်ကာ နောက်မှအလုပ်ကိုဆက်ခြင်း၊ သို့မဟုတ် ယောကျ်ားအင်္ဂါကိုသွင်း၍ထားပြီးကြာကြာစိမ်၍ပေးလျက် မိန်းမအား



မိမိသဘောအတိုင်း အလိုပြည့်အောင် လှုပ်ရှားစေခြင်းဖြစ်လေသည်။

အကြင်လင်မယားဘဝ၌ အလုပ်တွင် မိန်းမဖြစ်သူအား အရှက်ကို မထားဖို့ မိမိသဘောကျသလို လှုပ်ရှားဖို့ရန် ယောကျ်ားက အားပေးရလေသည်။

☙ ၎င်းပြင် မိန်းမအား မြန်အောင် ကူညီသောနည်းလမ်းများကို အသုံးပြုရမည်။ ထိုနည်းလမ်းများမှာ သွားလာရာ၌ လက်ဖြင့် ရင်သားကို အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ထိကိုင်ခြင်း။

တစ်ကိုယ်လုံးကို လက်ဖြင့် သိမ်မွေ့စွာ စမ်းသပ်ကိုင်တွယ်၍ ပေးခြင်း။

မိန်းမအင်္ဂါ၏ အစေ့ခေါ် အသားနုကိုထိအောင် သွားလာခြင်း။

နှုတ်ခမ်းချင်း ထိခြင်း။

မိန်းမက အလိုရှိမှ ကိစ္စကို ဆောင်ရွက်ခြင်း။

မိန်းမအား မရှက်မကြောက် မိမိအလိုကျအောင် လှုပ်ရှားခြင်းများကို ပြုဖို့ အားပေးခြင်း။

ယောကျ်ား၏ အင်္ဂါကို မိန်းမအင်္ဂါအတွင်း၌ထားပြီး မိန်းမအား အောက်မှနေ၍ စကောဝိုင်းလှုပ်ရှားစေခြင်း။

အစဦး၌ ယောကျ်ားက ငြိမ်၍နေ၊ မိန်းမသာ မိမိ၏စိတ်အတိုင်းကျ လှုပ်ရှားပေးစေ၊ ထို့နောက် ၎င်းကိစ္စ ပြီးခါနီးလောက်မှ ယောကျ်ားက ကူညီလှုပ်ရှား၍ပေး။ ဤနည်းဖြင့် မိန်းမ၏ အလိုကို ပြည့်ဝစေနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မည် ထင်သည့်အခါ ယောကျ်ားစအိုကို အတွင်းသို့ ရှုံ့၍သွင်းပြီး စိတ်ကို ဤကိစ္စ၌မထား၊ ရတနာသုံးပါး၌တင်ခြင်း၊ တစ်စုံတစ်ခုကို စိတ်ဖြင့် ရွတ်ဆိုခြင်း။

အထူးမှာ မိန်းမများမှာ ဒီတက် ဒီကျသဖွယ် ကာမစိတ် ယက်သန်သော အခါရှိရာ ထိုအခါမျိုး၌ မလစ်မဟင်း ဆောင်ရွက်ပေးခြင်း၊ ထိုအခါမျိုး၌ ယောကျ်ားကစ,၍ ကြည့်လျှင် သဘောကျတတ်လေသည်။ ဤနည်းဖြင့် အခါကိုသိအောင် ဂရုစိုက်ရမည်။

သို့မဟုတ် မိန်းမအား "မင်း–အင်မတန် အဲလိုရှိတဲ့အခါ မရှက်နဲ့ ငါ့ကိုပြော၊ ငါဘယ်လိုမှ သဘောမထားဘူး"ဟူသော စကားမျိုးနှင့် အားပေး၍ ထားခြင်း။

ဤနည်းများသည် မိန်းမကို စိတ်ကျေနပ်နိုင်သော နည်းဖြစ်ရာ အိမ်ထောင်ရေးသုခအတွက် အထူးမှတ်အပ်ကြပေသတည်း။

## ဆန္ဒမီး

မည်သူမဆို အဖော်ကို တောင့်တ၏။ တစ်ကိုယ်တည်းနေရခြင်းသည် ခမ္ဘတာသဘောနှင့် ဗီလာဖြစ်လျက် မပြည့်မစုံ တစ်ခြမ်းပဲ့၍ နေသည်နှင့် တူလေသည်။

မနုဿလူတို့၏ ကိစ္စဟူသမျှနှင့် တစ်ကိုယ်ရေတစ်ကာယ နေထိုင်ကြရကုန်သော တစ်ခြမ်းပဲ့လူများသည် ကောင်းစွာသိရှိခံစားခွင့် ရကြမည်မဟုတ်ပေ။ တစ်ကိုယ်တည်း စာပေကျမ်းဂန်နှင့် မွေ့လျော်ကြကုန်သော ပုဂ္ဂိုလ်၊ လူ၊ ရှင်၊ ရဟန်း ဟူသမျှ ဤအကြောင်းအရာမျိုးနှင့် ပတ်သက်ရာ၌ အဘယ်မျှပင် တတ်သိ



လိမ္မာသည်ဟု မိမိကိုယ်ကို အထင်ရောက်စေကာမူ စင်စစ်မှာမူ ပြည့်စုံသူ စုံတွဲသမားများလောက် အသိကို မိမည်မဟုတ်ပေ။

တစ်ဦးတစ်ယောက်တည်း ဖြစ်ကြကုန်သော တစ်ခြမ်းပဲ့ သမားမှန်က မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ လူဖြစ်အောင် မစွမ်းဆောင်နိုင်ကြပေ။ ကျွန်ုပ်တို့၏ တစ်သက်ပန်မျှသာ အခြေအနေ အသက်မွေးနေထိုင်ပုံနှင့်တကွ အဆင်းအရောင် သဏ္ဌာန် ဟူသမျှ၏ ခြားနားခြင်းများသည် ဤသဘောတရားကြီးကြောင့် ဖြစ်လေသည်။ လောက၌ ဆန္ဒမီးအပေါင်းတို့တွင် နှစ်ဦးစုံဖက်လိုသော ဆန္ဒမီးသည် အကြီးဆုံးသော မီးဖြစ်လေရာ လူသတ္တဝါတို့၏ တိုးပွားမှု၊ ကြီးပွားမှု၌ ထိုဆန္ဒသည် အရေးအကြီးဆုံးဖြစ်ကြောင်း သိသာလေသည်။

လောက၌ လုပ်ကိုင်ရာကြကာ ပုပုရွရွ မြင်သမျှတို့ အလုပ်လုပ်၍ နေကြခြင်း၌ ဤမီးသည် စက်ပုန်းခုတ်၍ နေလေသည်။

ငယ်ရွယ်သူဟူသမျှတို့မှာ ထိုဆန္ဒသည် မလွန်မကျူး ထင်သလို အလို လိုက်စားခြင်းကြောင့် ပျက်စီးခြင်းအဖြစ်သို့မရောက်သေးချေက လွန်စွာစင်ကြယ်သန့်ရှင်းလျက် အဆင်းကိုပင် လှပစေနိုင်သော သတ္တိရှိကြောင်း၊ ချစ်သူတစ်ယောက်ယောက် ပေါ်ပေါက်၍ သမီးရည်းစားထားသည့် အချိန်အခါများ၌ ရုပ်ရှက်မှုလှရိုရင်းထက် ပိုမိုလှပ၍ လာတတ်ခြင်းဖြင့် သိနိုင်လေသည်။

အရွယ်ရောက်၍ ကိုယ်လက်အင်္ဂါများမှာ ပြောင်းလဲစပြုလာသည်နှင့်တစ်ပြိုင်နက် မိန်းမပျိုနှင့် ယောကျ်ားပျိုတို့မှာ ထိုဆန္ဒ

www.burmeseclassic.com

www.burmeseclassic.com



သည့် ဒီရေပမာတက်ကြွ၍ လာရမြဲဖြစ်လေသည်။ ထိုအရွယ်တွင် အဖို၌ အဖို၏ ရုပ်ဆင်းကြန်အင်၊ အမ၌ အမ၏ ရုပ်ဆင်းကြန်အင်သည် သိသိသာသာခြားနား၍ လာရလေသည်။

ထိုခြားနားခြင်းပင် ပေါင်းစပ်ခြင်းကိုဖြစ်စေသည့် အာသာငမ္မကို ထက်သန်စေသဖြင့် အဖိုနှင့် အမသည် တစ်ယောက်ကို တစ်ယောက် သမုဒ္ဒရာပင်လယ်ကို ဖြတ်သန်း၍ လိုက်ကြရလေသည်။ ထိုအခါသည်ကား ကိုယ်ရောစိတ်ပါ ပြောင်းလဲလျက် မြင်နိုင်သည့် ကျက်သရေအဆင်းအရောင်များနှင့် မမြင်နိုင်သည့် ကျက်သရေ အဆင်းအရောင်တို့သည် သက်တန့်၏ အရောင်ထက်ပင် ပိုမိုဆန်းကြယ်လျက် နေဝင်ဆည်းဆာ တိမ်ပန်းဖြာသလို ဖြစ်၍နေ၏။

အအယ်မှုပင် ဟန်လုပ်ကာ ဖုံးအုပ်စေကာမူ ထိုအချိန်၊ ထိုအခါ၌ အဖိုကလေး၏ စိတ်နှလုံးသည် လည်းကောင်း၊ အမကလေး၏ စိတ်နှလုံးသည် လည်းကောင်း တစ်ဦးထံ တစ်ဦး ပြေး၍ကပ်၍ ပူးရန် ရင်ဘတ်အတွင်း ပြင်းထန်စွာ အတောင်ခတ်လျက် ရှိနေသည်သာတည်း။

ထိုဆန္ဒသည် ထိုအခါမှစ၍ ဖွဲ့တစ်ဆုပ်ကို မသယ်နိုင်သည့် အရွယ်သို့ ရောက်သည့်တိုင်အောင် ဆောင်လျက်နေလေတော့သတည်း။

ထိုအခါ၌ မြင်မြင်သမျှသော ရူပါရုံတို့၌ အဘယ်သူသည် ငါ၏ အစိတ်အပိုင်းဖြစ်ပါသနည်းဟု ရှာဖွေ၏။ အိပ်မက်၌ မြင်မက်၍ ထိုအခါ၌ စိတ်ဝိညာဉ်သည် အလှဆုံးသော အခြေ



အနေ၌ ရှိနေလေသည်။ အနည်းငယ်မျှသော ချွင်းချက်များမှတစ်ပါး ထိုဆန္ဒသည် စုံဖက်ခြင်းလျှင် အဆုံးသတ်ကြလေသည်။

စုံဖက်သမျှသော ယောကျာ်း၊ မိန်းမတို့သည် စုံဖက်ခြင်းမှ ခံစားရမည့် သုခကို မျှော်လင့်ကြ၏။ ထိုကဲ့သို့သော မျှော်လင့်ချက်မရှိဘဲ ပေါင်းသူရှိရမည်မဟုတ်ပေ။ သို့သော် မျှော်လင့်သော သုခစည်းစိမ်ကို အမှန်ရကြပါ၏လော။

အခါခပ်သိမ်း မရကြပေ။ အထူးသဖြင့် မိန်းမအချို့မှာ ခံစား စံစားရခြင်းမရှိ၊ သွားဖွားရခြင်း ဒုက္ခနှင့်သာ အဆုံးသတ်ကြရလေ၏။ ထိုကဲ့သို့ မဖြစ်စေရအောင် ဤကျမ်းငယ်ကို ရေးရခြင်း ဖြစ်လေသည်။

## မချမ်းသာသောစိတ်

ချစ်သောမိန်းပျိုနှင့် ယောကျာ်းပျိုသည် တစ်ယောက်နှင့် တစ်ယောက် တစ်သက်ပန် ချမ်းမြေ့ပျော်ရွှင်စွာ နေကြရတော့မည်ဟူသော အထင်ကြီးနှင့် အိမ်ထောင်ခြင်းဟု ခေါ်ဆိုရသော ခုတင်ကြီးပေါ်မှာ လျှောင်းစက်ကြလေသည်။

အခါများစွာ ထိုကဲ့သို့ ပေါင်းသင်းစဉ်၌ ငွေကြေးဥစ္စာပစ္စည်း အစုံအလင် မပူရ၊ မပင်ရ၊ နှစ်ယောက်တွဲကာ သွားလိုက်ကြ၊ လာလိုက်ကြ၊ စလယ်ဝင်အိုးကလေးနှင့် ချက်ကြ၊ ပြုတ်ကြ၊ စားကြ၊ သောက်ကြလျက် အပျော်ကြီးပျော်ကာ နေ့ရောညပါ မကြုံစဖူး၊ မတွေ့စဖူး ထူးမြတ်လှသော လွတ်လပ်ခြင်းစည်းစိမ်

www.burmeseclassic.com

www.burmeseclassic.com



ကို ခံစားကြလျက် အပဟုတ်တကယ် ပျော်ရွှင်ကြသည်ကား မှန်လေသည်။

ထိုပျော်ရွှင်သောအချိန်သည် အဘယ်မျှလောက် ကြန့်ကြာတတ်ပါသနည်း။ မိမိတို့ မှတ်ထင်သလောက် ကြာရှည်စွာ ပျော်ရွှင်ရသူတို့ကား အတော်ပင် နည်းပါးကြပေလိမ့်မည်။

၎င်းတို့ ပေါင်းသင်းစဉ် တစ်ယောက်၏ အကြောင်းကို တစ်ယောက် အနည်းငယ်မျှကလေးသာ သိကြကြောင်း မိမိတို့ကိုယ်တိုင် မသိတတ်ကြပေ။ စင်စစ်မှာ သိသင့်သလောက်မသိတတ်ကြချေ။

ကိလေသာ ကာမဂုဏ်နှင့် ပတ်သက်၍ တစ်ယောက်ကို တစ်ယောက် စွဲမက်ခြင်း သည် နှစ်ယောက်၏ သဘာဝမှာ မတူဟန် ကွဲပြားခြားနားခြင်းကြောင့် ဖြစ်ကြောင်း ၎င်းတို့ကိုယ်တိုင် မသိတတ်ကြပေ။ ဤအကြောင်းကို ငယ်ရွယ်သူများသာမဟုတ်။ လူကြီးများသော်မှ သတိထားလေ့ မရှိကြသဖြင့် သေသည့်တိုင်အောင် အမှတ်မဲ့နေ၍ သွားတတ်ကြလေသည်။ သို့ဖြစ်၍ ၎င်းတို့ကိုယ်တိုင် မသိသော ထိုခြားနားသည်ပင်လျှင် ၎င်းတို့၏ တိုတောင်းသော သုခကလေးကို ပေါင်းသင်းမိသောအခါမှစ၍ ဖျက်ဆီးမှန်းမသိ ဖျက်ဆီး၍ နေတတ်လေသည်။

အတူတကွ ပေါင်းသင်းကြရာ၌ တစ်ဦးအကြောင်းကိုတစ်ဦး သိသည်ဟု မှတ်ထင်သောစိတ်ကို အမျိုးမျိုးတွေ့ကြုံသိရှိရသော သုခချမ်းသာခြင်းကို ဖြစ်စေသည့် အတွေ့အမျိုးမျိုးတို့က



ထောက်ကူ လှည့်စားခြင်းပြုလျက် အဟုတ်ကြီးမှတ်ထင်၍နေကြသောကြောင့် မိမိတို့ ထူးလှသော သုခစည်းစိမ်မှာ ခိုင်လုံသော အုတ်မြစ်မရှိကြောင်း မသိမမြင်ဘဲ နေကြလေသည်။

အပျော်ဆုံးသော လင်မယားများသော်မှ အချို့မှာ ကွဲလွဲချက်များရှိကြောင်း သိတတ်ကြ၏။ ထိုကွဲလွဲချက်တို့သည်ကား အမျိုးဘာသာ ဝါသနာ ထင်မြင်ချက်၊ အလေ့အကျင့် ထုံးစံ၊ နိုင်ငံရေးထင်မြင်ချက်၊ ပါတီသဘော စသည်များဖြစ်ကြလေရာ ထိုကွဲလွဲချက်များသည်ကား စေ့စပ်၍မရနိုင်သည့် ကွဲလွဲချက်များ မဟုတ်။ စေ့စပ်၍ရနိုင်သည့်အချက်များ ရှိကြသည့်ပြင် လျစ်လျူရှုခြင်းသည်လည်း စေ့စပ်ခြင်း၏ နည်းလမ်းတစ်ခုဖြစ်လေသည်။

အကြောင်းမူကား မနုဿလူသားတို့၏ ရာဇဝင်၌ ထိုကွဲလွဲချက်များကို အနည်းနည်းအဖုံဖုံ ပြေချောရှင်းလင်းအောင် လုပ်ခဲ့ကြရာ ဖြစ်မြောက် အောင်မြင်ခဲ့ကြလေ့သည်။

သို့သော်လည်း အဖို-အမနှင့်ဆိုင်သော ကွဲလွဲချက်နှင့်ပတ်သက်၍မူကား သိသူ လွန်စွာနည်းပါးလျက် မသိခြင်း၊ မမြင်ခြင်း၏ ပဏာမသည်လည်း လွန်စွာကြီးမား နက်ကျယ်လေရာ ဤအကြောင်းအရာနှင့်ပတ်သက်၍ အမြဲစုံစမ်း ရှာကြံရေးသားတင်ပြကြကုန်သော ကျွန်ုပ်တို့၏ ရှေ့သွားခေါင်းဆောင် ကာမသုတ္တာရပညာ ဆိုမီးတန်ဆောင်ဖြစ်ကြသည့် ပုဂ္ဂိုလ်ကြီးများသော်မှ အနည်းငယ်မျှသာ တတ်သိ နားလည်ကြလေသည်။

သုခချမ်းသာခြင်းကို ရရှိခံစားရသူများသည် သုခချမ်းသာကို ခံစားစံစား၍ နေကြရသော လူမျိုးများနှင့် အလားတူစွာ

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်မရှိ ဆိတ်ငြိမ်စွာနေလေ့ ရှိတတ်ကြသည်ဟူသောစကား ရှိလေသည်။

အိမ်ထောင်ကျ၍ ပျော်ရွှင်ချမ်းအေးစွာ နေကြသူတို့သည် အများအားဖြင့် မိမိတို့၏ သုခချမ်းသာ ရှိခြင်းအကြောင်းနှင့် ပတ်သက်၍ စကားမပြော ဆိတ်ငြိမ်ကျေနပ်၍နေကြ၏။ စကားပြောသူတို့သည်ကား အများအားဖြင့် မကျေနပ်သူများဖြစ်ကြလေသည်။ မှန်းခြေမကိုက်သူများထံမှသာ ဆူဆူညံညံအသံကို ကြားရ၏။ မှန်းခြေကိုက်သူတို့ကား စကားဆိုဖို့ မဆိုထားနှင့် အခန်းထဲမှထွက်ကာ မိမိသဏ္ဌာန်ကိုမျှပင် လူမြင်အောင်ပြဖို့ရန် အချိန်ကိုမရှာဘဲ၊ မိမိတို့ဘာသာ၊ မသွေ့မခြောက် စိုစိုပြည်ပြည် ဖြစ်၍ ဖြစ်၍သာ နေကြလေရာ၊ အခြား ဘယ်အရာကိုမျှ အလိုမရှိနိုင်အောင် ကောင်း၍သာ နေကြသည်။

ထိုကဲ့သို့ ပျော်ရွှင်ချမ်းမြေ့၍နေကြသူများ အထဲ၌ပင် အဟုတ်တကယ် မပျော်သူတွေ များစွာရှိကြလေသည်။ စင်စစ်မှာကား ကိုယ်တွေ့မျက်မြင် သိနိုင်သည့်အရ အိမ်ထောင်၏ သုခကိုရသူ လွန်စွာနည်းပါးလေရာ၊ မိန်းမချော်ချော်ကလေးနှင့် ယောကျ်ားချောချောကလေးတွဲ၍ လျှောက်သွားကြသည်ကိုလည်းကောင်း၊ ပျော်ပျော်ရွှင်ရွှင် နေကြသည်ကိုလည်းကောင်း၊ မြင်ကြရသူတို့၏ စိတ်၌ သူတို့တော့ ကုသိုလ်ကောင်းလိုက်တာ၊ ချစ်စရာကောင်းပါဘိတယ်၊ ရှေ့သွားနောက်လိုက် ညီပါပေတယ် စသည်ဖြင့် ပြောတတ်ကြလေသည်။



သို့သော်လည်း ၎င်းတို့၏ အတွင်းရေးအဘယ်မှ ဖြစ်ပျက်၍ နေသည်ကို သိကြလျှင် ထိုကဲ့သို့ ပြောဝံလောက်သော စုတွဲတွေ အတော်ပင် နည်းပါးကြကြောင်း သိဖို့ရှိလေသည်။

အခါများစွာမှာလည်း နှစ်ယောက်အနက် တစ်ယောက်မှာ မကျေမနပ်ဖြစ်၍ နေသည်ကို တစ်ယောက်က မသိတတ်ပေ။ အခြားမြင်သူများသည်ကား အဘယ်နည်းဖြင့် သိရှိနိုင်ပါမည်နည်း။

ဤကဲ့သို့ဖြစ်ခြင်းသည် ရှေးကနှင့်စာလျှင် ယခုကာလသာ၍ ဆိုး၏။ နောင်လာမည့် ကာလ၌ ယခုထက်ပင် ဆိုးပေလိမ့်ဦးမည်။

မိန်းမများမှာ လူ၏အကြောင်းကို ကောင်းစွာ နားမလည်သေးသော ကညာစင် ကညာစစ်ကလေးဖြစ်၍ ယောကျ်ားက လူလည်ဖြစ်သည့်အခါ ထိုယောကျ်ားသည် အိမ်ထောင်၌ လျှာနှင့်သွားအလုပ်ကို အစပြုတတ်၏။ ၎င်းသည် သွားဖြစ်တတ်၏။ စိတ်ဆင်းရဲခြင်းသည်ကား လျှာဖြစ်တတ်လေသည်။ သို့သော်လည်း စိတ်ဆင်းရဲခြင်းကိုကား နှစ်ယောက်စလုံး ခံစားရလေသည်။

ကျွန်ုပ်တို့လူမျိုး၏ အမျိုးသမီးများသည် လွတ်လပ်ခြင်းရှိသော်လည်း အများအားဖြင့် ဤအရေးနှင့်ပတ်သက်၍ ဖြူစင်သော အစဉ်အလာရှိခဲ့၏။ ယခုခေတ်ကာလ မြို့ကြီးများ၌ကား ရှေးကနှင့်မတူ၊ ဖောက်ပြန်သူများ ပေါပေါက်လာကြလေရာ၊ အများအားဖြင့် မိန်းမများသည် လောကအကြောင်းကို ယောကျ်ားကလေးများလောက် မသိကြချေ။ ယောကျ်ားကလေး မှန်လျှင် သုံးနိုင်ဖြုန်းနိုင်သူဖြစ်ချေက မိကောင်းဖခင် သားသမီးပင် ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



ကာမှု အတွေ့အကြုံများကြလေသည်။ ကျောင်းသားများသော်မှ မလွတ်ကြပေ။ သို့ဖြစ်လေရာ မသိသောအရိုးခံမတွေနှင့် သိပြီး နပ်ပြီးသော အဆန်းကောင်တွေ စုံဖက်တတ်ကြလေရာ တကယ် သုခချမ်းသာခြင်းသည် အဘယ်မှာရှိနိုင်ကော့မည်နည်း။

အခါများစွာ အလုပ်အကိုင် ရာထူးရာခံ နေဂုဏ်ကြောင့် အသက် သုံးဆယ်ကျော် လေးဆယ်နီးနီး လူလည်ကြီးသည် အဖြူပေါ်တွင် မြူမသန်းသေးသော ကညာစင်လေးနှင့် ပေါင်းရလေရာ၊ ၎င်း၏ ကြမ်းကြုတ်သော ရမ္မက်ဒေါသသည် နုနယ်သော ကညာပျိုကို တုန်လှုပ်ချောက်ချားစေတတ်လေရာ ထိုကဲ့သို့ဖြစ်ရာ၌ ငါ၏ မိန်းမသည် အဘယ်အတွက် ငါ့ကို မကြည်မဖြူ ငြူစူစိတ်ထား သဘောထား မမှုသည်မှာ အဘယ်သို့သော အကြောင်းခြင်းရာပေနည်းဟု ယောကျ်ားကိုယ်တိုင်သော်မှမသိဘဲ နေတတ်လေသည်။ ထိုကဲ့သို့ဖြစ်သည့်အခါ အကြောင်းရင်းကို မသိသော ယောကျ်ားကိုယ်တိုင်ပင် မကျေမချမ်းဖြစ်တတ်လေသည်။ ထိုအလုပ်မျိုး၌ ထိုအလုပ်မျိုးကြောင့် မိန်းမက ယောကျ်ားကို စက်ဆုတ်ရွံရှာမုန်းထားတတ်ကြောင်း ယောကျ်ားအများ သိဟန်မရှိကြချေ။

၎င်းအပြင် ထိုကိစ္စ၌ ယောကျ်ားသည် မိန်းမထက်လျင်မြန်စွာ ငြိုငွေ့လွယ်သဖြင့် ဘယ်မှာကောင်းလို့လဲ၊ ဘယ်မှာပျော်စရာလဲ ဟူသော အတွေးပေါ်ပေါက်ကာ စကားပြောရာ၌ ယောကျ်ားကစ,၍ မာမာဆတ်ဆတ်ပြောတတ်၏။ စိတ်တိုတတ်၏။ မိန်းမအပေါ်၌ အရှင့်က မမြင်ရသော အပြစ်များကိုစ၍ မြင်တတ်လေရာ ဒိုးခနဲ ဒက်ခနဲ ပြောချင်တတ်လေသည်။



ထိုအခါ ငြိုငွေ့သေးရုံမက ထိုစည်းစိမ်၏ သုခကို ထိထိရောက်ရောက်မျှ မခံစားရသေးသော မိန်းမမှာ နှလုံးသားနုနုကလေးကို အထိခံရပြီး "ဒင်း၊ ငါ့ကိုမုန်းပြီ။ မချစ်တော့ဘူး။ ဘယ်မှာများ အသစ်တွေ့သလဲ မသိဘူး" ဟူသော အတွေးနှင့် မအေးမချမ်း ကိုယ်စိတ်နွမ်းတတ်လေသည်။

အခါများစွာ ဤအရာ၌ အလိုမပြည့်ဝသေးသော မယားသည်မှာ လင်ယောကျ်ားအလုပ်မှ အိမ်သို့ အပြန်နောက်ကြပြီး ပက်လက်ကုလားထိုင်ပေါ်မှာ လှန်၍နေသည်ကို မြင်ရလျှင် "မောလာပြီ။ ဘယ်မှာတွေ့လာလို့ မောလာမှန်း မသိပါဘူး" ဟူသော မသင်္ကာစိတ်များ ပေါ်တတ်လေသည်။ သို့မသင်္ကာထဲမှာ အိပ်ရာမှာ တစောင်းလှဲပြီး ဘာမလုပ်ညာမလုပ်၊ သူ့ဘာသာ တရှုးရှုးအိပ်၍ သွားသည်ကိုမြင်သည့်အခါ "ဟုတ်ပါပြီ၊ တကယ်ပါပဲ၊ ရည်းစားဟောင်းတစ်ယောက်တော့ ကျန်ရှိမှာပါပဲ၊ ဘယ်နေရာမှာ တွေ့လာသလဲမသိဘူး။ ကျန်တော့ကျန်ပဲ၊ ဘယ်ကျန်လဲမသိဘူး" ဟု တွေးကာ မကျေမချမ်းသည့်အမူအရာနှင့် အိပ်ရာထဲမှာ ထချီထိုင်ချီဖြစ်လျက်၊ လင်ယောကျ်ားက အပါးမကပ်တိုင်း ဆေးပေါ့လိပ်ကြီးကိုသာ ပါးစပ်မှာတပ်ပြီး တရှုံရှုံ မီးခြစ်, ခြစ်၍ နေတတ်လေသည်။ ယောကျ်ားကား သတိမထား မိုးလင်းသောအခါ ရေမိုးချိုး ဝတ်ဆင်၊ အလုပ်ခွင်အတွက် ပြင်ဆင်ဖို့သာ သတိရတတ်လေသည်။

အခန်းများစွာ ယောကျ်ားအပေါ်၌ အပြစ်ကားစုံတရာမရှိ၊ အလိုမပြည့်သော မိန်းမ၏ အထင်သာဖြစ်လေရာ ထင်သောစိတ်၊

www.burmeseclassic.com

www.burmeseclassic.com



မသကာသောစိတ်နှင့် အကဲခတ်ဖန်များသောအခါ မသကာစရာ အချက်အမျိုးမျိုးတို့သည် တောင်ကထွက်၊ မြောက်ကပေါ်ဖြင့် အမျိုးမျိုးထင်မြင်အောင်လုပ်၍ ပြတတ်လေသည်။

ယောက်ျားကား လျှင်မြန်စွာ ငြီးငွေ့တတ်၍ မိန်းမများမှာ ကြာမြင့်စွာ မကျေမနပ်ဖြစ်ခြင်းသည် အဘယ်သို့သော အကြောင်းကြောင့် ဖြစ်တတ်သည်ကို နောက်လာမည့် အခန်းများ၌ သိသာအောင် ဖော်ပြပါဦးမည်။

## ဘာဖြစ်တာလဲ

မိမိနှင့် ကောင်းစွာသင့်လျော်သော မိန်းကလေးနှင့်အကြောင်းပါသော ယောက်ျားသည် နောက်ဆုံး၌ အဘယ်ပုံဖြစ်ပါသနည်း။ ၎င်းလူ၏ ဆန္ဒသည် အသက်ရှည်သမျှ သုခချမ်းသာနှင့်နေဖို့ရန် ဖြစ်သည်။

အသိအလိမ္မာရှိသမျှနှင့် သုခချမ်းသာကို ရအောင်ကြိုးစား၏။ အသေးအဖွဲကလေး၌ သဘောကြီး၏။ စကားကို ကြမ်းတမ်းစွာ ပြောလေ့မရှိ။ နှစ်ယောက်အတူ ဘုရားသွား၊ ကျောင်းလာပြုကြ၏။ ဈေးကို အတူသွား၍ မယားအတွက်လည်းကောင်း၊ မိမိအတွက်လည်းကောင်း ဝယ်ခြမ်း၏။ သတင်းစာကို အတူတူ ခေါင်းခြင်းဆိုင်၍ ဖတ်၏။ မယားဖြစ်သူ ဈေးသည်ဖြစ်အံ့၊ အတူတူ ကူညီရောင်းချချင်၏။ မယားဖြစ်သူမှာ မိမိ၏ အလုပ်ကို ကူညီလုပ်ကိုင်နိုင်သော အရည်အချင်းရှိက ကူညီလုပ်ကိုင်စေလို၏။



ထိုကဲ့သို့ နေရာမှ နှစ်ပေါင်းအနည်းငယ်ကြာသောအခါ တစ်ယောက်နှင့်တစ်ယောက် ခွာမှန်းမသိ ခွာစပြုကြလေသည်။ အခါများစွာ မယားဖြစ်သူ၏ အမူအရာသည် ရှေးကလိုမဟုတ်။ အေးစက်စက်ဖြစ်၍လာသည်ကို သိရ၏။ အကြောင်းရင်းကိုကား မသိတတ်ပေ။ ဤအကြောင်းကို နှုတ်မှဖွင့်ကာ ထုတ်ဖော်၍ ပြောလေ့ မရှိကြပေ။ သို့သော်လည်း နှစ်ယောက်စလုံးမှာ တစ်ခုခုဖြစ်နေသည်ကို သိကြလေသည်။ အချုပ်မှာ မယားဖြစ်သူ၏ စိတ်မှာ မကျေမချမ်းသည့် အမူအရာကို တွေ့ရှိသဖြင့် အဘယ်ပုံဖြစ်သည်ကို မသိဘဲ အကဲလည်းခတ်၍ မရသဖြင့် မယားဖြစ်သူ၏ မကျေချမ်းသော အရာသည် မိမိကိုကူးစက်၍ လာကြောင်း သိရလေသည်။

တစ်ခါတရံ အိပ်ရာ၌ မိမိက စသည့်အခါ ကြည်ဖြူသော အမူအရာနှင့် လက်ခံ၏။ တစ်ခါတရံကား မကြည်ဖြူ မသက်မသာသည့် အမူအရာဖြစ်သည်ကို တွေ့ရှိရလေသည်။

ယောက်ျား၏စိတ်၌ မိမိတို့၏ သားမယားစိတ်ကို မိမိတို့နားလည်သည်ဟု မှတ်ထင်ကြ၏။ မိမိတို့မယားသည် အသိအလိမ္မာနှင့် ဆင်ခြင်ဉာဏ်ရှိသည်ဟု စွဲမှတ်တတ်ကြလေသည်။

သို့စွဲမှတ်ရာမှ အကြောင်းမဲ့ မကျေမချမ်းဖြစ်သည့် အမူအရာများကို တွေ့ရသောအခါ မစဉ်းစားတတ်အောင်ရှိကြ၏။ အခြားချစ်သူ အဟောင်းများနှင့်များ ပြန်၍ တွေ့ရသေးသလားဟု တွေးတောတတ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားများသည် အများအားဖြင့် မိမိတို့၏ မယား သစ္စာရှိသည်ဟု ယုံကြည်တတ်ကြ၏။ သို့ပင် ယုံကြည်ငြားသော်လည်း မသင်္ကာသော အတွေးသည် ပေါ်တတ်လေသည်။

ထိုကဲ့သို့သော အခါမျိုး၌ မိန်းမများမှာ ချစ်သူအဟောင်း တစ်ယောက်ယောက်နှင့် တွေ့သည်ဟု မှတ်ထင်လျှင် များစွာ နာကျင်တတ်၏။ ချစ်သူနှင့်မတွေ့က ၎င်း၏ ပြုမူပုံသည် စဉ်းစားဉာဏ်မရှိ။ အမိုက်အမဲပေလားဟု တွေးတတ်လေသည်။

အဘယ်ယောကျ်ားမှ မိမိ၏ မယား အမိုက်အမဲဖြစ်သည်ကို မခံနိုင်ကြချေ။ သို့ဖြစ်လေရာ အမိုက်အမဲဖြစ်သည်ဟု မှတ်ထင်ရလျှင်လည်း စိတ်၌ တစ်မျိုးနာကျင်ခြင်း ဖြစ်မည်သာတည်း။

တစ်ခါတရံ၌လည်း ယောကျ်ားဖြစ်သူက ယုယခြင်း၊ ဂရုစိုက်ခြင်း၊ (ဓါ)စ,ခြင်း မပြုသည့်အတွက် မိန်းမမှာ မကျေမချမ်း ဖြစ်တတ်လေသည်။ ထိုကဲ့သို့ ဖြစ်ကြောင်းကိုလည်း ဂရုစိုက်၍ ကြည့်ခြင်းကြောင့် တစ်ခါတရံ သိမြင်နိုင်လေသည်။

အထက်ဖော်ပြပြီးသော ဖြစ်ပျက်ပုံမျိုးသည် အများအားဖြင့် ဥရောပတိုင်းသူများနှင့် သက်ဆိုင်လေရာ ချွင်းချက်ပမာ အရှေ့တိုင်းသူများမှာလည်း ထိုနည်းမျိုးကို ဖြစ်နိုင်သည်ကား ခေတ်ကာလ ပညာတတ်မိန်းကလေးတွေ တစ်နေ့တခြား ပိုမိုများပြားလာခြင်းကြောင့် ဖြစ်လေသည်။

သို့ဖြစ်လေရာ ထိုကဲ့သို့သောအခါမျိုး ကြုံကြိုက်သည့်အခါ ယောကျ်ားသည် အထူးသတိပြုကာ သည်းခံပြီးလျှင် အကြောင်းရင်းကို မေးရလေသည်။



သို့မေးရာ၌ " မင်းဘာဖြစ်တာလဲ" ဟု ဇော်ဇော် ဇေါက်တောက် အပေါက်ဆိုမျိုးကို မသုံးအပ်ပေ။ "ငါ့မှာ ဘာအပြစ်ရှိသလဲကွယ်၊ မင်းအလိုမပြည့်တာ ဘာများတုန်း" ဟူသော လေမျိုးကို သုံးရလေသည်။

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ယောကျ်ားသည် စောစောစီးစီး ငြီးငွေ့လွယ်သူဖြစ်ရာ ထိုကဲ့သို့ဖြစ်ခြင်းမှာ ယောကျ်ား၏ စိတ်၌ အချစ်အေးကြောင်း၊ အချစ်စိတ် မှေးမှိန်ပြုကြောင်း မိန်းမများ သိသာသောကြောင့် ဖြစ်လေသည်။

ထိုကဲ့သို့ဖြစ်သည့် အမှုအရာကိုတွေ့ရှိသည့်အခါ ဟိုအရင်တွေ့စက အမှုအရာ၊ ပြောပုံဆိုပုံကတော့ ကို ပြန်၍ အသုံးပြုရလေသည်။

မိန်းမသည် ယောကျ်ား၏ အချစ်ယုယခြင်းကို အမြဲလိုလား၏။ မဝနိုင်အောင် လိုလားလေရာ ယောကျ်ားသည် ဤအရာ၌ ပေါ့စပြုသည်နှင့် တစ်ပြိုင်တည်း အမျိုးမျိုးသော အတွေးတွေ မိန်းမ၏စိတ်၌ ထွက်ပေါ်တတ်လေ၏။ ထိုအတွေးများသည်ကား အခြား မဟုတ်။ မိန်းမအပေါ်၌ ယောကျ်ားဖြစ်သူ မသင်္ကာသောနည်းအတိုင်း၊ ယောကျ်ားအပေါ်၌ မိန်းမဖြစ်သူ မသင်္ကာဖြစ်ခြင်းပေတည်း။

အတိုက်ကို ရှုန်းရမည်ဆိုလျှင်ကား အချို့သော မိန်းမများမှာ ကာမအရာ၌ ထက်သန်သည့်အတွက် အလိုမပြည့်ခြင်း။ မိမိတို့

www.burmeseclassic.com

www.burmeseclassic.com



လိုလားချိက်မှာ မရ၊ မလိုလားချိက်မှာ လာ၍ စ,သည်ကို မခံချင်ခြင်း၊ ဤစိတ်မျိုးဖြစ်လေရာ အချစ်ကိုမြဲစေလိုက မိန်းမ၏ အလိုကို အမြဲသိအောင် သတိနှင့် ကြည့်အပ်ခြင်း ဖြစ်လေသည်။

ထိုကဲ့သို့ နှစ်ယောက်စလုံး တစ်ယောက်အပေါ် တစ်ယောက် မသက်သာဖြစ်သည့်အခါ ထိုကဲ့သို့သော အိမ်မျိုးထက် ကဲဆိုးသော အိမ်ရှိမည် မဟုတ်ပေ။ သို့ဖြစ်လေရာ ထိုအခါမျိုး၌ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း အလိုကိုပြည့်ဝအောင် အခါကို ဘိတာတတ်ဖို့ အရေးကြီးလေသည်။

## ငြီးငွေ့ခြင်း

အကြင်ယောက်ျားပျိုနှင့် မိန်းမပျိုတို့သည် လင်နှင့်မယား အဖြစ်သို့ ရောက်ကြပြီးနောက် အထက်ဖော်ပြခဲ့သည်နှင့်အညီ ယောက်ျားပျိုက စ,၍ အေးတတ်လေသည်။

ထိုကဲ့သို့ အေးတတ်ခြင်းကား အခြားကြောင့် မဟုတ်။ ယောက်ျားကလေးများမှာ အတွေ့အကြုံများခြင်း၊ အထက်ဖော်ပြသည့်အတိုင်း အလိုပြည့်ဝခြင်းကြောင့် ဖြစ်လေရာ "ယောက်ျားကောင်း မောင်းမတစ်ထောင်"ဆိုသည့် စကားကို ကျွေးနိုင်၊ မွေးနိုင်သော သတ္တိရှိချေက အမြောင်အပွားတွေကို ထားတတ်ကြလေသည်။

စာရေးသူကိုယ်တိုင် ဖြစ်ဖူးသည်ကား မိန်းမယူပြီးမှ ခြောက်လ အကြာတွင် အခြားချောမောလှပသော မိန်းမပျိုကလေးများကို မြင်ရသည့်အခါ "ငါ–မှားလေစွာတကား၊ ငါလူပျိုဖြစ်လျှင်



အခု မြင်ရသူကလေးများကို စကားသုံးခွန်းလောက် ဆိုလိုက်ချင်ပါရဲ့ဟူသော စိတ်တွေ ပေါ်ပေါက်လာခဲ့လေသည်။

ထို့နောက် ဆင်ခြင်လိုက်သောအခါ "သူတို့ကို ရလျှင်လဲ တော်တော်ကြာရင် ငြီးငွေ့မှာပါတကား။ ငါသည် အရှုးအမူး ချစ်ကြိုက်ခဲ့သော မိန်းမတစ်ယောက်ကို ရခဲ့ပြီ။ သို့ပါလျက် ယခု အဘယ်အတွက် စက္ခုရူပေနာမိ၍ နေရပါသနည်း။ အရူးအမူး ချစ်ကြိုက်၍ယူပြီး သူကလေးတစ်ယောက်နှင့်မျှ မကျေနပ်ဘဲ ထပ်ကာ ထပ်ကာ လောချင်သော မနောအာသီသတွေ ဤကဲ့သို့ ပေါ်ချေက အရူးအမူး ချစ်ကြိုက်ဖို့မဆိုထားဘိ။ သိမှ မသိရသေးသော ဤရူပါရုံ အသစ်မျိုးကိုရလျှင် သာ၍ပင် ငြီးငွေ့ခြင်းဖြစ်မည် မဟုတ်ပါလော။ ဘာလုပ်ဖို့ ဒုက္ခရှာချင်သလဲ။ အတူတူပဲ မဟုတ်ဘူးလား။ ဒါတွေက ရှေးကွပ်ထားတာမဟုတ်။ ဘယ်အတွက် စိတ်အလုပ်များရပါသနည်း။ ယူဖို့ကားမခက်၊ ကျွေးဖို့ကား ခက်သည်။ ဘယ်အတွက် ဝန်လေးခံချင်ပါသနည်း။ သောက်လေ သောက်လေ–ငတ်မပြေဆိုသည့် ပင်လယ်ရေပမာ ဝမ်းကျုံနာ ဖြစ်ချင်သလား" စသည်ဖြင့် မိမိကိုယ်ကို တရားနှင့် ဖြေလေသည်။

ထိုကဲ့သို့ ဖောက်ပြန်သော စိတ်သည် အချစ်စစ် မဟုတ်။ သေချာစွာ စစ်လိုက်သောအခါ ကာမဂုဏ်စိတ်သက်သက်ဖြစ်ကြောင်း သိရလေသည်။ အကြောင်းမူကား ငြီးသောချစ်သူ မယားအပေါ်၌ အချစ်စိတ်ရှိသမျှကို အကုန်အစင်သွန်ကာ မှောက်

www.burmeseclassic.com

www.burmeseclassic.com



ကာ ကောင်းခဲ့ပြီးဖြစ်လေရာ၊ ယခုတစ်ဖန် ရုပ်ရုံကို မြင်ရတတ်ခြင်းဟာ အချစ်ပဲလားဟု စေ့စေ့စစ်ဆေး မိမိကိုယ်ကို မေးလိုက်သေအခါ အချစ်မဟုတ်၊ ကာမစိတ်သက်သက် ဖြစ်ကြောင်း သိရလေသည်။

သို့ဖြစ်လေရာ အသည်းစွဲအောင် ချစ်သူရှိပါလျက် မချစ်ဘဲ မက်ခြင်းသည် ယုတ်မာဆိုးသွမ်းသော မက်ခြင်းသာ ဖြစ်ရာ၏။ နောက်ငြိုးငွေ့လျှင် ပို၍ ဆိုးရွားခြိမ့်မည်ဟူ၍ မည်သူမဆို မိမိကိုယ်ကို တရားချအပ်ကြလေသည်။

ဤအခန်းကား မိန်းမစိတ်ကျမ်း၌ ယောကျ်ားစိတ်ကို သည့် သွင်းခြင်းဖြစ်ရာ အိမ်ထောင်ရေး၏ သုခအတွက် မလွဲသာ၍ ထည့်သွင်းရခြင်း ဖြစ်လေသည်။

ထိုကဲ့သို့ ငြီးငွေ့ဖောက်ပြန်ချင်သည့်အခါ ဥရောပတိုင်းသူများ၏ နည်းလမ်းကို မိန်းမအား သင်ပေးရမည်။ ထိုနည်းလမ်းသည်ကား မိမိကိုယ်ကို အမြဲလှအောင် ပြုပြင်တတ်ခြင်း၊ သန့်ရှင်းခြင်း၊ အနေအထိုင် ကျစ်လျစ်ခြင်းတို့ပင် ဖြစ်လေသည်။

အင်္ဂလိပ်ကပြားလူမျိုး၊ မဟာမေဒင်၊ ဇေဒဘာဒီ လူမျိုးများသည် မိန်းမများအတွက် **အဝတ်အမျိုးမျိုးကို**ပေးကြ၏။ ကုလားလိုတစ်လှည့်၊ ပါရစီလိုတစ်လှည့်၊ အင်္ဂလိပ်လိုတစ်လှည့်၊ မြန်မာလို တစ်လှည့်၊ ပသျှူးလိုဝတ်သော မဟာမေဒင် အမျိုးသမီးများပင် ရှိကြလေသည်။



ယောကျ်ားများသည် လူမျိုးကွဲမိန်းမများကို တပ်မက်လေ့ရှိကြသည်ဟူသော စကားရှိသည်မှာ ဤအတိုင်းဆိုလျှင် မှန်၍နေလေသည်။

ပေါင်းသင်းရာ၌ များစွာသော ယောကျ်ား၊ မိန်းမတို့သည် အခြားကိုစိတ်ရောက်သည်ဟုအင်္ဂလိပ်ကျမ်းဂန်များမှာတွေ့ရသည်။

သို့သော်လည်း ထိုအလေ့သည် လွန်စွာ ဆိုးသွမ်းသောအလေ့ဖြစ်သည်။ အကြင်လင်မယားအပေါ်၌ အချစ်ကို ပေါ့သည်ထက်ပေါ့အောင် လုပ်သောနည်းဖြစ်လေရာ ဤစိတ်ကို အလိုမလိုက်ကောင်းပေ။

မိန်းမများမှာ ထိုစိတ်မျိုးသည် ယောကျ်ားများမှာထက် မနည်းပေ။ သို့ဖြစ်သောကြောင့် ဥရောပတိုင်းသားများ၏ သားသည် ကပ္ပလီကလေးဖြစ်နိုင်သည်။

ထိုကဲ့သို့ စိတ်ကိုဖောက်ပြန်ခွင့်မပေးဘဲ “အခု ငါနှင့်ပေါင်းသင်း၍ နေသူသည် ငါ့မယား၊ ငါ၏ မိန်းမဖြစ်၏။ ယခုတွေ့၍နေသောအရာသည် သာမန်မဟုတ်။ လောက၌ အကောင်းဆုံးဖြစ်သော လောကဓာတ်၏ အသက်ကိုဖြစ်စေသည့် ငါ့မယား၏ကိုယ်အင်္ဂါဖြစ်၏။ ဤအထူးမြတ်ဆုံးသော အတွေ့ကြီးမျိုးသည် လူသတ္တဝါမှန်သမျှ အခါခပ်သိမ်း လွယ်ကူစွာတွေ့ရသော အရာမဟုတ်။ အလွန်တရာမှ အဖိုးတန်ပါတကား။ ဤအရာအတွက် အသက်ကို စွန့်ကြရပါတကား။ ငါ့မှာ မိန်းမမို့ အလွယ်တကူ ရပါကလား။ ဤအချိန်၊ ဤအခါ၊ ဤကာလအတွင်း ဤအရာကို လိုချင်ရက်လျက် မရရှာသူတွေ ဒုနဲ့ဒေးပါကလား”

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် ကမ္ဘဌာန်းရှုကာ စိတ်၏ မျက်စိဖြင့် သူ၏ ဥစ္စာကလေး ဘယ်လိုဖြစ်နေမှာလဲဟု ထင်အောင် မြင်အောင် အချက်ကျ ရှု၍ သွားလာရမည်။ မိန်းမကလေးလည်း ထိုနည်းမျိုးအတိုင်း ယောကျ်ား အပေါ်၌ အာရုံစိုက်ရမည်။

မိန်းမဖြစ်သူအားလည်း ဤအရာ၌ "မင်း ဘာမှ မရှက်နဲ့၊ မင်းရှက်လို့ စိတ်မပါသလို အသေလိုနေရင် ငါ့စိတ်ဟာ တခြားကို ရောက်လိမ့်မယ်။ သျှတ္တရကျမ်းဆရာများက ဤအရာမျိုး၌ မိန်းမများသည် ပြည့်တန်ဆာလို သဘောထားရမယ်လို့ ပါရှိတယ်။ ဘာမှမရှက်နဲ့၊ ဘာမှမကြောက်နဲ့။ မင်းသဘောကျ မင်း အလိုရှိသလို နေပါ။ သဘောမကျတဲ့ အချက်ကလေးများရှိရင် ပြော" စသည်ဖြင့် ပြောဆိုအားပေးရမည်။ အချုပ်မှာ ယောကျ်ားကသာ အလုပ်သမားမဖြစ်စေရ။ မိန်းမလေးလည်း သဘောရှိ လှုပ်ရှားရမည်။ ဤအရာ၌ မိန်းမများသည် ယောကျ်ားများနည်းတူ ထင်သလို ရမ်းချင်၏။ သို့သော်လည်း ထိုယောကျ်ားက ငါ့ကို အထင်လွဲလိမ့်မည် ဟူသော အတွေးကြောင့် အချို့မှာ အသေကောင်မကြီးများလို နေတတ်လေသည်။

ပြည့်တန်ဆာတို့သည် ပေါင်းသင်းသူ မက်အောင် အမျိုးမျိုးသော အမူအရာကို လုပ်တတ်ကြ၏။ သဘောကျသလို တစ်ချက် တစ်ချက်သာ ညည်းညူတတ်၏။ "အံမယ်လေး–ဟီး"ဟူ၍ပင် ညည်းကာ စုတ်သတ်ကြလေသည်။

ဤအမူအရာများကို မသိသော ငနဲတို့က တကယ်မှတ်ထင်ကာ ပီတိသောမနဿ ဖြစ်ကြလေသည်။ မယားများသည် လင်



ယောကျ်ားအပေါ်၌ ဤနည်းမျိုးကို သုံးတတ်လျှင် ယောကျ်ားများ မစွဲဘဲ နေနိုင်မည် မဟုတ်ပေ။ ယောကျ်ားများက မရှက်နှင့်၊ မကြောက်နှင့်၊ မင်းသဘောကျသလို လုပ်ဟု အားပေး၍ထားလျှင် ကား ထိုအမူအရာများကို ပြရဲကြပေလိမ့်မည်။ လင်မယားမှာ ချစ်ခင်၍ ပေါင်းသင်းကြခြင်းဖြစ်ရာ ယောကျ်ားက အခွင့်ပေးလျှင် ပြဖို့ရန်မခက်၊ ပြချင်ရက်လျက် ချုပ်တည်း၍ထားကြရကြောင်း သိရလေသည်။ ယောကျ်ားက တလွဲထင်မှာစိုးသည့်အတွက်သာ မပြဘဲနေကြကြောင်း သိရလေသည်။

ယောကျ်ားများလည်း ဤနည်းအတိုင်းလုပ်၍ ပေးရလေသည်။ ယောကျ်ားမှာ ခက်ခဲဖို့မရှိပေ။

## နှုတ်မကြိုက်

မြန်မာလူမျိုးတို့၏ အယူတစ်ခုမှာ နေ့အခါ၌ ဤအမှုကို ပြုလျှင် နှုတ်မကြိုက်၊ လာဘ်တိတ်သည်ဟု အယူရှိ၏။ ပြည့်တန်ဆာ အိမ်များမှာ လာဘ်တိတ်သလား။

လင်မယားသည် တစ်ယောက်ကိုတစ်ယောက် ချစ်ဖို့၊ အချစ်မြဲ ဖို့၊ အခြားကို စိတ်မပျံ့လွင့်ဖို့ရန် နည်းလမ်းရှိသမျှကို အသုံး ပြုခွင့်ရှိ၏။ မိန်းမမှာ ကာမဒီရေတက်သည့်အခါများ၌ "နေ့ လေး၊ ည ခြောက်၊ ထမင်းစားပြီး တစ်"ဟူသော စကားအတိုင်း ကျင့်နိုင်လေ၊ မြတ်လေ၊ ကောင်းလေ အချစ်မြဲလေ ဖြစ်၏။

ထိုကဲ့သို့ ဒီတက်သည့်အခါများ၌ နေ့လယ်အခါ အိမ်ကို ဘလုံပိတ်၊ ကလေးတွေကို ပိုက်ဆံတစ်မတ်ပေးပြီး ရုပ်ရှင်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လွှတ်၊ ဧည့်သည်များ မလာစေရ။ အိမ်မှာ လူမရှိဟု တံခါးမှာ စာတပ်၍ထား။ လောကမှာ အဘယ်အတွက် အိမ်ထောင်ပြုကြပါသနည်း။ ကလေးလိုချင်သောကြောင့်မဟုတ်။ ဒါအတွက် အိမ်ထောင်ပြုခြင်းဖြစ်ရာ "သိသာသိစေ မမြင်စေနှင့်"ဟူသော စကားသည် ဤအရာအတွက် ဖြစ်လေသည်။

ထိုကဲ့သို့ ကျေနပ်အောင် ပေါင်းသင်းသော ယောကျ်ားနှင့်တွေ့ရသော မိန်းမများမှာ အထက်၌ဖော်ပြခဲ့သော ငြိုငြင်စိတ်တွေ ဖြစ်ပေါ်မည် မဟုတ်ပေ။

ပီ–မိုးနှင်း

www.burmeseclassic.com